ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့ (2-4-2013) (၇၄၄၃)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီတရားဝင်ချစ်ကြည်ရေးခရီးသွားရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ကျွန်း ဘိုအောင်းမြို့တွင်ကျင်းပမည့် ၂၀၁၃ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲသို့လည်း တစ်ဆက်တည်းတက်ရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတနှင့် ဇနီးတို့အား ဂုဏ်ပြုကြိုဆို

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းတို့အား နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်လူငယ်မောင်မယ်များက နှစ်နိုင်ငံ အလံငယ်များ ဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့် ဇနီးတို့အား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥပစာ မြက်ခင်းပြင်၌ ကျင်းပသည်။

ညွှန့်သည်တော် စင်ကာပူသမ္မတနိုင်ငံသမ္မတနှင့် ဇနီးတို့သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့တက်ရောက်ရန် နိုင်ငံတော်သမ္မတအိမ်တော်သို့ မော်တော်ယာဉ်များဖြင့်ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် စင်ကာပူသမ္မတနိုင်ငံ သမ္မတတို့သည် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။ ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက စင်ကာပူသမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် စင်ကာပူသမ္မတနိုင်ငံသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား စင်ကာပူသမ္မတနိုင်ငံသမ္မတက ၎င်းနှင့် အတူလိုက်ပါလာသည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွန့်၊ ဦးတင်နိုင်သိန်း၊ ဒေါက်တာကံဇော်၊ ဦးကျော်လွင်၊ ဦးငြေးအောင်နှင့် စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ

စာမျက်နှာ ၈ ကော်လံ ၄ သို့ ❍

ယနေ့ မာတိကာ

မြောက်ကိုရီးယား၏ ရန်စမှုများကို စစ်ရေးနည်းလမ်းဖြင့်တုံ့ပြန်ရန် တောင်ကိုရီးယားသမ္မတအမိန့်ထုတ်ပြန် — စာမျက်နှာ - ၄

အမေရိကန်၌ ကား ၇၅ စီး အစုအပြုံလိုက်တိုက်မှုဖြစ် — စာမျက်နှာ - ၄

ဘက်စုံထူးချွန် လူရည်ချွန် — စာမျက်နှာ - ၁၀

မန်ယူအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် မာတင်အိုနေးလ်ကို ဆန်းဒါးလန်းထုတ်ပယ် — စာမျက်နှာ - ၁၃

၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်ကျောင်းသားကျောင်းသူများ ဘက်စုံထူးချွန်အပန်းဖြေစခန်းများဖွင့်

ပုသိမ် ဧပြီ ၁

ပညာရေးဝန်ကြီးဌာန ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင် ကျောင်းသား ကျောင်းသူလေးများ ဘက်စုံထူးချွန် အပန်းဖြေ ပုလဲငွေဆောင်စခန်းဖွင့်လှစ်ပွဲကို ဧပြီ ၁ ရက် နံနက် ၉ နာရီခန့်က ငွေဆောင်မြို့နယ်ခွဲ ပုလဲငွေဆောင်စခန်း၌ ကျင်းပသည်။ အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ဘက်စုံထူးချွန် အပန်းဖြေစခန်းဖွင့်ပွဲ အမှာစကား ပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်က လှိုက်လှဲပျူငှာစွာ နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူနှင့်အတူ ဘက်စုံထူးချွန်တံဆိပ်များ ချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ဘက်စုံထူးချွန် အပန်းဖြေစခန်း စခန်းမှူးက ဖွင့်ပွဲအမှတ်တရ မော်ကွန်းတံဆိပ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူထံ ပေးအပ်သည်။ ထို့နောက် ဘက်စုံထူးချွန်မောင်မယ်များကိုယ်စား ထူးချွန်လူငယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ပုသိမ်မြို့ပေါ်ရှိ အခြေခံပညာ အမက (၁၀)၊ အမက (၂၀)၊ အမက(၂၄)မှ ကျောင်းသား ကျောင်းသူလေးများက တေးသရုပ်ဖော်ဖြေဖျော်ခြင်း၊ ဇာတိမာန်တေးသီချင်းများဖြင့် ဂုဏ်ပြုညှော်ခံ၍ အခမ်းအနားကို အောင်မြင်စွာဖွင့်လှစ်ကြောင်း သိရှိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်၊ မြန်မာနိုင်ငံစာစစ်ဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်နှင့်

စာမျက်နှာ ၈ ကော်လံ ၂ သို့ ❑

မိုက်ကယ်လန်းပွဲထက် စိုးသူဖျော်ဖြေပွဲ ပရိသတ်ပိုများ

သတင်း
ထက်ခိုင်
ဓာတ်ပုံ-မိုးသူဇာစိုး

ရန်ကုန် ဧပြီ ၁

Michael Learns to Rock အဖွဲ့ဖျော်ဖြေပွဲထက် စိုးသူဖျော်ဖြေပွဲက ပရိသတ်ပိုများနေကြောင်း သိရှိရသည်။

အဆိုပါဖျော်ဖြေပွဲများမှာ မတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် တစ်ရက်စီသာ ကျင်းပခဲ့သော်လည်း ပရိသတ်ကြည့်ရှုမှုကွာခြားခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာပြည်သူပရိသတ်များနှင့် ဆယ်စုနှစ်တစ်ခုကျော်လောက် ဝေးကွာခဲ့သော စိုးသူ၏ဖျော်ဖြေမှုကို မတ် ၃၀ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ရှိ မိုင်ဒါကွင်း၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်ဖျော်ဖြေသော ဒိန်းမတ်အခြေစိုက် ကမ္ဘာကျော်ပေ့ါပ်တေးဂီတအဖွဲ့ "Michael Learns to Rock" ဖျော်ဖြေပွဲ**(ဝဲပုံ)**ကို မတ် ၃၁ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပခဲ့သည်။

"မိုက်ကယ်လန်းပွဲကို ကြည့်ချင်ပေမယ့်လက်မှတ်ခကများနေတော့ မကြည့်ဖြစ်တော့ဘူး၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ကြေးမုံစာတည်းရှုထောင့် ၂-၄-၂၀၁၃၊ အင်္ဂါနေ့

အတိုင်းထက်အလွန်

မျက်မှောက်ကာလ ဝန်ထမ်းအများစုအနေဖြင့် လက်ကိုင်ဖုန်းနှင့် ဝန်ထမ်းလစာ အိပ်မက်တို့ကို မက်ခဲ့ကြမည်ဖြစ်သည်။ ထိုသို့မက်ခဲ့ကြသည့် အတိုင်းလည်း ဝန်ထမ်းများ၏ အိပ်မက်ဆန္ဒများမှာ ယခုအခါ ပြည့်ဝခဲ့ပြီဟု ဆိုချင်ပါသည်။

အိမ်ပိုင်ရာပိုင် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လက်ကိုင်ဖုန်းများကိုဖြင့် ဝန်ထမ်းအများစု ကိုင်ဆောင်နိုင်ကြသည်။ ဝန်ထမ်းများသာမက အများပြည်သူ လူတန်းစားမရွေး လက်ကိုင်ဖုန်းများကို ကိုင်ဆောင်အသုံးပြုနေပြီ ဖြစ်ပါသည်။

လက်တွေ့တွင် လက်ကိုင်ဖုန်းများကို အမှန်တကယ် လွယ်လင့်တကူ ဈေးချိုချိုဖြင့် ကိုင်ဆောင်နိုင်ပြီဖြစ်၍ အားလုံးက သာဓုခေါ်ဆိုကြမည်သာ ဖြစ်သည်။ ယခုတစ်ဖန် နိုင်ငံတော်သမ္မတကြီးက ရေဒီယို အစီအစဉ်မှတစ်ဆင့် မိဘပြည်သူများသို့ မိန့်ခွန်းပြောကြားခဲ့ရာတွင် အများပြည်သူ မျှော်လင့်စောင့်စားနေသည့် မိုဘိုင်းတယ်လီဖုန်းဆင်းမ်ကတ်များကို အသက်သာဆုံးကျပ်ငွေနှုန်းထားဖြင့် ရောင်းချပေးသွားမည်ဟု ကတိပေးပြောကြားခဲ့ရာ ပြည်သူများအတွက် အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကားဟု ဆိုချင်ပါသည်။

လက်ရှိမြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းသုံးစွဲသူ အရေအတွက်မှာ နိုင်ငံလူဦးရေ၏ ငါးရာခိုင်နှုန်း သုံးစွဲနေပြီဖြစ်ပါသည်။ မိုဘိုင်းဖုန်းစီမံကိန်းများကို နှစ်အလိုက် အဆင့်ဆင့် ဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၅ ခုနှစ်အရောက်တွင် ဖုန်းအရေအတွက် သန်း ၃၀ ထိ သုံးစွဲနိုင်အောင် စီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုအခါ နိုင်ငံလူဦးရေ သန်း ၆၀ အတွက် လူနှစ်ဦးလျှင် မိုဘိုင်းဖုန်း တစ်လုံးနှုန်းသုံးစွဲနိုင်ကြမည်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများတွင်မူ မိုဘိုင်းဖုန်းများကို နိုင်ငံ၏ လူဦးရေထက်ကျော်လွန်ကာ ဈေးနှုန်းချိုချိုဖြင့် စိတ်ကြိုက် သုံးစွဲနိုင်ကြသည်ကို တွေ့ရသည်။

ပြုပြင်ပြောင်းလဲမှုကို ဖော်ဆောင်နေသော ယနေ့အချိန်ကာလတွင် နိုင်ငံတော်က ပြည်သူများအပေါ် ထားရှိသော ကြီးမားသော စေတနာများကြောင့် တိုတောင်းလှသည့် နှစ်နှစ်တာကာလအတွင်း ထိုမျှအရေအတွက်နှင့် ထိုမျှချိုသာသောဈေးနှုန်းဖြင့် ဖော်ဆောင်ပေးလျက်ရှိသည့်အပြင် ငါးနှစ်တာကာလအတွင်းမှာပင် လူနှစ်ဦးတစ်လုံးကျ ကိုင်ဆောင်နိုင်မည်ဖြစ်၍ ကြိုဆိုဝမ်းမြောက်ကြရမည်သာဖြစ်သည်။

နိုင်ငံတော်က ထားရှိသော အစီအမံများမှာလည်း ထူးကဲကောင်းမွန်လှသည်။ မိုဘိုင်းဖုန်းဆင်းမ်ကတ်များကို ဈေးနှုန်းချိုချိုသာသာနှင့် လွယ်လင့်တကူ ဝယ်ယူအသုံးပြုနိုင်ရန်အတွက် တည်ဆောက်ပြီးဖြစ်သည့် အခြေခံအဆောက်အအုံ၊ တပ်ဆင်ထားသည့် လိုင်းအင်အားနှင့် ဝင်ဆံ့သည့် မိုဘိုင်းတယ်လီဖုန်းအရေအတွက်ကို တွက်ချက်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် မျှမျှတတဖြန့်ခွဲပေးသွားမည်ဟု ဆိုထားပေသည်။

မြို့ပေါ်၊ ရပ်ကွက်နှင့် ကျေးလက်များပါမကျန် ဆက်သွယ်ရေးစနစ် တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ချက်ဖြင့် ဆက်သွယ်ရေး အဆောက်အအုံများနှင့် တယ်လီဖုန်းလိုင်းများကို ပြည်တွင်းပြည်ပ ကုမ္ပဏီများဖြင့် လစဉ်တိုးချဲ့တည်ဆောက်သွားပြီး ဆင်းမ်ကတ်များကို လစဉ်မှန်မှန် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကြမည်သာဖြစ်သည်။

ထို့ကြောင့် တစ်ချိန်က သို့လောသို့လောဖြင့် ပုံပြင်ထဲက ကြိုးတန်းပေါ်က မင်းသမီးလေးကဲ့သို့မဟုတ်ဘဲ ဆက်သွယ်ရေးဇာတ်စင်တွင် အမှန်တကယ် ကပြဖျော်ဖြေ အသုံးတော်ခံတင်ဆက်တော့မည့် ဆက်သွယ်ရေး မင်းသမီးလေးဟု ဆိုချင်ပါသည်။

တစ်ခေတ်ဆန်းသစ်လာမည့် ဆက်သွယ်ရေးကဏ္ဍသစ်သည် ပြည်သူများအတွက် အိပ်မက်မဟုတ်သည့် တကယ့်လက်တွေ့ မျှော်လင့်ချက်များဖြစ်ပါသည်။ ။

မသန်သော်လည်း စွမ်းပေ၏

ရန်ကုန် ဧပြီ ၁

မတ် ၂၉ ရက်မှ ၃၁ ရက်အထိ ထပ်မံပြသခဲ့သော Yangon ICT Fair 2013 ၌ ပြပွဲလာမိဘပြည်သူများဖြင့် စည်ကားလျက်ရှိရာတွင် ပြပွဲလာပရိသတ်များကြားမှ ထူးထူးခြားခြား ဝှီးချဲသုံးဘီးတစ်စီးတွေ့မိ၍ အပြေးအလွှား အနီးကပ်လေ့လာကြည့်ရာ မသန်စွမ်းသူ တစ်ယောက်ဖြစ်သော မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင် ရေကူးချန်ပီယံ ကိုရှုတီ အားတွေ့ရလေသည်။ **(အောက်ပုံ)**

ပြပွဲအတွင်း အားဆေးလာဝယ်သော ကိုရှုတီမှာ အသက် သုံးနှစ်ခွဲအရွယ်၌ ဆရာဝန်၏ ဆေးထိုးမှားယွင်းမှုကြောင့် ခြေထောက်မသန်ဖြစ်ခဲ့ရပြီး ငယ်ရွယ်စဉ်ဘဝမှစ၍ ယခုအသက် (၄၉)နှစ်ထိ ဘဝကို အနိုင်မခံ၊ အရှုံးမပေးခဲ့သော မြန်မာကိုကမ္ဘာကသိအောင် စံချိန်တင်ခဲ့သည့်သူတစ်ဦးလည်းဖြစ်သည်။ ကိုရှုတီအား မေးမြန်းကြည့်ရာတွင် ၁၉၉၅ ခုနှစ်တွင် ရေကူးအားကစားသမားဘဝသို့ စတင်ချဉ်းကပ်ခဲ့ပြီး လေးနှစ်အကြာ ၁၉၉၉ ခုနှစ်၌ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ရေကူးပြိုင်ပွဲ၌ ကြေးတံဆိပ်ကို ဆွတ်ခူးရရှိခဲ့ကာ ယခုအချိန်ထိ နှစ်စဉ်ကျင်းပလေ့ရှိသော ပြည်တွင်းရေကူးပြိုင်ပွဲများ၌လည်း နှစ်စဉ် ယှဉ်ပြိုင်လေ့ရှိကြောင်း သိရသည်။

“အခုအိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစပြီး နောက်နှစ် ဇန်နဝါရီ ၁၄ ရက် အထိ အမျိုးသားရေကူးကန်မှာ ကျွန်တော်တို့ကို ကန့်သွင်းလေ့ကျင့်ပေးနေတယ်လေ။ ကျွန်တော်တို့ ရေကူးအဖွဲ့က ၁ လပိုင်း ၁၄ ရက်မှာ စပြိုင်ရမှာပါ” ဟု ကိုရှုတီက ဆိုသည်။

ဘဝပေး အခြေအနေကြောင့် စိတ်အားငယ်မှုမရှိဘဲ ရောက်ရာအရပ်တွင် ပစ်လိုက်တိုင်းထောင်သည့် ပစ်တိုင်းထောင်ကဲ့သို့ ဖြစ်နေသော ကိုရှုတီသည် အိမ်ထောင်ရှိပြီး(၁၂)နှစ်အရွယ်သမီးတစ်ဦးရှိကာ အိမ်တွင်း စက်မှု၊ လက်မှုလုပ်ငန်းဖြစ်သော အမျိုးသား အမျိုးသမီးဝတ်အပ်ချုပ်ဆိုင်ကို အမှတ်(၂၀၂) ဇလွှာ(ဝဲ)ဘက်(၁၃)လမ်းနှင့် ဘုန်းကြီးလမ်းကြား အနော်ရထာလမ်း လမ်းမတော်မြို့နယ်တွင် ဖွင့်လှစ်ထားကြောင်းသိရပြီး မသန်သော်လည်း စွမ်းပေ၏နှင့် အညီ နောင်လာနောက်သား လူငယ်များအတွက် စံနမူနာယူထိုက်သင့်ကြောင်း အများပြည်သူသိရှိနိုင်ရေး ဖော်ပြအပ်ပါသည်။ **(စိုးဝင်း-MLA)**

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

❖ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။

❖ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။

❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ရွှေပြည်သာမြို့နယ်၌ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူ

ရန်ကုန် ဧပြီ ၁

စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမည့် မြို့နယ်ပေါင်း ၂၀ တွင် ပါဝင်သော ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၀)ရပ်ကွက်နှင့် လမ်းမတော်မြို့နယ် အမှတ်(၅) ရပ်ကွက်တို့တွင် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အတွင်း စမ်းသပ်သန်းခေါင်စာရင်း စတင်ကောက်ယူနေကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း အမှတ်(၂၃-၂၅)မြေညီထပ်တွင် ၂၀၁၃ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းဖွင့်ပွဲနှင့် ဆောင်ပုဒ်ဖြစ်သော “ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့” ဆိုင်းဘုတ်စက်ခလုတ်နှိပ်ဖွင့်ပွဲအခမ်းအနားကို မတ် ၃၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

လမ်းမတော်မြို့နယ်အမှတ် (၅) ရပ်ကွက်တွင် အဆောက်အအုံ ၂၆၀ ဝန်းကျင်၊ အိမ်ထောင်စုဦးရေ ၇၀၀ ဝန်းကျင်ရှိရာ စာရင်းကောက်ကွက် ငါးကွက်ခွဲခြားထားကြောင်း၊ ကောက်ကွက်တစ်ကွက်လျှင် စာရင်းကောက်ပညာရေးဝန်ထမ်း တစ်ဦးစီဖြင့် ကောက်ယူမည်ဖြစ်ရာ အဆောက်အအုံများတွင် ကောက်ကွက်အလိုက် သင်္ကေတ ဂဏန်းနံပါတ်များကို အရောင်ခွဲခြားပြီး လိုက်လံကပ်ထားကြောင်း၊ မတ် ၃၀ ရက် နံနက်ပိုင်းမှစ၍ စမ်းသပ်သန်းခေါင်စာရင်း စတင်ကောက်ယူနေကြောင်း သိရသည်။

၂၀၁၂ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေရှုံ့ သန်းခေါင်စာရင်းကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာ ကိစ္စမှတစ်ပါး အခြားမည်သည့် မှုခင်းအတွက်မျှ အသုံးမပြုကြောင်း၊ စစ်ဆေးခြင်းမပြုကြောင်းပါရှိရာ အိမ်ထောင်စုဝင် ရပ်ကွက်ပြည်သူများအနေဖြင့် စာရင်းကောက်မှ မေးမြန်းသော မေးခွန်းများကို မှန်ကန်ပြည့်စုံစွာ ဖြေဆိုပေးခြင်းဖြင့် သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းတွင် အားပေးကြပါရန် မတ် ၂၉ ရက် ညဥ့်သန်းခေါင်ယံအချိန် မိမိတို့နေအိမ်တွင်ရှိနေသော လူများ၏ စာရင်းကို ကောက်ယူမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူသည့် ရည်ရွယ်ချက်မှာ နိုင်ငံတော်၏ လူမှုရေး၊စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များကို ရရှိရန် ဖြစ်ကြောင်း သိရသည်။ **(မောင်စေအောင်)**

Air KBZ လေကြောင်းလိုင်းမှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဧပြီ ၁

Air KBZ လေကြောင်းလိုင်း၏ လေယာဉ်စတင်ပျံသန်းခြင်း (၂)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မွန်မြတ်သောသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ရွှေတိဂုံဘုရားလမ်းရှိ အမျိုးသားသွေးလှူဘဏ်တွင် ကျင်းပသည်။

အခမ်းအနားတွင် Air KBZ Ltd. မှ CEO ဦးဥက္ကာထွန်းနှင့် အမျိုးသားသွေးလှူဘဏ်တာဝန်ခံ ဒေါက်တာဒေါ်သီတာအောင်တို့က အမှာစကားပြောကြားသည်။ ယင်းနောက် Air KBZ မှ လေယာဉ်မောင် လေယာဉ်မယ်များနှင့် ဝန်ထမ်း ၇၀ တို့က စုပေါင်းသွေးလှူဒါန်းကြသည်။ **(ကြေးမုံ)**

တောင်သူလယ်သမားများအား ကာကွယ်စောင့်ရှောက်သည့်ဥပဒေရေးဆွဲပြုစုရေး တွေ့ဆုံညှိနှိုင်းစည်းဝေး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော်　ဧပြီ　၁

တောင်သူလယ်သမားများအား ကာကွယ်စောင့်ရှောက်သည့် ဥပဒေရေးဆွဲပြုစုရေးတွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးနိုင်၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ဦး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ၊ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ၊ စီးပွားရေးပညာရှင်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေပြည်သူများ၊ တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး စားဝတ်နေရေးအဆင်ပြေစေရန်အတွက် တောင်သူလယ်သမားများအား ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရေးဆွဲပြုစုနိုင်ရန် တွေ့ဆုံညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးဖြစ်ပါကြောင်း။

သို့ပါ၍ တောင်သူလယ်သမားများနှင့် အလုပ်သမားများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ တောင်သူလယ်သမားများ အရည်အသွေးကောင်းမွန်သော သီးနှံများအား ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ အရင်းအနှီးနှင့် နည်းပညာများရရှိရေး၊ သီးနှံများအား ထိုက်သင့်သော ဈေးနှုန်းဖြင့်ရောင်းချနိုင်မည့် ဈေးကွက်ပေါ်ထွန်းရေးအတွက် ဥပဒေတစ်ရပ်ကို ရေးဆွဲနိုင်ရန် လွှတ်တော်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာအသင်းချုပ်များမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ လွှတ်တော်ကော်မတီများ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိသူများ၊ ပညာရှင်များက မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများ၊ နိုင်ငံတကာ အတွေ့အကြုံများကို ပေါင်းစပ်ပြီး ဘက်ပေါင်းစုံမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အသင်းချုပ်ဥက္ကဋ္ဌများ၊ စီးပွားရေးပညာရှင်များ၊ တောင်သူလယ်သမားများက တောင်သူလယ်သမားများအား ကာကွယ်စောင့်ရှောက်သည့်ဥပဒေ ရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် ၎င်းတို့၏ ပြည်တွင်းပြည်ပ လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများကို အသီးသီးဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြောကြားကာ ဆင်းရဲပြီးအခက်အခဲများနှင့် ရင်ဆိုင်နေရသည့် တောင်သူလယ်သမားများအတွက် တောင်သူလယ်သမားများအား ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို အမြန်ဆုံးရေးဆွဲပြုစုနိုင်ရေးဆောင်ရွက်ကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မန္တလေးကုန်စည်ဈေးနှုန်း

မန္တလေး　ဧပြီ　၁

ရွှေဈေးနှုန်း

အခေါက်ရွှေ (အဆင့်-၁) ၇၄၀၀၀၀ ကျပ်၊ အခေါက်ရွှေ(အဆင့်-၂)၇၃၈၀၀၀ ကျပ်၊ ရွှေဒင်္ဂါး(ရွှေရည်မီ)၆၆၄၀၀၀ ကျပ်၊ ကမ္ဘာ့ရွှေဈေး (တစ်အောင်စ) ၁၅၉၄ ဒသမ ၂၀ ကန်ဒေါ်လာ။

ဆန်ဈေးနှုန်း

ပေါ်ဆန်းမွှေး(သစ်)၂၂၀၀၀/၂၅၀၀၀ ကျပ်၊ ဘေးကျား ကျပ် ၂၆၀၀၀/၂၈၀၀၀ ၊ ရွှေဘိုမနော်(သစ်) ကျပ်၂၇၀၀၀/၂၉၀၀၀၊ ရွှေဘိုမနော်(ဟောင်း) ကျပ် ၃၂၀၀၀/၃၄၀၀၀ ၊ မဂျမ်းတော ကျပ် ၂၈၀၀၀/၃၀၀၀၀ ၊ စောရှုပ်(ဟောင်း) ကျပ် ၂၅၀၀၀/ ၂၆၀၀၀၊ စောရှုပ်(သစ်) ကျပ် ၁၉၀၀၀/၂၂၀၀၀၊ ပေါ်ကျွဲ(ဟောင်း) ကျပ် ၂၃၀၀၀၊ ပေါ်ကျွဲ(သစ်) ကျပ် ၁၈၀၀၀၊ ဇီယာ(ဟောင်း) ကျပ် ၂၂၀၀၀/၂၄၀၀၀၊ ဇီယာ(သစ်) ကျပ် ၁၈၀၀၀/၂၀၀၀၀။

ဆီနှင့် ဆီထွက်သီးနှံဈေးနှုန်း

ပဲဆီ ၃၃၀၀/၄၀၀၀ ကျပ်၊ နှမ်းဆီ ၄၀၀၀/၄၁၀၀ ကျပ်၊ ပန်းနှမ်းဆီ ၂၈၀၀/၂၉၀၀ ကျပ်၊ နေကြာဆီ ၂၉၀၀/၃၀၀၀ ကျပ်၊ မုန်ညင်းဆီ ၂၅၀၀ ကျပ်၊ ပဲပုပ်ဆီ ၁၈၅၀ ကျပ်၊ ဝါစေ့ဆီ ၁၇၀၀ ကျပ်၊ စားအုန်းဆီ ၁၅၆၀/၁၅၇၀ ကျပ်၊ ကြက်ဆူဆီ ၃၃၅၀၀/၃၄၀၀၀ ကျပ်။

ပဲဈေးနှုန်း

ကုလားပဲဝါ(ထိပ်)သစ် ၄၉၅၀၀ ကျပ်၊ ကုလားပဲဝါ(လတ်) ၄၉၀၀၀ ကျပ်၊ ထိုင်ဝမ် ၅၁၅၀၀/၅၂၀၀၀ ကျပ်၊ ကုလားပဲဖြူ လုံးကြီး ၅၂၀၀၀/၅၂၅၀၀ ကျပ်၊ ပဲစင်းငုံ(နီ-သစ်)၆၁၀/၆၂၀၀၀ ကျပ်၊ ပဲတီစိမ်း(ကြီး)၅၈၅/၅၉၅၀၀ ကျပ်၊ ပဲကြီး(သစ်) ၇၉၀/၈၀၀၀၀ ကျပ်၊ ပဲသေး ၆၀၀၀၀/၆၁၀၀၀ ကျပ်၊ နိုင်လွန်ပဲ ၆၈၀၀၀ ကျပ်၊ မတ်ပဲ ၄၂၀၀၀/၄၈၀၀၀ ကျပ်၊ မြေထောက်ပဲ ၈၄၀၀၀/၈၅၀၀၀ ကျပ်၊ ပဲရာဇာ ၂၆၅၀၀/၂၇၅၀၀ ကျပ်၊ စွန်တာပြာ(သစ်) ၄၁၅၀၀/၄၂၀၀၀ ကျပ်၊ ပဲနီပြား(သစ်)၄၈၀၀၀/၅၂၀၀၀ ကျပ်။ **(၀၀၂)**

● **ကျောဖုံးမှ**

ဖြေရှင်းဆောင်ရွက်နိုင်ရေး၊ မိုင်းရှင်းလင်းရေး၊ လူမှုရေးစသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတကာ၏ကူညီပံ့ပိုးမှုများဖြင့် လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေး၊ နှစ်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးလုပ်ငန်းများတွင် Corporate Social Responsibility အမြင်များဖြင့် ပူးပေါင်းအကောင်အထည်ဖော်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားသတင်းဌာနရုံးခွဲများ ဖွင့်လှစ်ခွင့်ပြု

နေပြည်တော်　ဧပြီ　၁

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဦးဆောင်သည့် အစိုးရအဖွဲ့ တာဝန်ယူပြီးနောက် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာနယ်ဇင်းများ၏အခန်းကဏ္ဍကို အလေးထားသည့်အတွက် ပြည်တွင်းမီဒီယာများအနေဖြင့် သတင်းများ လွတ်လပ်စွာ ရေးသားဖော်ပြနိုင်ခဲ့သကဲ့သို့ ပြည်ပသတင်းဌာနများကိုလည်း နိုင်ငံအတွင်းလာရောက်ခွင့်ပြုပြီး သတင်းများလွတ်လပ်စွာ ရယူခွင့်ပေးလျက်ရှိသည်။

ယခုအခါ ပြည်ပမီဒီယာများအား နိုင်ငံအတွင်း အခြေချနေထိုင်၍ သတင်းများရယူနိုင်ရန်အတွက် ဂျပန်နိုင်ငံအခြေစိုက် NHK သတင်းဌာနနှင့် အမေရိကန်နိုင်ငံအခြေစိုက် AP သတင်းဌာနတို့ကို မြန်မာနိုင်ငံ (ရန်ကုန်မြို့)တွင် ဧပြီ ၁ ရက်မှစတင်၍ သတင်းဌာနရုံးခွဲများ ဖွင့်လှစ်ခွင့်ပြုလိုက်ကြောင်း သိရသည်။

အလားတူ သတင်းဌာနရုံးခွဲဖွင့်လှစ်ရန် လျှောက်ထားလာသော Kyodo News သတင်းဌာနကိုလည်း စိစစ်လျက်ရှိပြီး မကြာမီဖွင့်လှစ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ထပ်မံလျှောက်ထားလာမည့် သတင်းဌာနများကိုလည်း စိစစ်ပြီး ဖွင့်လှစ်ခွင့်ပြုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂-၄-၂၀၁၃ (အင်္ဂါနေ့)

၅း၄၀	"နွေဦးဆောင်းနှောင်းလတပေါင်း" တရားတော် (အပိုင်း-၂) (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၁၁း၀၀	သွားမယ် စားမယ် (LE NACHA Restaurant)
၄း၅၀	MRTV-4 မြန်မာ့ရိုးရာသကြံန်
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်"(အပိုင်း-၂၃)
၇း၀၅	မြန်မာရုပ်သံဇာတ်လမ်းတွဲ "The Sign of Love" (Season-3) အချစ်သင်္ကေတ (အပိုင်း-၁၂)
၈း၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၆၇)
၉း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းမှပေးစွမ်းသော" (အပိုင်း-၁၅)

☐ **တိုးမြစ်မှ**

ရရှိသည့်ဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး ဦးတင့် (၆၈)နှစ်(ဒေးဒရဲ)မှာ ဝဲဘက်ပေါင်ရိုးကျိုးသွားခဲ့သည်။

ကျေးရွာသူတစ်ဦးက "သုဇာတာရေယာဉ်ကွဲပြီး ကမ်းဘက်မောင်းတင်ပေးလို့ လူတွေအကုန်လုံးဆင်းပြီးမှ သင်္ဘောက ရေဝင်ပြီးမြုပ်သွားတာ၊ ဒီလိုသာမလုပ်ခဲ့ရင် လူအတော်များများ အန္တရာယ်ဖြစ်မှာ"ဟူ၍ ပြောခဲ့သည်။

သတင်းရလျှင်ရချင်း တွံတေးမြို့နယ် ခေတ္တအုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းနှင့် တာဝန်ရှိသူများ ချက်ချင်းသွားရောက်ခဲ့ပြီး ခရီးသည် ၁၀၇ ဦးအား အပြင်ရေကျော် ဘုန်းကြီးကျောင်းတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ လိုအပ်သည့် အကူအညီများပေးကာ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ရေယာဉ်တိုက်မှုအား တွံတေးမြို့ရဲစခန်းမှ ပုဒ်မ ၃၃၈/၂၈၀/၃၀၄(က)ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

ဆီးရီးယားဘက်မှ အမြောက်ကျည် လက်ဘနွန်ကျေးရွာများပေါ်ကျရောက်

ဘေရွတ် မေ ၁

နယ်စပ်ဒေသရှိ လက်ဘနွန်ကျေးရွာများကို ဆီးရီးယားနိုင်ငံအတွင်းမှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ကြောင်း လက်ဘနွန်အစိုးရ သတင်းဌာနက ပြောကြားသည်ဟု တနင်္ဂနွေနေ့ အေပီသတင်းတွင် ဖော်ပြသည်။

မြောက်ပိုင်းနယ်စပ်အနီးရှိ ကျေးရွာလေးရွာပေါ်သို့ အမြောက်ဆန်များ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ ယင်းသို့ ပေါက်ကွဲပြီးနောက် မခံစားနိုင်သော ဆိုးရွားသည့် အနံ့များရရှိသည်ဟု ရွာသားများက ပြောကြားကြောင်း အမျိုးသားသတင်းဌာနက ဖော်ပြသည်။

ယင်းသတင်းဌာနသည် အဆိုပါပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသူ သို့မဟုတ် သေဆုံးသူရှိ မရှိကို ဖော်ပြခြင်းမပြုသကဲ့သို့ ဆီးရီးယားအစိုးရတပ်ဖွဲ့များက ပစ်ခတ်သည်၊ သူပုန်များဘက်က ပစ်ခတ်သည်ဟု ကွဲပြားစွာ ပြောကြားခြင်းမပြုပေ။

ဆီးရီးယားပြည်တွင်းစစ်မှ လက်နက်ကြီးလက်နက်ငယ် ပစ်ခတ်မှုများသည် နယ်စပ်ကိုဖြတ်ကျော်၍ လက်ဘနွန်နိုင်ငံအတွင်းသို့ အကြိမ်ကြိမ်ကျရောက်ခဲ့သည်။ တစ်ခါတစ်ရံ အရပ်သားများသေဆုံးခြင်း၊ ဒဏ်ရာရခြင်းများ ဖြစ်ခဲ့သည်။

ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်ကို သစ္စာခံသော တပ်ဖွဲ့များနှင့် သူပုန်များအကြား ဖြစ်ပွားခဲ့သော စစ်ပွဲများ လက်ဘနွန်နိုင်ငံအတွင်းသို့ ကူးစက်လာမည်ကို စိုးရိမ်လျက်ရှိကြသည်။

အေပီ။

မြောက်ကိုရီးယား၏ရန်စမှုများကို စစ်ရေးနည်းလမ်းဖြင့်တုံ့ပြန်ရန် တောင်ကိုရီးယားသမ္မတ အမိန့်ထုတ်ပြန်

ဆိုးလ် မေ ၁

တောင်ကိုရီးယားသမ္မတ ပါ့ခ်ဂွန်ဟေးသည် မြောက်ကိုရီးယားနိုင်ငံက နိုင်ငံရေးအရဘာမျှစဉ်းစားတွေးခေါ်ခြင်းမရှိဘဲ တမင်တကာ ခြိမ်းခြောက်ရန်စမှုများကို စစ်ရေးနည်းလမ်းဖြင့် ပြင်းပြင်းထန်ထန်တုံ့ပြန်သွားရန် မေ ၁ ရက်တွင် အမိန့်ထုတ်ပြန်လိုက်ပြီဖြစ်သည်။

"နိုင်ငံရေးအရဘာမျှစဉ်းစားတွေးခေါ်ခြင်းမရှိဘဲ မိမိတို့နိုင်ငံနဲ့ လူမျိုးအပေါ်ပြုလုပ်လာတဲ့ ဘယ်လိုခြိမ်းခြောက်ရန်စမှုမျိုးကိုမဆို စစ်တပ်အနေနဲ့ ပြင်းပြင်းထန်ထန်အရေးယူသွားသင့်ပါတယ်" ဟု ပါ့ခ်ဂွန်ဟေးက ကာကွယ်ရေးဝန်ကြီးဌာန၏ နှစ်စဉ်မူဝါဒရေးရာအစီအစဉ်ဆွေးနွေးပွဲတွင် ပြောကြားကြောင်း ယွန်ဟပ်သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ပါ့ခ်ဂွန်ဟေးက မြောက်ကိုရီးယားနိုင်ငံသည် မကြာသေးမီက ဆိုးဆိုးရွားရွားခြိမ်းခြောက်မှုများအနေဖြင့် နှစ်နိုင်ငံမကျူးကျော်ရေးစာချုပ်ပျက်ပြယ်ကြောင်းဖော်ပြခြင်း၊ နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်ခြင်းနှင့် စစ်ရေးခြိမ်းခြောက်မှုများပြုလုပ်ခဲ့သည်ဟု ပြောကြားသည်။

အဆိုပါထုတ်ပြန်ကြေညာချက်မှာ မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနိုင်ငံနှင့် စစ်ဖြစ်သည့် အနေအထားရောက်ပြီဟု ထုတ်ပြန်ကြေညာအပြီး နာရီပိုင်းအကြာတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။ ကိုရီးယားနှစ်နိုင်ငံ၏ တင်းမာမှုအခြေအနေများမှာ မြောက်ကိုရီးယားနိုင်ငံက ဖေဖော်ဝါရီ ၁၂ ရက်တွင် တတိယအကြိမ် နျူကလီးယားစမ်းသပ်ပြီးနောက် ပိုမိုဆိုးရွားလာခဲ့သည်။

ဆင်ဟွာ။

မင်ဒဲလားအတွက် ဆုတောင်းပွဲများ ကျင်းပ

ကိတ်တောင်း မေ ၁

နာမကျန်းဖြစ်နေသော သမ္မတဟောင်း နဲလ်ဆင်မင်ဒဲလားအတွက် တောင်အာဖရိကနိုင်ငံတစ်ဝန်းရှိ ဘုရားရှိခိုးကျောင်းများ၌ ဆုတောင်းမေတ္တာပို့သလျက်ရှိကြောင်း တနင်္ဂနွေနေ့ ဘီဘီစီသတင်း၌ ဖော်ပြသည်။

မင်ဒဲလားသည် နမိုးနီးယားရောဂါခံစားနေရသဖြင့် ဆေးရုံ၌ ဆေးကုသမှုခံယူနေရသည်မှာ လေးရက်ကြာခဲ့ပြီ ဖြစ်သည်။

ဘိုဝိသိုမြို့ ရီဂျီနာမန်ဒီဘုရားရှိခိုးကျောင်း၌ ရာပေါင်းများစွာသော ပြည်သူများစုဝေးခဲ့ကြသည်။

၎င်းသည် ဆေးရုံပေါ်၌ မည်မျှကြာသည်အထိ နေရမည်ကို အသေးစိတ်ပြောကြားခြင်းမရှိသေးပေ။ ထို့အတူ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ၎င်းအခြေအနေကို ကြေညာချက်ထုတ်ပြန်ခြင်းလည်း မရှိပေ။

ဗုဒ္ဓဟူးနေ့ နှောင်းပိုင်းတွင် မင်ဒဲလားကို ဆေးရုံတင်ပြီးနောက် သမ္မတ ဂျာကော့ဗ်ဇူးမားက ပြည်သူတို့အား စိုးရိမ်ကြောင့်ကြမှုမရှိကြရန် ပြောကြားခဲ့သည်။

ဘီဘီစီ။

မော်ရေးရှပ်တွင် ရုတ်တရက်ရေကြီး ၁၀ ဦးသေဆုံး

မို့လူးဝစ် မေ ၁

မော်ရေးရှပ်နိုင်ငံ မြို့တော်မို့လူးဝစ်တွင် စနေနေ့က ရုတ်တရက်ရေကြီးသဖြင့် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရာ အနည်းဆုံး လူ ၁၀ ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မိုးရွာချိန်တစ်နာရီမျှ မပြည့်မီအချိန်အတွင်း ရွာသွန်းသော မိုးရေချိန်မှာ ၁၅၂ မီလီမီတာ (ခြောက်လက်မ)ရှိသည်။ မတ်လ၏ပျမ်းမျှ မိုးရေချိန်ထက် ၇၀ မီလီမီတာလျော့နည်းသည်။

ဝန်ကြီးချုပ်နာဗင်ရမ်ဂိုလန်က မေ ၁ ရက်ကို ဝမ်းနည်းအောက်မေ့ဖွယ်နေ့ဟု ကြေညာသည်။

မော်ရေးရှပ်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ဆိုးရွားစွာခံစားနေရသည်ဟု အမျိုးသားရေဒီယိုက ပြောကြားသည်။

ရေလွှမ်းမိုးသဖြင့် မြို့တော်အတွင်း၌ ယာဉ်သွားလာမှုပိတ်ဆို့ခြင်းများဖြစ်ခဲ့ကြောင်း အဲလ်အိတ်စ်ပရက် မော်ရေးရှပ်သတင်းစာက ရေးသားသည်။

နောက်ရက်များတွင် မိုးပိုမိုရွာဖွယ်ရာရှိသဖြင့် ပြည်သူများအား နေအိမ်အတွင်း၌သာနေကြရန် နှိုးဆော်ထားသည်။

ဘီဘီစီ။

အမေရိကန်၌ ကား ၇၅ စီး အစုအပြုံလိုက် တိုက်မှုဖြစ်

ဝါရှင်တန် မေ ၁

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်တွင် ကားပေါင်း ၇၅ စီး အစုအပြုံလိုက် တိုက်မိမှုတွင် လူသုံးဦး သေဆုံးခဲ့သည်ဟု အာဏာပိုင်များက မတ် ၃၁ ရက်တွင် ပြောကြားခဲ့သည်။

ဖန်စီဂက်ဒေသ မြောက်ကာရိုလိုင်းနားနယ်စပ် မြောက်ပိုင်းနယ်မြေတွင် ဖြစ်ပွားခဲ့ကြောင်း၊ အခင်းဖြစ်ချိန်က မြူထူထပ်နေကြောင်း၊ သေဆုံးသူ သုံးဦးရှိပြီး ၂၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းအဖြစ်အပျက်ကြောင့် မြောက်ပိုင်း၊ တောင်ပိုင်းဆုံရာ ဖန်စီဂက်ဒေသတွင် လမ်းကြောများအားလုံး ပိတ်သွားရကြောင်း၊ လမ်းကြောရှင်းလင်းရေးတာဝန်ရှိသူများကလည်း အခင်းဖြစ်ရာနေရာသို့ရောက်အောင် မြောက်ပိုင်း၊ တောင်ပိုင်းလမ်းကြောနှစ်ခုစလုံးကို အသုံးပြုနေရကြောင်း၊ လမ်းကြောရှင်းရန် ယာဉ်မောင်းများကိုလည်း လမ်းကြောမှ ပြန်ကွေ့ရန် ပြောကြားခဲ့ရကြောင်း သိရသည်။

ဆင်ဟွာ။

တရုတ်၌ ငှက်တုပ်ကွေးဖြစ် နှစ်ဦးသေဆုံး

ရှန်ဟိုင်း မေ ၁

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ငှက်တုပ်ကွေးရောဂါခံစားရသဖြင့် လူနှစ်ဦးသေဆုံးခဲ့ကြောင်း ရှန်ဟိုင်းမြို့ ဒေသခံများက ပြောကြားသည်ဟု တနင်္ဂနွေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အသက် (၂၇)နှစ်နှင့် (၈၇)နှစ်ရှိ အမျိုးသားနှစ်ဦးတို့သည် ဖေဖော်ဝါရီလအတွင်း၌ အိတ်ချ်ဆဲဗင်းအန်နိုင်း ဗိုင်းရပ်စ်ကြောင့် နေထိုင်မကောင်းဖြစ်ပြီး မတ်လနှောင်းပိုင်း၌ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အသက်(၃၅)နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးသည်လည်း ယင်းရောဂါခံစားနေရလျက်ရှိရာ အခြေအနေစိုးရိမ်ဖွယ်ရာရှိသည်ဟု ဆိုသည်။

၎င်းဗိုင်းရပ်စ်သည် မည်သို့ပျံ့နှံ့ခဲ့သည်ကို ယခုအချိန်၌ ရှင်းလင်းစွာမသိရှိရကြောင်း၊ ရောဂါဖြစ်ပွားသူ သုံးဦးသည် တစ်ဦးကိုတစ်ဦး ကူးစက်ခဲ့ခြင်းမဟုတ်သကဲ့သို့ ၎င်းတို့သုံးဦးသည် မည်သည့်နည်းနှင့်မျှ ဆက်သွယ်ဆက်ဆံမှုမရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

အမျိုးသားနှစ်ဦးသည် ရှန်ဟိုင်းမြို့၌သေဆုံးစဉ် အမျိုးသမီးမှာ အရှေ့ပိုင်းပြည်နယ် အန်ဟီး၊ ချောင်ဇူ၌ သေဆုံးခြင်းဖြစ်သည်ဟု သတင်းများကဆိုသည်။

၎င်းသေဆုံးသူ သုံးဦးစလုံးသည် နမိုးနီးယားအဆင့်မရောက်မီ ချောင်းဆိုး၍ဖျားနာမှုဖြစ်ခဲ့ကြသည်ဟု တရုတ်အမျိုးသားကျန်းမာရေးနှင့် မိသားစုစီမံကိန်းကော်မရှင်က ပြောကြားခဲ့ကြောင်း သိရသည်။

ဘီဘီစီ။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး နယ်နိမိတ်အတွင်း စိုက်ထူထားသော ကြော်ငြာဆိုင်းဘုတ်များ ခွင့်ပြုချက်ရယူရန်နှင့် အခွန်ငွေပေးသွင်းရန် ကြေညာ

နေပြည်တော် ဧပြီ ၁

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ လမ်းနယ်နိမိတ်အတွင်း စိုက်ထူထားသော ကြော်ငြာဆိုင်းဘုတ်များအား စိစစ်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုချက်မရှိ၊ ကျသင့်သည့် အခွန်ငွေပေးသွင်းမှုမရှိဘဲ စိုက်ထူထားကြောင်း တွေ့ရှိရ၍ ယခုကြော်ငြာပါသည့် နေ့မှစ၍ ၁၄-၄-၂၀၁၃ ရက်အတွင်း စိုက်ထူခွင့်ရရှိရေး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ခွန်၊ ထိန်း/ကျောက်ထုတ်ဦးစီးသို့ အမြန်လာရောက် ဆက်သွယ်ဆောင်ရွက်ရန်နှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော ကြော်ငြာဆိုင်းဘုတ်များအားဖျက်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်ဟု သတင်းရရှိသည်။ **(သတင်းစဉ်)**

အရေးပေါ်ကာလစီမံခန့်ခွဲရေးဗဟိုကော်မတီ ပထမအကြိမ် (၁/၂၀၁၃)စည်းဝေး

နေပြည်တော် ဧပြီ ၁

အရေးပေါ်ကာလစီမံခန့်ခွဲရေးဗဟိုကော်မတီ ပထမအကြိမ် (၁/၂၀၁၃) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အရေးပေါ်ကာလစီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အရေးပေါ်ကာလစီမံခန့်ခွဲရေးဗဟိုကော်မတီအနေဖြင့် လုံခြုံရေးအဖွဲ့အစည်းများအကြား ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်စေရေး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ချိတ်ဆက်၍ အဓိကရုဏ်းဖြစ်ပွားခဲ့လျှင် လျင်လျင်မြန်မြန်သွားရောက်နှိမ်နင်းနိုင်ရေး၊ လူမျိုး၊ ဘာသာရေးအဓိကရုဏ်းများ ထပ်မံမဖြစ်ပွားစေရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်အား မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကာကွယ်စောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းဆက်စပ်ဆောင်ရွက်ပေးရေး၊ လူမှုရေး အဖွဲ့အစည်းများ၏ အကူအညီကိုရယူပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရေးနှင့် အဓိကကျသည့်လှုံ့ဆော်သူများအား ဖော်ထုတ်ပြီး ဖမ်းဆီးထိန်းသိမ်းရန်နှင့် ဥပဒေအရအရေးယူနိုင်ရေး စသည့်အရေးပေါ်ကာလစီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ဒုတိယဝန်ကြီး ရဲချုပ် ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများက ပြည်သူကို ဗဟိုပြုသည့် ရဲလုပ်ငန်းစနစ်ကို တင်ပြဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးအောင်မင်း၊ ဦးအုန်းမြင့်၊ ဦးခင်ရီနှင့် ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် ရဲချုပ် ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၄ ရက်နေ့မှ ၆ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန် အခါတော်ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာရပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများ ရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်း မွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်း ရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သားမခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်းစသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန်ဖြစ်ပါသည်-

(က) မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်။

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်။

(ဂ) ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်။

(ဃ) မြန်မာမှု၊ မြန်မာဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင်မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏အဆုံးအမနှင့် မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရ ဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) တစ်ပါးသူ(သို့မဟုတ်)အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာ ပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုး မဖြစ်စေရေး ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

ပအိုဝ်းအမျိုးသားနေ့တွင် မိခင်နှင့်အတူ ရိုးရာဝတ်စုံဖြင့် တက်ရောက်လာသောချစ်စဖွယ် ရင်သွေးငယ်

ကော့ကရိတ် ဧပြီ ၁

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ကျင်းပသော (၆၄) ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို မတ် ၂၆ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင်က နှုတ်ဆက်အမှာစကားနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဦးက အမှာစကားပြောကြားပြီး ကြွရောက်လာသော ပအိုဝ်းတိုင်းရင်းသားများနှင့် ဧည့်သည်တော်များကို ပအိုဝ်းတိုင်းရင်းသား ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေခဲ့သည်။ ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားတွင် တက်ရောက်လာသော ပအိုဝ်းတိုင်းရင်းသားများမှ ထူးထူးခြားခြား အပြစ်ကင်းစင်လှသည့် တစ်နှစ်သားအရွယ် ကလေးငယ်ကို မိခင်နှင့်အတူ ပအိုဝ်းရိုးရာဝတ်စုံဖြင့် ချစ်စဖွယ် ဤသို့တွေ့ရသည်။**(ယာပုံ)**

နိုင်နိုင်ထွန်း(ကျုံဒိုး)



မိုင်းကိုင်မြို့နယ် ပြည်သူ့ဆေးရုံတွင် သုံးမြွှာပူးကလေး အောင်မြင်စွာမွေးဖွား

မိုင်းကိုင် ဧပြီ ၁

ရှမ်းပြည်နယ် လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ဟမ်းငိုင်းကျေးရွာ အုပ်စု ဝမ်မိန်းကျေးရွာနေ ဒေါ်နန်းကြာယုံ (၂၄)နှစ်က မတ် ၂၉ ရက်တွင် မိုင်းကိုင်မြို့နယ် ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးနိုင် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ၏ ကူညီစောင့်ရှောက်မှုဖြင့် မွန်းလွဲ ၁၂ နာရီခွဲတွင် ပထမကလေး၊ ၁၂ နာရီ ၃၄ မိနစ်တွင် ဒုတိယကလေး၊ ၁၂ နာရီ ၃၆ မိနစ်တွင် တတိယကလေးစသည်ဖြင့် ယောကျ်ားလေးသုံးမြွှာပူးကို ခွဲစိတ်ရန်မလိုဘဲ အောင်မြင်စွာဖြင့် ဖွားမြင်နိုင်ခဲ့သည်။

အဆိုပါ သုံးမြွှာပူးကလေးများအား မွေးဖွားခြင်းသည် အဖ ဦးစိုင်းဆန်လမ်၊ အမိ ဒေါ်နန်းကြာယုံတို့၏ ပဉ္စမမြောက်မွေးဖွားသော ကလေးများဖြစ်ပြီး ယခုချိန်အထိ မိခင်ရော ကလေးများပါ ကျန်းမာလျက်ရှိကြောင်း သိရသည်။

(လှိုင်လှိုင်ဦး)

မိုဘိုင်းဖုန်း အသုံးပြုမည်ဆိုလျှင်

ပအုပ်ခိုင်

ပြီးခဲ့သောနှစ်များဆီက ၅၀၀၀ တန် SIM Card တောင်းဆိုမှု Campain တွင် ရှေ့လက်ချောင်းများ သာရေးကူညီမှုအသင်းဥက္ကဋ္ဌတစ်ဦးအနေဖြင့် ရှေ့တန်းက ဦးဆောင်ပါဝင်ခဲ့သည်ဟု ရိုးသားစွာ ဝန်ခံရပေမည်။ အမှန်အတိုင်း ပြောရလျှင် ထိုစဉ်က မိုဘိုင်းဖုန်းများ၏ အကျိုးအပြစ်တို့ကို လုံးဝ မသိရှိခဲ့ပါ။ သို့သော် မကြာသေးမီကာလ မနေ့တစ်နေ့ကမှ မိုဘိုင်းဖုန်းအကြောင်း တစေ့တစောင်း စတင်သိရှိလာသောအခါ အတော်တုန်လှုပ်သွားခဲ့မိ၏။ မှတ်မှတ်ရရ ၂၈-၂-၂၀၁၃ ရက်နေ့ကဖြစ်၏။ ထိုနေ့က ရုပ်သံရိုက်ကူးရေးကိစ္စနှစ်ခုရှိသည်။ တစ်ခုက စားသုံးသူကာကွယ်ရေးအသင်းရုံးတွင် မြန်မာနေရှင်နယ် တီဗွီမှ အန္တရာယ်ရှိအစားအသောက်များ ပညာပေးအင်တာဗျူးအစီအစဉ် ရိုက်ကူးမည့်ကိစ္စဖြစ်၏။ နောက်တစ်ခုကတော့ ကိုရီးယားနိုင်ငံမှ နာမည်ကြီးရုပ်သံတစ်ခုဖြစ်သော KBS ရုပ်သံရိုက်ကူးရေးအဖွဲ့နှင့် ကိုရီးယားမင်းသမီး ဂျောင်ဆိုယောင်းတို့မှ မြန်မာ့ရိုးရာအစားအသောက်များကို "Delicious Planet" ဆိုသော အစီအစဉ်ဖြင့် စားသုံးသူ ကာကွယ်ရေးအသင်းနှင့် ပူးပေါင်းရိုက်ကူးမည့် အစီအစဉ်ဖြစ်သည်။ ထိုအစီအစဉ်အတွက် စာရေးသူမှာ ရိုက်ကွင်းတာဝန်ခံတစ်ဦးဖြစ်သလို မိမိတို့အသင်းမှ EC အဖွဲ့ဝင်များ ပါဝင်သရုပ်ဆောင်မည်ဖြစ်၍ မှတ်တမ်းရိုက်ရန် ဗီဒီယိုကင်မရာ ဓာတ်ပုံကင်မရာပါအိတ်နှင့် ထည့်ယူလာသည်။

စာရေးသူမှာ ဟန်းဖုန်းကိုယ်ပိုင်မရှိ၍ ဇနီးဖြစ်သူက သူကိုင်နေသော ဟန်းဖုန်းကို ထည့်ပေးလိုက်၏။ မတန်လျှင် ကန်စွန်းရွက်တောင် ဝယ်မစားဟု ကြွေးကြော်ထားသော ကျွန်ုပ်မှာ နှစ်သိန်း၊ နှစ်သိန်းခွဲဖြင့် ရောင်းသော ဖုန်းကို ကိုယ်တိုင်လည်း ဝယ်မကိုင်၊ ဇနီးဖြစ်သူကိုလည်း ဝယ်မပေး၍ အမြင်မတော်သော ယောက္ခမဖြစ်သူက သူကိုင်နေသော မိုဘိုင်းဖုန်းကို သမီးဖြစ်သူအား "နင်တို့ ဖုန်းဝယ်ပြီးမှ ငါ့ဖုန်းပြန်ပေး" ဟု ဆိုကာ ပေးထားသော ဖုန်းကိုဇနီးဖြစ်သူက ထည့်ပေးလိုက်ခြင်းဖြစ်၏။ ကျွန်ုပ်က ထိုမိုဘိုင်းဖုန်းကို ဗီဒီယို ကင်မရာဘေးအိတ်ထဲတွင်ထည့်၍ ဇစ်ဖြင့် ပိတ်ထားလိုက်၏။

ရုံးရောက်ပြီးမကြာမီ မြန်မာနေရှင်နယ် တီဗွီရိုက်ကူးရေးအဖွဲ့ ရောက်ရှိလာပြီး အန္တရာယ်ရှိ အစားအသောက်များ ပညာပေးအင်တာဗျူးအစီအစဉ် ရိုက်ကူးရေးစပါသည်။ ငါးမိနစ်လောက်ပဲ ရိုက်ရသေးသည် ရှေ့တည့်တည့်မှ ကင်မရာမင်းက "ဆရာ့ဖုန်း လာနေတယ်ထင်တယ်၊ ကျွန်တော် ရိုက်လို့မရဘူးဖြစ်နေတယ်" ကင်မရာမင်းပြောမှ ကျွန်ုပ်၏စားပွဲနှင့် မျက်စောင်းထိုးရှိုးကေ့(စ်)ထဲတွင် ထည့်ထားသည့် ဗီဒီယို ကင်မရာဘေးအိတ်ကို ဖွင့်ကြည့်လိုက်ရာ ကျွန်ုပ်၏မိုဘိုင်းဖုန်းမှာ အသံမထွက်ဘဲ တကျိကျိနှင့် တုန်ခါနေသည်ကိုတွေ့၍ လက်ခံစကားပြောလိုက်ရသည်။ ရိုက်နေတုန်း နောက်တစ်ကြိမ် ကင်မရာမင်းသတိပေး၍ ဖွင့်ကြည့်မိတော့လည်း ဟန်းဖုန်းက တကျိကျိဖြင့် လာနေပြန်သည်။

ထူးဆန်းနေသည်က အသံမထွက်ဘဲ တကျိကျိမြည်၍ တုန်ခါနေသော မိုဘိုင်းဖုန်းသံကိုအနီးရှိ ကျွန်တော်က မကြားဘဲ အဝေးက ကျွန်ုပ်ကို အင်တာဗျူးရိုက်ကူးနေသော ကင်မရာမင်းက ကြားနေခြင်းပင်တည်း။

မိုဘိုင်းဖုန်းမှထွက်သော လျှပ်စစ်သံလိုက်လှိုင်းများသည် အဝေးမှ ဗီဒီယိုကင်မရာဆီကို နှောင့်ယှက်ရိုက်ခတ်နိုင်သော စွမ်းရည်များရှိနေခြင်းကို ကျွန်ုပ်ပထမဦးဆုံး သတိမူမိခြင်းပင်ဖြစ်၏။

ထိုအခါ မိုဘိုင်းဖုန်းနှင့်ပတ်သက်၍ မလေးရှားနိုင်ငံ ပီနန်စားသုံးသူအသင်း၏ ဖိတ်ကြားချက်အရ ကျွန်ုပ်တို့မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းမှ အမှုဆောင်သုံးဦး သင်တန်းသွားရောက်တက်ခဲ့စဉ်က လက်ဆောင်အဖြစ်ရရှိခဲ့သော "How unsafe is your mobile Phone" ဆိုသော စာအုပ်ငယ်ကလေးကို ကျွန်ုပ်ဖတ်ရှုလိုက်မိတော့သည်။ ထိုစာအုပ်ငယ်တွင် ရေးသားဖော်ပြထားချက်များကတော့ ကြောက်ခမန်းလိလိပင်။

"မြန်မာဈေးကွက်အတွင်း ပျံ့နှံ့ဝင်ရောက်လာခါစ မိုဘိုင်းဖုန်းသည် ဓာတ်ဆီဆိုင်များတွင် လုံးဝအသုံးပြု၍မရ။ မိုဘိုင်းဖုန်းမှ ထွက်သော လျှပ်စစ်သံလိုက်စွမ်းအားကြောင့် ဓာတ်ငွေ့အရောင်းဆိုင်မှ ကိရိယာများတွင် ရုတ်တရက် မီးထတောက်ခြင်း၊ ရုတ်တရက် မီးလောင်ပေါက်ကွဲနိုင်သည့် အန္တရာယ်များရှိကြောင်းနှင့် ကနေဒါနှင့် ဥရောပနိုင်ငံရှိ ဓာတ်ဆီဆိုင်များတွင် မိုဘိုင်းဖုန်းအသုံးပြုခြင်းကို ပိတ်ပင်ထားကြောင်း သိရသည်။ ထို့ပြင် မိုဘိုင်းဖုန်းကြောင့် ဆေးရုံဆေးခန်းများတွင် အသုံးပြုနေသော အသက်ကယ်ကိရိယာများကိုလည်း ထိခိုက်စေကြောင်း သိရသည်။ မိုဘိုင်းဖုန်း၏ အချက်ပေးသံ၊ လျှပ်စစ်သံလိုက်တုန်ခါမှုများသည် နှလုံးခုန်သံနှင့် ရောထွေးသွားပြီး လူနာတွင် တပ်ဆင်ထားသော နှလုံးပုံမှန်အလုပ်လုပ်သည့် ကိရိယာကို မှားယွင်းစေ၍ ၎င်းကိရိယာ၏ အလုပ်လုပ်ပုံများ ရှုပ်ထွေးမှားယွင်းပြီး လူနာအသက်ဆုံးရှုံးစေနိုင်သည်အထိ ဖြစ်တတ်သည်ဟု ဆိုသည်။

၎င်းပြင် မော်တော်ယာဉ်များ၏ အရှိန်ထိန်းကွန်ပျူတာစနစ်များ၊ အီလက်ထရွန်နစ် System များကိုချွတ်ယွင်းပြောင်းလဲစေသည့်အပြင် လေယာဉ်ကွင်းများ၏ လေကြောင်းပြကိရိယာများအပေါ်လည်း အမှတ်သဘောအဖြစ် ပြောင်းလဲထိခိုက်စေကြောင်း သိရသည်။

ထိုမျှမကသေး မော်တော်ယာဉ်မောင်းနှင်ရင်း မိုဘိုင်းဖုန်းပြောဆိုမှုကြောင့် ယာဉ်မောင်း၏အမြင်နှင့် အာရုံကို ထိခိုက်စေပြီး ယာဉ်မတော်တဆမှုများ ဖြစ်အောင်လည်း မိုဘိုင်းဖုန်းက တွန်းပို့လိုက်သည်ဟု ဖော်ပြထားသည်။

မိုဘိုင်းဖုန်းနှင့် ပတ်သက်၍ အဆိုးရွားဆုံးကတော့ ကျန်းမာရေးကို ခြိမ်းခြောက်နေခြင်းပင်ဖြစ်သည်။ မိုဘိုင်းဖုန်း တာရှည်အသုံးပြုသူများသည် မှတ်ဉာဏ်အားနည်း၍ သတိမေ့လျော့သောရောဂါ၊ ပါကင်ဆန်ရောဂါ၊ ကျောက်ကပ်ရောဂါနှင့် ကင်ဆာရောဂါအချို့တို့ကို ဖြစ်ပွားစေခြင်းပင်ဖြစ်သည်။

မိုဘိုင်းဖုန်းမှထုတ်လုပ်သော မိုက်ကရိုဝေ့ဓာတ်ရောင်ခြည်များ၊ ဓာတုစွမ်းအင်များသည် ကြောက်မက်ဖွယ်ဓာတု အဆိပ်သင့်စေနိုင်သောကြောင့်ပင်တည်း။ ထိုမိုဘိုင်းဖုန်းမှ ထွက်သော ဓာတ်ရောင်ခြည်များသည် လူကြီးများထက် ဦးခေါင်းခွံနှင့် အရေပြားပို၍ ပါးလွှာနုနယ်သော ကလေးငယ်များ၏ ဦးခေါင်းခွံနှင့် ဦးနှောက်များအတွင်းသို့ ပိုမို၍ ထိုးဖောက်ဝင်ရောက်နိုင်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့်ပင် မိုဘိုင်းဖုန်း သုံးစွဲခြင်းကြောင့် ဦးနှောက်ကင်ဆာ၊ လည်ချောင်းကင်ဆာတို့ဖြစ်ပွားစေသော အထောက်အထားများကို တွေ့ရှိလာကြသည်။ ဗြိတိန်တွင် မိုဘိုင်းဖုန်း သုံးစွဲသူတစ်ယောက်သည် အရေပြားကင်ဆာရောဂါဖြင့် သေဆုံးခဲ့ရသည်။

မိုဘိုင်းဖုန်းမှ ဓာတ်ရောင်ခြည်ကြောင့် အသားအရေပျက်စီးခြင်း၊ အသားအရေခန်းခြောက်ခြင်း၊ မျက်နှာပေါ်တွင် အရေးကြောင်း၊ အစင်းကြောင်းများထင်ခြင်း၊ ရုပ်ကျကာ အသက်ထက်ပို၍ အိုမင်းရင့်ရော်စေခြင်းတို့ကို စမ်းသပ်တွေ့ရှိလာခဲ့သည်။

မိုဘိုင်းဖုန်းကို ကာလတာရှည်စွာ သုံးစွဲခြင်းအားဖြင့် (Brain Tumour) ခေါ် ဦးနှောက်အသားပို ကင်ဆာရောဂါဖြစ်ပွားရန် နှစ်ဆခွဲမြင့်တက်စေသည်။ အထူးသဖြင့် ဦးခေါင်းခွံပါးလွှာသော ကလေးများကို ဦးနှောက်ကင်ဆာဖြစ်နှုန်းပို၍ ခြိမ်းခြောက်နေကြောင်း တွေ့ရှိရသည်။ မိုဘိုင်းဖုန်းကို တစ်နှစ်ခွဲအသုံးပြုရုံဖြင့် ကင်ဆာရောဂါ ဖြစ်ပွားတိုးတက်မှုကို နှစ်ဆကျော် တိုးတက်စေကြောင်း သုတေသနပြုလုပ်ချက်များအရ သိရှိရသည်။ မိုဘိုင်းဖုန်းကို မကြာခဏ အသုံးပြုရုံနှင့်ပင် ကင်ဆာရောဂါကို ကာကွယ်ပေးသည့် လူ့ခန္ဓာကိုယ်အတွင်းမှ မယ်လ်တိုနင်ဟိုမုန်းကို တဖြည်းဖြည်း ယုတ်လျော့သွားစေကြောင်း တွေ့ရ၏။

ထို့ပြင် မိုဘိုင်းဖုန်းသုံးစွဲသော ဆေးလိပ်သောက်သူများသည် ဆေးလိပ်မသောက်သူများထက် ကင်ဆာဖြစ်နိုင်ခြေ အဆပေါင်းများစွာပိုကြောင်း သြစတြေးလျမှ သုတေသနပညာရှင်တို့က စမ်းသပ်တွေ့ရှိခဲ့သည်။

ပို၍ ကြောက်စရာကောင်းသည်မှာ မိနစ်အနည်းငယ် မိုဘိုင်းဖုန်းပြောရုံဖြင့် ၎င်းမှထွက်သော ဓာတ်ရောင်ခြည်က ငါးရာခိုင်နှုန်းအစွမ်းရှိသော ကင်ဆာရောဂါကို ၉၅ ရာခိုင်နှုန်းအစွမ်းရှိသော ကင်ဆာအဖြစ်သို့ အချိန်တိုအတွင်း ပြောင်းလဲသွားနိုင်သည်။ ထိုမျှမကသေး ဦးနှောက်အပြင်ဘက်အာရုံကြောများတွင် ဖြစ်ပွားတတ်သော ကင်ဆာဆဲလ်များကိုလည်း နှစ်ဆပွားစေသည်။

ထိုမျှမက မိုဘိုင်းဖုန်းမှ ထွက်သော လျှပ်စစ်သံလိုက်ရောင်ခြည်များက လူ့ခန္ဓာကိုယ်အတွင်းရှိ ကိုယ်ခံအားကို ကျဆင်းစေပြီး အခြားရောဂါပိုးမွှားများလည်း အလွယ်တကူကူးစက်နိုင်ကြောင်း တွေ့ရသည်။ ၎င်းပြင် မိုဘိုင်းဖုန်းမှထွက်သော ဓာတ်ရောင်ခြည်ကြောင့် လူ့ခန္ဓာကိုယ်ဆဲလ်များအတွင်းမှ DNA သည်လည်း ထိခိုက်ပျက်စီးစေသည်ကိုလည်း တွေ့ရသည်။ ၎င်းဓာတ်ရောင်ခြည်ကြောင့်ပင် ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် မမွေးဖွားသေးသော သန္ဓေသားကိုလည်း ထိခိုက်ပျက်စီးစေသဖြင့် ကိုယ်ဝန်ဆောင်မိခင်များအဖို့ မိုဘိုင်းဖုန်း သုံးစွဲခြင်းကို ရှောင်ကြဉ်သင့်လှပေသည်။ မိုဘိုင်းဖုန်းသုံးစွဲခြင်းဖြင့် သွေးတိုးရောဂါဝေဒနာသည်များအဖို့ သွေးပေါင်ချိန် (5 mmHg မှ 10 mm Hg) အထိ တက်တတ်ကြောင်းနှင့် ဦးနှောက်သွေးကြောပြတ်ခြင်းနှင့် နှလုံးတိုက်ခိုက်ခံရခြင်းများလည်း ဖြစ်ပေါ်နိုင်ကြောင်းကို ဆေးပညာရှင်များက ထောက်ပြခဲ့ကြသည်။

မိုဘိုင်းဖုန်းမှ ထုတ်လွှတ်သော ဓာတုလှိုင်းများသည် လူ့အာရုံကြောကို တိုက်ရိုက်ထိခိုက်စေသဖြင့် အယ်လ်ဇိုင်းမားခေါ် သတိမေ့လျော့သောရောဂါ၊ စကယ်လာရိုးစစ်ခေါ် စိတ်လွှတ်အာရုံကြောရောဂါ၊ ပါကင်ဆန်ခေါ် အကြောများ တုန်ခါသည့်ရောဂါများကို ဖြစ်ပွားစေနိုင်ကြောင်း ဆွီဒင်ဆေးသုတေသနပညာရှင်တို့က တွေ့ရှိခဲ့သည်။

ဥရောပမှ ဆေးပညာရှင်များ၏ သုတေသနပြုချက်အရ မိုဘိုင်းဖုန်းကြောင့် သွေးနီဥတွင်းမှ ဟေမိုဂလိုဘင်ကို လျော့နည်းစေပြီး ၎င်းအကျိုးဆက်ကြောင့် နှလုံးရောဂါနှင့် ဆီးကျောက်တည်ခြင်းကို ဖြစ်စေကြောင်း တွေ့ရှိခဲ့ကြသည်။

ထို့ထက်ကား မိုဘိုင်းဖုန်းတာရှည်အသုံးပြုလာလျှင် ခေါင်းမူးခေါင်းကိုက်ခြင်း၊ နာတာရှည်ခေါင်းကိုက်ရောဂါဖြစ်ခြင်းနှင့် စိတ်ပျံ့လွင့်ခြင်းများကို ဖြစ်ပေါ်စေရုံမျှမက လိင်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်လည်း ကျဆင်းသွားတတ်ကြောင်း တွေ့ရှိရလေသည်။

အချုပ်အားဖြင့် ဆိုရသော် မိုဘိုင်းဖုန်းတာဝါတိုင်များ၏ အောက်နှင့် လျှပ်စစ်သံလိုက်လှိုင်းများ ကြီးမားသော လျှပ်စစ်ကေဘယ်ကြိုးကြီးများ အောက်တွင် နေထိုင်သူများအဖို့ သွေးကင်ဆာနှင့်တကွ ကင်ဆာရောဂါများ ဖြစ်ပွားရန် အခွင့်အလမ်းနီးသည့်အပြင် မိုဘိုင်းဖုန်းတာရှည်အသုံးပြုသူများအတွက် အရေပြားကင်ဆာ၊ လည်ချောင်းကင်ဆာနှင့် ဦးနှောက်အသားပိုကင်ဆာရောဂါများက ခြိမ်းခြောက်လျက်ရှိနေ၍ မိုဘိုင်းဖုန်း သုံးစွဲမှုကို သတိပြုသင့်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂-၅-၂၀၁၃ (အင်္ဂါနေ့)

၇း၀၃	တရားတော်		ခေတ်ဆန်းတေး
၇း၁၅	ဓမ္မပူဇာတေး	၅း၂၂	ရသစုံလင်
၇း၄၅	သာယာသီကြွေး		ရုပ်မြင်ဇာတ်လမ်း
	ခေတ်ဆန်းတေး		-ဟာသလွှင်ပြင်
၄း၁၅	မျိုးချစ်တပ်မတော်		ဒုတိယတွဲ
၄း၂၅	အင်္ဂလိပ်စာသုတ		(အပိုင်း-၉၁)
၄း၃၅	မြန်မာသံစဉ်ချိုနားဝင်		-နိုင်ငံတကာသတင်း
၄း၄၅	မြန်မာသကြံန်		- မိုးလေဝသသတင်း
၅း၀၀	သာယာသီကြွေး		- ဟာသရုပ်စုံ

မီးခွက်ဈေးလမ်းဆုံတွင် ယာဉ်လိုင်းများ ရပ်နားမှုကြောင့် ယာဉ်ကြောပိတ်ဆို့၍ ခရီးသွားနှင့် ဈေးသွားဈေးပြန်များ အခက်ကြုံရ

လှိုင်သာယာ မေ ၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မီးခွက်ဈေးလမ်းဆုံသည် နေ့စဉ် စည်ကားသောနေရာဖြစ်ပြီး လမ်းဆုံ၌ ယာဉ်များရပ်၍ ခရီးသည်အတင်/အချ ပြုလုပ်နေမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုနေ့စဉ် ဖြစ်ပေါ်လျက်ရှိသည်။

မီးခွက်ဈေးလမ်းဆုံမှ တစ်ဖာလုံအကွာရှိ မှတ်တိုင်တွင် စည်းကမ်းနှင့်အညီ ခရီးသည် အတင်/အချ ပြုလုပ်ပါက ယာဉ်ကြောပိတ်ဆို့မှုမှ ကင်းရှင်းသွားမည်ဖြစ်ပြီး အဆိုပါလမ်းဆုံကားလမ်းပေါ်၌ ရပ်နားထားသော ဆိုင်ကယ်၊ ဆိုက်ကား၊ တက္ကစီနှင့် လမ်းဘေးဈေးသည်များ ကင်းရှင်းသွားပါက ခရီးသွားပြည်သူနှင့် ဈေးသွား၊ ဈေးလာများ၊ စက်ရုံအလုပ်သမားနှင့် ဝန်ထမ်းများ ယာဉ်အန္တရာယ်ကင်းရှင်း၍ စိတ်ချမ်းမြေ့စွာ သွားလာနိုင်မည်ဖြစ်သည်။

ယာဉ်ကြောပိတ်ဆို့မှု ထပ်မံဖြစ်ပေါ်ရခြင်းသည် မီးခွက်ဈေးလမ်းဆုံအနီး၌ ဂိတ်ဖွင့်ပြေးဆွဲနေသော ထန်းတပင်ယာဉ်လိုင်းမှ ကားများ ကားလမ်းပေါ် ရပ်နားထားခြင်းကြောင့် ဖြစ်ပြီး သင့်တော်သောနေရာသို့ ပြောင်းရွှေ့ပြေးဆွဲပါက ယာဉ်ကြောပိတ်ဆို့မှုကို ကာကွယ်နိုင်ကာ ယာဉ်ထိန်းရဲထားရှိ၍ ဥပဒေနှင့်အညီ ကြပ်မတ်ဆောင်ရွက်ပါက မီးခွက်ဈေးလမ်းစုံ၌ ယာဉ်ကြောပိတ်ဆို့မှုအန္တရာယ် ကင်းရှင်းသွားမည်ဖြစ်ကြောင်း ရပ်ကွက်နေပြည်သူတို့ ပြောဆိုလျက်ရှိသည်။

သန်းထိုက် (လှိုင်သာယာ)

ဆရာတော် အရှင်ဆန္ဒာဓိကဦးဆောင်သည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်များ မိတ္ထီလာမြို့ ယာယီကယ်ဆယ်ရေးစခန်းသို့ လာရောက်လှူဒါန်း

မိတ္ထီလာ ဧပြီ ၁

မိတ္ထီလာမြို့ ယာယီကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်များအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လှူဒါန်းမှုလက်ခံရာ ဌာနကို မြို့နယ်ဆက်သွယ်ရေးစခန်း ဥဩ့ရိပ်သာ၌ ဖွင့်လှစ်ထားရှိရာ ဧပြီ ၁ ရက် မွန်းလွဲ ၁ နာရီတွင် ဆရာတော်အရှင်ဆန္ဒာဓိကနှင့်အတူ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌဦးဇင်ဝိုင်းနှင့်အစည်းအရုံးအဖွဲ့ဝင်များ၊ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်များ၊ အပြစ်မဲ့နာကျင်မှုများအတွက် စာနာသူများကွန်ရက်အဖွဲ့ဝင်များက အဝတ်အထည်နှင့် လှူဒါန်းငွေများ လာရောက်ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ဆရာတော်အရှင်ဆန္ဒာဓိကက လူနေအိမ်သုံးလုံး ပြန်လည်တည်ဆောက်ရန်အတွက် ငွေကျပ် ၁၀၆ သိန်း လေးသောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ငွေကျပ် ၅၈ သိန်း၊ အပြစ်မဲ့နာကျင်မှုများအတွက် စာနာသူများကွန်ရက်အဖွဲ့မှ ကျားဝတ်၊ မဝတ်အဝတ်အထည် ၅၂၀၀ (တန်ဖိုးငွေကျပ် သိန်း၁၅၀) ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

ယင်းနောက် ဆရာတော် အရှင်ဆန္ဒာဓိကနှင့်အဖွဲ့သည် **(ယာပုံ)** ယာယီဒုက္ခသည် ကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်များအား သွားရောက်တွေ့ဆုံကာ အားပေးနှစ်သိမ့်စကားပြောကြားရာ ဒုက္ခသည်များမှာ အားပေးနှစ်သိမ့်စကားများ နားထောင်ကာ မိမိတို့ ချစ်ခင်သည့်အနုပညာရှင်များ ဖြစ်သည့် ဇင်ဝိုင်း၊ ပြေတီဦး၊ ဝေဠုကျော်၊ မိုးအောင်ရင်၊ အေးမြတ်သူ၊ အိန္ဒြာကျော်ဇင်၊ မိုးဟေကိုတို့ကို တွေ့မြင်ရသဖြင့် ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

အာဆီယံဘောလုံးအဖွဲ့ချုပ်၏ အကောင်းဆုံးဘောလုံးအဖွဲ့ချုပ်ဆု ရရှိရန် မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်အဖွဲ့ချုပ်များ ရေပန်းစား

ရန်ကုန် ဧပြီ ၁

အာဆီယံ ဘောလုံးအဖွဲ့ချုပ် (AFF)၏ တစ်နှစ်တာအကောင်းဆုံးဆုများ ပေးအပ်ပွဲအခမ်းအနားကို လာမည့် ဧပြီ ၃ ရက်ညတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည်ဖြစ်ရာ အကောင်းဆုံးဘောလုံးအဖွဲ့ချုပ်ဆု (AFF Award of Best MA 2012)ဆုအတွက် မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်အဖွဲ့ချုပ်များ အနက်မှ ရရှိရန် ရေပန်းစားနေကြောင်း သတင်းရရှိသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အဖွဲ့ဝင် ၁၁ နိုင်ငံကို ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်အတွင်း ဘောလုံးလောကအတွက် အကောင်းဆုံးကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ အောင်မြင်မှုရရှိခဲ့မှုများ၊ လူငယ်(ကျား၊မ)မျိုးဆက်သစ်ကစားသမားများပေါ်ထွက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ နိုင်ငံတကာပြိုင်ပွဲများ အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့မှုများ၊ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့မှုများ စသည်ဖြင့် ကဏ္ဍအသီးသီးကို အမှတ်ပေး၍ အကောင်းဆုံးဘောလုံးအဖွဲ့ချုပ်ဆု ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်သည်။ အဆိုပါဆုအတွက် ဆန်ခါတင်ရွေးချယ်ထားသည့် နိုင်ငံများမှာ မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်တို့ဖြစ်ပြီး ပြီးခဲ့သည့် တစ်နှစ်တာကာလအတွင်း ဘောလုံးလောကအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများအရ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)မှာ ထိုင်းဘောလုံးအဖွဲ့ချုပ် (FAT) နှင့် ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ် (VFF) တို့ထက် ပိုမိုရေပန်းစားနေကြောင်းလည်း သိရသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်တစ်နှစ်တာအကောင်းဆုံးဆုများတွင် မြန်မာနိုင်ငံမှ အကောင်းဆုံးဘောလုံးအဖွဲ့ချုပ်ဆုရရှိရန် ရေပန်းစားနေသကဲ့သို့ မြန်မာအမျိုးသမီးလက်ရွေးစင်အသင်း နည်းပြချုပ် ယိုရှီနိုရီ ကုမာဒါကိုလည်း အကောင်းဆုံးနည်းပြဆု (အမျိုးသမီးအသင်း) ရရှိရန်လည်း ဆန်ခါတင်စာရင်းတွင် ထည့်သွင်းရွေးချယ်ထားခြင်းခံရသည်။ အလားတူ ရန်ကုန်ယူနိုင်တက်အသင်းမှ မြန်မာ့လက်ရွေးစင်ကြည်လင်းမှာလည်း အာဆီယံအကောင်းဆုံးအသင်းတွင် ရွေးချယ်ခံရဖွယ်ရှိပြီး ပြည့်ဖြိုးမောင်မှာလည်း အာဆီယံအကောင်းဆုံး ဖူဆယ်လ်အသင်းတွင် ရွေးချယ်ခံရဖွယ်ရှိနေကြောင်းလည်း သိရသည်။

ထိုသို့ အကောင်းဆုံးဆုများကို အာဆီယံဘောလုံးအဖွဲ့ချုပ် သမိုင်းတစ်လျှောက်တွင် ပထမဆုံးအကြိမ်အဖြစ် ပေးအပ်ချီးမြှင့်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် ဦးဆောင်သည့် MFF ကိုယ်စားလှယ်အဖွဲ့သည် အာဆီယံ ဘောလုံးအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးနှင့် 2012 AFF Award Night သို့တက်ရောက်ရန် ဧပြီ ၁ ရက်တွင် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်သည်။ **(၁၀၇)**

ပိုလ်ချုပ်လမ်းမကြီးနှင့် ရွှေတိဂုံဘုရားလမ်းဆုံ၌ ပလက်ဖောင်းများတိုးချဲ့

ရန်ကုန် ဧပြီ ၁

ယာဉ်ကြောပိတ်ဆို့မှုများ ပြေလျော့စေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ ပလက်ဖောင်းများ တိုးချဲ့ခြင်းပြုလုပ်နေရာတွင် အမျိုးသားသွေးဌာနအနီး ဗိုလ်ချုပ်လမ်းမကြီးနှင့် ရွှေတိဂုံဘုရားလမ်းဆုံနေရာတွင် လုပ်သားအင်အားအမြောက်အမြားကို အသုံးပြု၍ လုပ်ဆောင်နေကြသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)**

ယင်းကဲ့သို့သော ပလက်ဖောင်းတိုးချဲ့ခြင်းများ ပြီးစီးလျှင်ကျောင်းချိန်များအတွင်း ယာဉ်ကြောပိတ်ဆို့မှုများပပျောက်၍ လမ်းမကြီးပေါ်၌ရှိသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မျက်နှာ၊ မေးရိုး၊ ခံတွင်းနှင့် ပြုပြင်မှုဆိုင်ရာ ခွဲစိတ်ကုဌာန၊ အရေပြားရောဂါအထူးကုဌာန၊ အကြောအဆစ်ရောဂါကုအတွင်းလူနာခန်း၊ အသည်းရောဂါ အထူးကုဌာန၊ ဦးနှောက်နှင့်အာရုံကြောရောဂါဆေးကုသမှုဌာန၊ အမျိုးသား တီဘီတိုက်ဖျက်ရေးဌာနခွဲနှင့် တီဘီရောဂါရှာဖွေကုသရေးဌာန၊ အမျိုးသားသွေးဌာနနှင့် ကျောင်းများဖြစ်သော အထက(၁)လသာ၊ အထက(၂)လသာ၊ ကျောင်းများမှ မိဘပြည်သူများယာဉ်ရပ်နားရပ်တန့်ရန်အတွက် အားထားနိုင်ပြီဖြစ်သည်။

စိုးဝင်း (MLA)

စစ်တွေတက္ကသိုလ်ခြံဝင်းအတွင်း မီးလောင်

စစ်တွေ ဧပြီ ၁

မတ် ၃၀ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ခန့်တွင် စစ်တွေတက္ကသိုလ်ခြံဝင်းအတွင်း မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ခြံဝင်းအတွင်းရှိ အမှိုက်များမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ရာသို့ စစ်တွေမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ အကူယာဉ်တစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၂၃ ဦး၊ လုံထိန်းရဲတပ်ဖွဲ့ဝင် ၅၀ နှင့် တပ်မတော်သားများ ပူးပေါင်းလာရောက် ငြိမ်းသတ်ခဲ့ကြပြီး နံနက် ၁၁ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း စစ်တွေမြို့နယ် မီးသတ်စခန်းမှ တာဝန်ကျတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

အဆိုပါ မီးလောင်မှုကြောင့် တက္ကသိုလ်ခြံဝင်းအတွင်းမှ အပင်ငယ်များ တစ်ဧကခန့် လောင်ကျွမ်းခဲ့ပြီး အဆောက်အအုံ တစ်စုံတစ်ရာဆုံးရှုံးမှုမရှိကြောင်းနှင့် ဆေးလိပ်မီးပေါ့ဆမှုကြောင့် ဖြစ်နိုင်ကြောင်း သိရှိရသည်။

(ပိုင်စိုး)

မိတ္ထီလာမြို့ အေးချမ်းတည်ငြိမ်၍ ပုံမှန်အခြေအနေရောက်ရှိ

နေပြည်တော် ဧပြီ ၁

မိတ္ထီလာမြို့တွင် တည်ငြိမ်အေးချမ်းသည့် အခြေအနေများရရှိနေပြီဖြစ်သောကြောင့် ဗဟိုဈေးကြီးအတွင်းရှိ ဈေးဆိုင်ခန်းများ ပုံမှန်အတိုင်း ပြန်လည် ဖွင့်လှစ်ရောင်းချနေကာ ဒေသခံများခရီးသွားလာရေးအတွက် အဝေးပြေးခရီးသည်တင် စုပေါင်းကားဝင်းကြီးအတွင်းရှိ မော်တော်ယာဉ်ဂိတ်များမှ ခရီးသည်တင်မော်တော်ယာဉ်များလည်း ပြန်လည်ပြေးဆွဲပေးနေပြီဖြစ်သည်။

မိတ္ထီလာဈေးကြီးအတွင်း၌ ဆိုင်ခန်းပေါင်း ၂၀၀၀ ကျော်ရှိရာ ဆိုင်ခန်း ၁၈၀၀ ခန့် ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ရောင်းချရာ ဈေးရောင်းဈေးဝယ်များဖြင့် စည်စည်ကားကားဖြစ်နေပြီး စုပေါင်းကားကြီးဝင်းနှင့် အနီးဝန်းကျင်တွင်လည်း ခရီးသည်တင်မော်တော်ယာဉ်များ၊ ခရီးသွားပြည်သူများနှင့် လှုပ်လှုပ်ရှားရှားစည်ကားလျက်ရှိသည်။

ထို့အပြင် မြို့တွင်း မြို့ပတ်ယာဉ်လိုင်းများဖြစ်သည့် ထီလာမောင်၊ ဗန္ဓုလ သုံးဘီးဆိုင်ကယ်မော်တော်ယာဉ်အသင်းများမှ သုံးဘီးဆိုင်ကယ်များသည်လည်း ခရီးသည်များ၏ လိုရာခရီးသို့ ပို့ဆောင်ပေးနေရာ မိတ္ထီလာမြို့သည် ယခင်ကဲ့သို့ စည်စည်ကားကားဖြင့် အေးချမ်းတည်ငြိမ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုက္ကိုင်းရေကူးအသင်း သင်တန်းဆင်း

ရန်ကုန် ဧပြီ ၁

ကုက္ကိုင်းရေကူးအသင်း၏ ၂၀၁၃ ခုနှစ် ပထမအကြိမ် နွေရာသီရေကူးသင်တန်းဆင်းပွဲနှင့် အောင်လက်မှတ်ချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ဆရာစံလမ်းရှိ အဆိုပါရေကူးကန်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒု-ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ကုက္ကိုင်းရေကူးအသင်း နာယက ဦးငြိမ်းကျော်နှင့် ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်တို့က အမှာစကားပြောကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ ကုက္ကိုင်းရေကူးအသင်း နာယက ဦးငြိမ်းကျော်တို့က သင်းတန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ပြီး ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်၊ ဒု-ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ရေကူးပြိုင်ပွဲတွင် ဆုရရှိသူများနှင့် သင်တန်းနည်းပြများအား ဆုချီးမြှင့်သည်။ ထို့နောက် ဒုတိယဝန်ကြီး ဦးသောင်းထိုက်က သင်တန်း၌ အသက်အကြီးဆုံး သင်တန်းသား ဦးတင်မောင်ဝင်း(၆၆)နှစ်နှင့် အသက်အငယ်ဆုံးသင်တန်းသားမျိုးသူရအောင် သုံးနှစ်တို့ကို ဆုများချီးမြှင့်သည်။

ကုက္ကိုင်း ရေကူးအသင်းသည် ၁၉၉၇ ခုနှစ်မှစ၍ သင်တန်းများ စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိအချိန်ထိ သင်တန်းသားဦးရေ ၁၃၆၅၆ ဦးကို မွေးထုတ်ခဲ့ပြီးဖြစ်ကာ မိုးသူအောင်၊ ရန်လင်းအောင်၊ ရဲမြင့်ဟိန်း၊ အောင်ကျော်မိုးတို့ကဲ့သို့ လက်ရွေးစင်ကစားသမားများကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ နိုင်ငံ့ဂုဏ်ဆောင် ရေကူးသမားများ ပေါ်ထွက်စေရန် ရေကူးအားကစားနည်း တိုးတက်ပြီး ကျန်းမာသန်စွမ်းသော လူငယ်လူရွယ်များ ဖြစ်လာစေရန် အားကစားနှင့်ဆက်စပ်ပြီး မူးယစ်ဆေးဝါး ကင်းစင်စေရန်ရည်ရွယ်၍ ကုက္ကိုင်းရေကူးအသင်းမှ သင်တန်းများ ဖွင့်လှစ်ပေးနေခြင်းဖြစ်သည်။ ယခုပထမအကြိမ်သင်တန်းကို မတ် ၁ ရက် မှ ၃၁ ရက်အထိ ဖွင့်လှစ်ကာ သင်တန်းသား ၅၅၂ ဦးတက်ရောက်ခဲ့ပြီး ဒုတိယအကြိမ်သင်တန်းကို ဧပြီ ၂၆ ရက်မှ မေ ၂၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

(ဖိုးသော်ဇင်)

ကုက္ကိုင်းရေကူးအသင်း ဒု-ဥက္ကဋ္ဌ(၁)ဦးတောက်ထွန်း ဆုချီးမြှင့်စဉ်။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသည့် အမျိုးသမီးငယ်တစ်ဦး ဓာတ်လိုက်သေဆုံးခဲ့

ရန်ကုန် ဧပြီ ၁

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ဧရာ (၁၂)လမ်း၌ မတ် ၁၄ ရက် ညနေ ၆ နာရီခန့်က အမျိုးသမီးငယ်တစ်ဦး ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေသော (ပြင်ပဖြေ)ကျောင်းသူ မအေးမြတ်မွန် အသက် (၁၈) နှစ်သည် နေအိမ်ရှေ့ ဖိနပ်ချွတ်မှ ဖိနပ်မပါဘဲ ခြေရင်းခန်းနေ ဦးအောင်မျိုးဝင်း၏ သားဖြစ်သူ မောင်ဟန်သူလင်း (၈) နှစ်အား နေအိမ်သံဆန်ခါပေါက်မှ နောက်ပြောင်စဉ် ဦးအောင်မျိုးဝင်း၏ နေအိမ်မှ သွယ်တန်းထားသော နှစ်ပင်လိမ်ဝါယာကြိုးမှ ပေါက်ပြဲကာ ယင်းကြိုးအား ချိတ်ထားသော သံချိတ်မှတစ်ဆင့် သံဆန်ခါသို့ လျှပ်စစ်စီးဝင်နေသည်ကို မသိရှိဘဲ ကိုင်တွယ်မိရာမှ ဓာတ်လိုက်သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

(၆၈၂)

လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်ကိုသာ အဓိကထားဆောင်ရွက်ရမည်ဖြစ် နှစ်နိုင်ငံ အပြန်အလှန်ဖြစ်ပေါ်တိုးတက်မှုများကို အကောင်အထည်ဖော် ဆောင်ကြဉ်းသွားမည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီ ၁၅မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသိန်းညွန့်၊ ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံသမ္မတ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး H.E. Mr. Chua Hian Kong Robert လည်း တက်ရောက်သည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတက အဆွေတော်သမ္မတနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မြန်မာပြည်သူများကိုယ်စား၊ အစိုးရအဖွဲ့ကိုယ်စား လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် သမိုင်းကြောင်းအရ ချစ်ကြည်ရင်းနှီးမှုရှိပြီးနိုင်ငံများ ဖြစ်ပါကြောင်း၊ ယခုခရီးစဉ်သည် နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုအား ပိုမိုတိုးမြှင့်ခိုင်မာစေသော ခရီးစဉ်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံသည် အစိုးရအဖွဲ့ချင်းသာမက ပြည်သူချင်းလည်း နေ့စဉ်သွားလာဆက်သွယ်မှုရှိနေပါကြောင်း၊ အဆွေတော်သမ္မတအနေဖြင့် မြန်မာနိုင်ငံသို့ အလေးထားလာရောက်၍ မိမိအနေဖြင့် များစွာလေးစားဂုဏ်ယူမိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စင်ကာပူသမ္မတနိုင်ငံသမ္မတက မိမိအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခွင့်ရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ ထို့အတူ မိမိအား မြန်မာနိုင်ငံက လှိုက်လှဲနွေးထွေးစွာကြိုဆိုသည့်အတွက်လည်း ဝမ်းသာဂုဏ်ယူပါကြောင်း၊ နေပြည်တော်တွင် လက်ရှိမြင်တွေ့နေရသည်များက မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ထင်ဟပ်နေပါကြောင်း၊ မိမိအနေဖြင့် နှစ်နိုင်ငံ အပြန်အလှန်ဖြစ်ပေါ်တိုးတက်မှုများကို အကောင်အထည်ဖော်ဆောင်ကြဉ်းသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံက မြန်မာနိုင်ငံတွင် နည်းပညာသင်တန်းကျောင်းဖွင့်လှစ်မည်ကို အဆွေတော်ကလက်ခံသဖြင့် ဝမ်းမြောက်ရပါကြောင်း၊ မြန်မာနိုင်ငံရှိစက်မှုလုပ်ငန်းများ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည့်လူငယ်များ သင်ကြားလေ့ကျင့်ခွင့်ရမည်ဖြစ်သည့်အတွက် နှစ်ဖက်အကျိုးရှိမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံတွင် ပြည်သူတို့၏ဆန္ဒဖြစ်သည့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့၌ အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံမှုမရှိသည့်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နေပါကြောင်း၊ ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး အမေရိကန်နှင့် ဥရောပသမဂ္ဂတို့ကလည်း စီးပွားရေးနှင့်ငွေကြေးဆိုင်ရာ ပိတ်ဆို့မှုများကို များစွာဖြေလျှော့ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများစွာရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပါက နိုင်ငံ၏လိုအပ်ချက်များအနက် အရင်းအနှီးနှင့် နည်းပညာများရရှိလာမည်ဖြစ်ပြီး မိမိတို့အနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်ကိုသာ အဓိက ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စင်ကာပူလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံသမ္မတများသည် စင်ကာပူလုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရေး၊ ပညာရေး၊ အိုးအိမ်ဆောက်လုပ်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

○ ရွှေဖုံးမှ

မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးလွင်တို့အား စင်ကာပူသမ္မတနိုင်ငံသမ္မတနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

အဆိုပါ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် နှစ်နိုင်ငံသမ္မတတို့အား နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက် လူငယ်မောင်မယ်များကလည်း နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးတို့က စင်ကာပူနိုင်ငံသမ္မတနှင့်ဇနီးတို့အား ခင်မင်ရင်းနှီးစွာကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဦးဆော
ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တေ

နေပြည်တော် မေ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြ
ရန် စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတ
ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက
တွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိ
ဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးဌေးအောင
ဌာနဆိုင်ရာအကြီးအကဲများနှင့် နှစ်နိုင်ငံသံအမတ်ကြီး
အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခ
ကြသော အနုပညာရှင်များအား လက်ဆောင်ပန်းခြ

နိုင်ငံတော်သမ္မတ ဦးသိ
စင်ကာပူသမ္မတ၏ဇ

နေပြည်တော် မေ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတေ
သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းသည် စင်ကာ
သမ္မတနိုင်ငံ သမ္မတ၏ဇနီး မစ္စစ်မေရီတန် ဦးဆောင်သ
ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညေ
၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတေ
သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆ
သည်။**(ယာပုံ)**

တွေ့ဆုံရာသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီ
ဒေါ်ခင်ခင်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာ
ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ဇနီး ဒေါ်လင
လင်းတင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်
ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၏ဇနီ

❖ မိုက်ကယ်လန်းမှ

စိုးသူရဲ့ Free ဖျော်ဖြေတာပဲ ကြည့်ဖြစ်တော့တယ်။ နှစ်ပွဲစလုံးကြည့်ဖို့ကျတော့ အဆင်မပြေနိုင်ဘူးလေ။ အားလပ်တဲ့ရက်ဆိုပေမယ့် အိမ်မှုကိစ္စလုပ်ဖို့တွေ၊ အနားယူချိန်တွေလည်းရှိသေးတော့ တစ်ပွဲပဲကြည့်ဖြစ်တယ်။ အိမ်ကညီမကတော့ မိုက်ကယ်လန်းပွဲကို သွားကြည့်တယ်၊ သူကနှစ်ပွဲစလုံးကြည့်တယ်၊ "စိုးသူ" လောက်ပရိသတ် သိပ်မများဘူးလို့ပြောတယ်။ ကျွန်မသွားကြည့်ဖြစ်တဲ့ "စိုးသူ" ပွဲကတော့ မရှိဘူးဆိုရင် တောင်ပရိသတ်က ကိုးသောင်း၊ တစ်သိန်းလောက်ရှိမယ်" ဟု စတိတ်ရှိုးများကို မလွတ်စတမ်းကြည့်ရှုအားပေးတတ်သူတစ်ဦးက ပြောကြားသည်။ တစ်ချိန်က မြန်မာပရိသတ်ကြားတွင် ရေပန်းစားကျော်ကြားခဲ့ဖူးသော အကယ်ဒမီစိုးသူကို အနာဂတ်ကာလ ရုပ်ရှင်နှင့်ဂီတလောက၌ ပြန်လည်မြင်တွေ့ရန် ပရိသတ်များက တောင်းဆိုမှုများရှိနေကြောင်း သိရသည်။

❏ ၂၀၁၃ ခုနှစ်မှ

ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ စုံညီစွာတက်ရောက်ကြသည်။ အဆိုပါအခမ်းအနားတွင် ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးသိန်းအောင်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ဒုတိယဝန်ကြီး ဦးအေးကြူတို့သည် ပုလဲငွေဆောင်ဟိုတယ်၌ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။ ယင်းနေ့ ညနေ ၃နာရီခွဲမှ ၅ နာရီထိ ပင်လယ်ပြင်တွင် ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူလေးများသည် ပင်လယ်ဗဟုသုတရှာဖွေလေ့လာရင်း ရေတပျော်တပါး ရေကူးကြကြောင်း သိရသည်။

အလားတူ ညောင်ဦးခရိုင်တွင် လေ့လာရေးရောက်ရှိနေသော ဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူများ၏ ဘက်စုံထူးချွန် အပန်းဖြေစခန်း(ပုဂံ)ဖွင့်ပွဲကို မေ ၁ ရက် နံနက်ပိုင်းက ပုဂံမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူ ၁၇၀ တို့ တက်ရောက်ခဲ့ကြသည်။ ရှေးဦးစွာ အခမ်းအနားကို ဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူ သုံးဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ကျောင်းသား ကျောင်းသူ တစ်ဦးချင်းစီအလိုက် အမှတ်တရ ရင်ထိုးတံဆိပ် ပေးအပ်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူ များအဖွဲ့သည် ညောင်ဦး (ပုဂံ)မြို့သို့ မေ ၃၀ ရက်က လေ့လာရေးခရီးအဖြစ် ရောက်ရှိခဲ့သည်။ ယင်းအဖွဲ့သည် မေ ၂ ရက်တွင် ပုဂံမြို့မှ ပုပ္ပားသို့ သွားရောက်၍ တောင်ကလပ်၊ သစ်တောပြတိုက်၊ ပရဆေးဥယျာဉ်နှင့် popa mountain resort တို့ကို လေ့လာမည် ဖြစ်ကြောင်း၊ မေ ၃ ရက်တွင် ချောက်မြို့ရှိ ရေနံချက်စက်ရုံနှင့် ဓာတ်မြေဩဇာစက်ရုံ၊ ထိုမှတစ်ဆင့် စလေမြို့ ရုပ်စုံကျောင်းတို့ကို သွားရောက်လေ့လာမည်ဖြစ်ကြောင်း၊ မေ ၄ ရက်တွင် ပခုက္ကူမြို့သို့သွားရောက်၍ သီဟိုဠ်ရှင်ဘုရား၊ ရွှေတန့်တစ် (သရက္ခန်) ဘုရား၊ ပခန်းကြီး စည်သူရှင်ဘုရားနှင့် ပခန်းကြီးကျောင်းတို့ကို လေ့လာပြီး အပြန်တွင် ပုဂံမြို့ဟောင်းရှိ ပုဂံနန်းတော်ကို ဝင်ရောက်လေ့လာမည်ဖြစ်ကြောင်း၊ မေ ၅ ရက်တွင် ပုဂံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စခန်းပိတ်ပွဲ အခမ်းအနား ကျင်းပ၍ နေ့လယ်စာစားကာ

နေပြည်တော်သ
သွားမည်ဖြစ်ကြေ
ထို့ပြင် ၂၀၁
ဘက်စုံထူးချွန်
မေ ၁ ရက် နံန
ကြောင်း သိရ
အင်းလေး
ဖြေစခန်းကို
ဒုတိယဝန်ကြ
ရှမ်းပြည်နယ်ဒ
ဝန်ကြီး

၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင် ကျောင်းသား ကျောင်းသူလေးများ ဘက်စုံထူးချွန် အပန်းဖြေ ပုလဲငွေဆောင်စခန်းဖွင့်ပွဲ ကျင်းပစဉ်။
(ဓာတ်ပုံ-ပုသိမ်လှကြည်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်
ပေးစဉ်။

စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် မေ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့် ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးဌေးအောင်နှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် နှစ်နိုင်ငံသံအမတ်ကြီးများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ စင်ကာပူသမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့ ဖျော်ဖြေကြသော အနုပညာရှင်များအား လက်ဆောင်ပန်းခြင်းများ ပေးအပ်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့က စင်ကာပူသမ္မတနှင့်ဇနီးတို့အား ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်း

နေပြည်တော် မေ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့်ဇနီး မစ္စစ်မေရီတန် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။(အပေါ်ပုံ)

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွန့်၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးကျော်လွင်၊ ဒေါက်တာကံဇော်နှင့် ဦးဌေးအောင်၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိယဉ်ချမ်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ သမ္မတနှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Chua Hian Kong Robert လည်း တက်ရောက်သည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီ နိုင်ငံတော်တီးဝိုင်းက နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်သည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ သမ္မတအား ခရီးစဉ်မှတ်တမ်း ဓာတ်ပုံအယ်လ်ဘမ်ကို ပေးအပ်သည်။

ဂုဏ်ပြုညစာ စားပွဲအပြီးတွင် ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ သမ္မတနှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့အား အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများနှင့် မြန်မာ့ရိုးရာအကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ စင်ကာပူသမ္မတနိုင်ငံသမ္မတနှင့် ဇနီးတို့သည် ဖျော်ဖြေကြသော အနုပညာရှင်များအား လက်ဆောင်ပန်းခြင်းများပေးအပ်ကြပြီး အနုပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း စင်ကာပူသမ္မတ၏ဇနီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းသည် စင်ကာပူသမ္မတနိုင်ငံ သမ္မတ၏ဇနီး မစ္စစ်မေရီတန် ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံရာသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ဇနီး ဒေါ်လင်းလင်းတင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၏ဇနီး ဒေါ်ချော၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးလွင်၏ဇနီး ဒေါ်မေမြင့်မောင်နှင့် သမ္မတရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့၌ သက်ကြီးရွယ်အိုကူညီ စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ အမျိုးသမီးများအား ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ မိခင်နှင့်ကလေးများအား ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ နှစ်နိုင်ငံပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍ အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်စည်းဝေး

ရန်ကုန် မေ ၁

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ကို တိုင်းဒေသကြီးလွှတ်တော်၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်(၁၂၂) ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက မိန့်ခွန်းပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေ(မူကြမ်း)များတင်သွင်းခြင်း၊ အဆိုများတင်သွင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မည်ဖြစ်ကြောင်း၊ မေ ၄ ရက်တွင် ပခုက္ကူမြို့သို့သွားရောက်၍ သီဟိုဠ်ရှင်ဘုရား၊ ရွှေတန့်တစ် (သရက္ခန်) ဘုရား၊ ပခန်းကြီး စည်သူရှင်ဘုရားနှင့် ပခန်းကြီးကျောင်းတို့ကို လေ့လာပြီး အပြန်တွင် ပုဂံမြို့ဟောင်းရှိ ပုဂံနန်းတော်ကို ဝင်ရောက်လေ့လာမည်ဖြစ်ကြောင်း၊ မေ ၅ ရက်တွင် ပုဂံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စခန်းပိတ်ပွဲ အခမ်းအနားကျင်းပ၍ နေ့လယ်စာစားကာ နေပြည်တော်သို့ ဆက်လက်ထွက်ခွာသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ထို့ပြင် ၂၀၁၃ ခုနှစ် အင်းလေး ဘက်စုံထူးချွန် အပန်းဖြေစခန်းကို မေ ၁ ရက် နံနက်ပိုင်းတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အင်းလေး ဘက်စုံထူးချွန်အပန်းဖြေစခန်းကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အပန်းဖြေစခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ် ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဘက်စုံထူးချွန် ကျောင်းသားများကိုယ်စား ကျောင်းသားတစ်ဦးအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဘရွှေက ဘက်စုံထူးချွန် ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးအား လည်းကောင်း ရင်ထိုးတံဆိပ်များပေးအပ်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် အပန်းဖြေစခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ နေမျိုးသူရိန်(ညောင်ရွှေ)

နောက်နှစ်ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်ပါသည်။

ထူးခြားသည့်နေ့အပူချိန်

(၁-၄-၂၀၁၃)

ချောက်မြို့တွင်

၄၅ ဒီဂရီစင်တီဂရိတ်ဖြစ်သည်

မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် ထူးချွန်လူငယ်များအား ရင်ထိုးတံဆိပ်များ ပေးအပ်စဉ်။ (ရဲသူရအောင်)

ဘက်စုံထူးချွန်-လူရည်ချွန်

ဒေါက်တာထွန်းအောင်ကျော် (မြန်မာစာ)

၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် အခြေခံပညာအဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်များကို ရွေးချယ်ခဲ့ကြောင်း သတင်းကြားရသည့်အတွက် အလွန်ဝမ်းမြောက်မိပါသည်။ ၂၀၁၃ ခုနှစ် နဝမတန်းလူရည်ချွန်များအတွက် အင်းလေးဒေသတွင် အပန်းဖြေစခန်းဖွင့်လှစ်မည်ဖြစ်ကြောင်းကိုလည်း ကြေးမုံသတင်းစာတွင် ဖတ်ရှုလိုက်ရသည့်အတွက် ကျေနပ်ပီတိဖြစ်ခဲ့ရပါသည်။

စာရေးသူသည် ငယ်စဉ်က နဝမတန်းနှင့် ဒသမတန်းတို့တွင် လူရည်ချွန်အဖြစ် အရွေးခံခဲ့ရသော နှစ်ထပ်ကွမ်း လူရည်ချွန်တစ်ဦးဖြစ်ခဲ့ပါသည်။ စာရေးသူ၏(ကွယ်လွန်ခဲ့ပြီဖြစ်သော)အဒေါ်ဖြစ်သူသည် ထိုစဉ်အခါက ဝမ်းသာလွန်းသဖြင့် စာရေးသူ၏အမည်ပါဝင်သော လူရည်ချွန်စာရင်းပါဝင်သည့် သတင်းစာကို ကိုင်ကာ ကွေးနေအောင်ကခဲ့ဖူးသော အဖြစ်ကိုလည်း ပြန်လည်မြင်ယောင်နေမိပါသေးသည်။ စာရေးသူအပါအဝင် ထိုစဉ်က လူရည်ချွန်အရွေးချယ်ခံခဲ့ရဖူးသူတို့သည် ယနေ့ခေတ်တွင် နိုင်ငံတာဝန်ကို ကျရာနေရာ၊ ကျရာအခန်းကဏ္ဍမှနေ၍ စွမ်းစွမ်းတမံ ဆောင်ရွက်နေကြသူများ ဖြစ်ကြောင်း စာရေးသူ သေသေချာချာသိပါသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပါသည်။ ပညာခေတ်ဖြစ်သဖြင့် ပညာထူးချွန်သော ကျောင်းသား ကျောင်းသူများပေါ်ထွက်လာရန် အလွန်အရေးကြီးလှပါသည်။ "ယနေ့လူငယ် နောင်ဝယ်လူကြီး"ဟူသော ဆိုရိုးစကားရှိသည် မဟုတ်ပါလော။ "လူရည်ချွန်" ဆိုသည်မှာ ပညာထူးချွန်ရုံသက်သက်မဟုတ်ပါပေ။ ကာယ၊ ဉာဏ၊ ဘက်စုံထူးချွန်သူဖြစ်၍ ပို၍ပင် ဂုဏ်ပြုထိုက်ပါပေသည်။ ယခု လူရည်ချွန်များကို ဘက်စုံထူးချွန်လူငယ် ဂုဏ်ပြုရေးအစီအစဉ်အဖြစ် အပန်းဖြေစခန်းများ ဖွင့်လှစ်ဆောင်ရွက်သွားမည့်သတင်းသည် အနာဂတ်ကို ကြိုတင်တွက်ဆ အလုပ်လုပ်နေကြသော ပညာရေးဝန်ထမ်းများအနေဖြင့် အထူးပင်ဝမ်းမြောက်မိရသော သတင်းတစ်ရပ်ဖြစ်စေကြောင်း ဖော်ပြရင်း ၁၉၇၉ ခုနှစ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းထုတ် နေ့စဉ်သတင်းစာတွင် စာရေးသူငယ်စဉ်က ရေးသားခဲ့သည့် ကဗျာလေးတစ်ပိုဒ်ကို အမှတ်တရပြန်လည်ဖော်ပြကာ လူရည်ချွန်တို့အား ကြိုဆိုဂုဏ်ပြုလိုက်ပါသည်။

စခန်းမရောက်မီ အပန်းပျောက်သည်

☆ လူရည်ချွန်တို့၊ ပန်းဖြေဖို့ရာ
လိုက်ပို့ပါသည်၊ အင်းလေးဆီသို့
တိုင်းပြည်နိုင်ငံ၊ ကုန်ကျခံ၍
အမှန်တကယ်၊ ပျော်မည်ရယ်လို့
စိတ်ဝယ်တွေးထင်မိခဲ့သည်။

☆ တကယ်ကျတော့၊ မဟုတ်တော့ပြီ
မလျှော့အပန်း၊ တို့မလန်းနိုင်
ကြမ်းတမ်းခရီး၊ စိတ်တွင်ညည်းမိ။

☆ သာစည်အလွန်၊ ရှမ်းမြေကျွံသော်
လူချွန်ငါတို့၊ အမောဆို့မှု
လျော့လို့သွားပြီ၊ မောရှမ်းပြည်မှာ
ဝေးသီမြင့်မား၊ တောင်တန်းများနှင့်
တောကြားစိမ့်မြိုင်၊ စမ်းရေအိုင်နှင့်
ဂူလိုဏ်တောင်စောင်း၊ ရထားမောင်း၍။

☆ အတန်ကြာသွား၊ မီးရထားမှာ
ရှမ်းသားရှမ်းသူ၊ နေရာယူရာ
ကမ္ဘူသာသို့၊ ဖြတ်မောင်းပို့၏
ငါတို့တစ်တွေ၊ အမောပြေ၍
ပျော့ခွေစိတ်ထား၊ ပြေပျောက်သွားပြီ။

☆ တိုင်းရင်းသားတွေ၊ နည်းထွေထွေနှင့်
ကြိုနေနှုတ်ဆက်၊ ပြသောလက်မှာ
တို့တွက်စမ်းရေ၊ အေးမြစေသည်
နွမ်းပြေပန်းပျောက်၊ ရွှင်ဝမ်းမြောက်ရ
စခန်းမရောက်မီ၊ အပန်းပျောက်ခဲ့မိပါသည်။ ။

၂၀၁၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်း ရန်ကုန်တိုင်းဒေသကြီးတွင် ကောက်ယူ

ရန်ကုန် မေ ၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်သည် တိုင်းဒေသကြီးဦးစီးဌာနမှူး၊ UNFPA ကိုယ်စားလှယ်၊ ခရိုင်/မြို့နယ်/ရပ်ကွက် သန်းခေါင်စာရင်းကော်မတီဝင်များနှင့်အတူ မတ် ၃၀ ရက်တွင် ၂၀၁၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူလျက်ရှိသော ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၁၀)ရပ်ကွက် ကောက်ကွက်အမှတ် (၁) အဆောက်အအုံအမှတ် (၁)မှ (၁၃)ကြား စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူနေမှုအား သွားရောက်စစ်ဆေးကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

ရေငန်ငါး/ပုစွန်သယံဇာတ ထိန်းသိမ်းနိုင်ရေး ငါးမဖမ်းဆီးရရာသီကာလ တားမြစ်ပိတ်ပင်

နေပြည်တော် မေ ၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းရှိ ငါး/ပုစွန်သယံဇာတများ မျိုးပြုန်းတီးမှုမရှိစေရေး၊ ရေရှည်စဉ်ဆက်မပြတ်ဖမ်းဆီး ထုတ်လုပ်နိုင်ရန်အတွက် ငါး/ ပုစွန် သယံဇာတကို ထိန်းသိမ်းသည့်အနေဖြင့် ၁၀၀ ဂရမ်အောက် ငါးမုတ်ငါးငယ်များ ဖမ်းဆီးရမိနေခြင်းမှ ထိန်းသိမ်းကာကွယ်နိုင်ရန် ဘုံကျောင်းကျားပိုက် (ကျောက်ပိုက်)၊ အင်္ဂလန်ကျားပိုက် (ကျားဖောင်)နှင့် ကျားပိုက်ကိရိယာများအား မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ငါးမဖမ်းဆီးရကာလအဖြစ် သတ်မှတ်ခြင်းကို ၃၁-၃-၂၀၁၃ ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊(၂/၂၀၁၃)ဖြင့်လည်းကောင်း၊ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်တစ်ခုလုံးအား ငါး/ပုစွန်များ သားပေါက်ပွား ကြီးပြင်းချိန်ဖြစ်သော ၂၀၁၃ ခုနှစ် ဇွန် ၁ ရက်မှ ဇူလိုင် ၁၅ ရက်အထိကို ကမ်းနီးငါးဖမ်းလှေများမှ အပ ကမ်းဝေး ငါးဖမ်းရေယာဉ်များအားလုံးအား ငါးမဖမ်းဆီးရ ရာသီကာလ (Closed Season)အဖြစ် တားမြစ်ပိတ်ပင်ထားခြင်းကို ၃၁-၃-၂၀၁၃ ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊(၃/၂၀၁၃) ဖြင့် လည်းကောင်း ငါးလုပ်ငန်းဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် Sponsor ရွေးချယ်

နေပြည်တော် မေ ၁

နေပြည်တော်တွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်မှ ၂၂ ရက်နေ့ထိ ပြုလုပ်ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ဖြည့်ဆည်းသူ (Sponsor) များ ရှာဖွေရန် စီမံခန့်ခွဲပေးမည့် အတိုင်ပင်ခံ (Sponsorship Management Consultant)ကို သတင်းစာများမှ တင်ဒါခေါ်ယူခဲ့ရာ ကုမ္ပဏီသုံးခုမှ တင်ဒါများ တင်သွင်းခဲ့ပါသည်။ အဆိုပါ တင်ဒါများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အမှတ်ပေးစနစ် (Point System) ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ရာ Dentsu Sports Asia Pte.Ltd. & JK Consulting and Management Co.,Ltd. ကို ရွေးချယ်ခံရကြောင်းနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် Sponsor ပေးလိုသည့် ပြည်တွင်းပြည်ပကုမ္ပဏီများအနေဖြင့် အဆိုပါကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ဘဏ္ဍာငွေ ရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ **(သတင်းစဉ်)**

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။
မြန်မာ့ရတနာ ဆေးပက်ခင် သနပ်ခါးကို ရရန် အနည်းဆုံး (၃) နှစ်ကြာပါသည်၊

ရွှေပြည်နန်းချစ်သူပရိသတ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မက GTC တက္ကသိုလ်တက်နေတဲ့ ကျောင်းသူတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မတို့မကွေး GTCက မြို့ပြင်မှာဆို မြို့ထဲပြန်ရင် လမ်းမှာဖုန်မှုန့်များစွာနဲ့ထိတွေ့ရပါတယ်။ ကျွန်မရဲ့မျက်နှာဟာ အရင်က ဘိပ်ဖုံးတဲ့လလိုပါပဲ အသားအရေညစ်ညမ်းပြီး မျက်နှာမှာဝက်ခြံကဲ့သို့ အဖုများစွာရှိလို့ ကျောင်းမှာစိတ်ညစ်ခဲ့ရပါတယ်။ သူငယ်ချင်းတွေက နင့်မျက်နှာကိုဂရုစိုက်ရင်လှလာလိမ့်မယ်ပြောလို့ Cosmetic များစွာသုံးကြည့်ခဲ့ပါတယ်။ ကျောင်းကအားပေါ်က အစ်မကြီးတစ်ယောက်က ညီမလေး "ရွှေပြည်နန်း"ကို သုံးကြည့်ပါလားတဲ့ နိုင်ငံခြားဖြစ် Cosmetic များစွာသုံးပြီးမပျောက်ခဲ့လို့ သုံးရမှာကိုစိတ်ညစ်နေခဲ့ပါပြီ။ ဒါပေမဲ့လည်း လူပြောများတာကြောင့် **ရွှေပြည်နန်းသံပုရာနဲ့ ခရေကို** စမ်းသုံးကြည့်ခဲ့ပါတယ်။ **ရွှေပြည်နန်းသံပုရာ**ကိုညတိုင်းလိမ်းပြီး **ခရေ**ကိုတော့ကျောင်းသွားတိုင်း လိမ်းခဲ့ပါတယ်။ အခုတော့ ရွှေပြည်နန်းရဲ့အကျိုးကျေးဇူးကြောင့် ကျောင်းမှာမွှင့်လန်းတဲ့ပန်းလေးတစ်ပွင့်ဖြစ်ခဲ့ပါပြီ။ **ရွှေပြည်နန်းရဲ့ခရေကောင်းကြောင်းပြောလွန်းလို့ သူငယ်ချင်းတွေက နန်းခရေလို့တောင်ခေါ်ခဲ့ကြပါတယ်။** ရွှေပြည်နန်းကိုလည်း အရမ်းကျေးဇူးတင်မိပါတယ်။ သူငယ်ချင်းတွေထဲမှာလည်း ရွှေပြည်နန်းကျေးဇူးကြောင့် လှသွားတဲ့သူတွေလည်းရှိပါတယ်။ အဲဒါကြောင့် ရွှေပြည်နန်းကိုပဲ ယုံယုံကြည်ကြည်နဲ့သုံးစွဲကြပါလို့လည်း အကြံပြုတိုက်တွန်းချင်ပါတယ်၊ သုံးစွဲသူတွေ အကျိုးရှိအောင်လို့ စေတနာတွေထည့်ပြီးထုတ်လုပ်ပေးသော ရွှေပြည်နန်းကုမ္ပဏီကိုလည်းကျေးဇူးတင်ပါတယ်။

မစုဒါလီမောင် AGTI Second Year (Civil)၊ အောင်စေတနာ(A)ရပ်ကွက်၊ မကွေးမြို့၊

ထပ်ဆင့်ထောက်ခံအပ်ပါသည်။

မစုဒါလီမောင်၏ပေးစာတွင်ဖော်ပြထားသော အကြောင်းအရာအချက်အလက်များမှာ မှန်ကန်သောဖြစ်ရပ်များဖြစ်ပါကြောင်းနှင့် ကျွန်မကိုယ်တိုင်သိရှိခဲ့သော မျက်မြင်ကိုယ်တွေ့ အကြောင်းအရာများဖြစ်ပါကြောင်း ထပ်ဆင့်ထောက်ခံအပ်ပါသည်။

မနီနီစိုး အရောင်းဌာန (ကြီးကြပ်ရေးမှူး) (IBTC)၊ မကွေးမြို့၊

ဖိတ်ခေါ်အပ်ပါသည်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်မရှိ) နေရပ်လိပ်စာ အပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်များ

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

လူမှုကရုဏာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဧပြီ ၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်အား Thailand Culinary Academy မှ Founder Chairman, Mr. Willment Leong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံပြီး အမျိုးသမီးများနှင့် လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အချက်အပြုတ်နည်းပညာ လုပ်ငန်းခွင်သင်တန်းများ၊ အစောင့်အရှောက်ခံကလေးသူငယ်များ၊ ဘိုးဘွားများနှင့် မသန်စွမ်းသူများအတွက် လူမှုကရုဏာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အလုပ်အကိုင်ရ၍ ဝင်ငွေအတွက်အဆင်ပြေ

ရန်ကုန် ဧပြီ ၁

ယခုအခါ နိုင်ငံတော်အစိုးရမှ တံခါးဖွင့်စီးပွားရေးမူဝါဒအရ ပြည်သူတိုင်းအား ကားတင်သွင်းခွင့်များ ခွင့်ပြုလုပ်ကိုင်စေရာ ကားတင်သွင်းသည့်ကုမ္ပဏီများအနေဖြင့် မိမိတို့ကားထုတ်ယူရသည့် ဆိပ်ကမ်းများမှ မိမိတို့ ကားအရောင်းစင်တာသို့ ကားမောင်းတတ်သည့် လူငယ်များအား ငှားရမ်းအသုံးပြုနေရသည်။

အဆိုပါ လူငယ်များအနေဖြင့် မိမိတို့နေထိုင်ရာ ရပ်ကွက်ဆီမှ ဆူးလေ၊ ဗိုလ်တထောင်၊ သီလဝါစသော ဆိပ်ကမ်းများသို့ နေ့စဉ်ကားများသွားရောက်ထုတ်ယူနေရပြီး မိမိတို့ထုတ်ယူရသည့် ဆိပ်ကမ်းအကွာအဝေးပေါ် မူတည်ပြီး တစ်စီးလျှင်မောင်းနှင်ကြေး ကျပ် ၅၀၀၀ မှ ကျပ် ၁၀၀၀၀ အကြားရရှိသဖြင့် အလုပ်အကိုင်လည်းရ ဝင်ငွေလည်းရရှိသဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။**(ဝဲပုံ)**

မြတ်ကို(ဒေါနမြေ)

မြန်မာဂေါက်သီးရိုက်အားကစားသမားများ ဆုများအသီးသီးရရှိ

ရန်ကုန် ဧပြီ ၁

မတ် ၂၆ ရက်မှ ၂၉ ရက်အထိ ထိုင်းနိုင်ငံ Windsor Park & Golf Club, Bangkok ၌ ကျင်းပသည့် "12nd True Visions International Junior Golf Championships 2013"လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲသို့ မြန်မာဂေါက်သီးရိုက်အသင်းအနေဖြင့် အသင်းခေါင်းဆောင် ဦးမင်းသိန်း(ဒုတိယဥက္ကဋ္ဌ)၊ အသင်းအုပ်ချုပ်သူ ဦးမျိုးထွန်း(တွဲဖက်အထွေထွေအတွင်းရေးမှူး)တို့ ဦးဆောင်၍ သွားရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာလူငယ် ဂေါက်သီးရိုက်အသင်းသည် သက်တန်းအလိုက်ပြိုင်ပွဲအမျိုးမျိုးတွင် အမျိုးသားအားကစားသမား ၁၂ ဦး၊ အမျိုးသမီးအားကစားသမား ခြောက်ဦး စုစုပေါင်း ပြိုင်ပွဲဝင်အားကစားသမား ၁၈ ဦးတို့ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ တရုတ်(တိုင်ပေ)၊ ထိုင်း၊ စင်ကာပူ၊ ဟောင်ကောင်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဂူအမ်၊ မလေးရှား၊ ဗီယက်နမ်၊ ဂျာမနီ၊ ဖင်လန်၊ အိုင်ယာလန်၊ မြန်မာ စသည့် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ အားကစားသမား စုစုပေါင်း ၂၄၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ အမျိုးသမီးဂေါက်သီးအားကစားသမား သင်းဝေခိုင်က Consolation ပြိုင်ပွဲ(Girl Class D)တွင် ပထမဆု၊ အမျိုးသားဂေါက်သီးအားကစားသမား ပြည့်မင်းရှိန်က Consolation ပြိုင်ပွဲ (Boy Class B)တွင် ပဉ္စမဆု၊ အမျိုးသားဂေါက်သီးအားကစားသမား ဖြိုးဇံက Consolation ပြိုင်ပွဲ (Boy Class D) တွင် ပဉ္စမဆုများ အသီးသီးရရှိခဲ့သည်။

ယင်းပြိုင်ပွဲမတိုင်မီ ထိုင်းနိုင်ငံ Bangsai Country Club တွင် မတ် ၂၁ ရက်မှ ၂၂ ရက်ထိ ကျင်းပခဲ့သည့် The 23rd Thailand Ladies Amateur Open ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးဂေါက်သီးအားကစားသမား ဖူးပွင့်ရတီခိုင်က Flight B တွင် ပထမဆုရရှိခဲ့သည်။**(အပေါ်ပုံ)**

မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းသည် မတ် ၃၀ ရက် မွန်းလွဲပိုင်းတွင် TG လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆွေမျိုးများက ဂုဏ်ပြုပန်းစည်းများဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

(ကြေးမုံ)

ရန်ကုန်မြို့တော်အတွင်း သင်္ကြန်မဏ္ဍပ် ဆောက်လုပ်ခွင့်များ ချထားပေးလျက်ရှိ

ရန်ကုန် ဧပြီ ၁

ယခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်အတွက် ရန်ကုန်မြို့၌ မဏ္ဍပ်ဆောက်လုပ်ခွင့်ပါမစ်များကို မတ် ၂၉ ရက်မှစတင်၍ ချထားပေးလျက်ရှိရာ မဏ္ဍပ် ၄၀ ရှိနေပြီဖြစ်ကြောင်းနှင့် ပုဂ္ဂလိကပိုင်မြေများကလည်း မဏ္ဍပ်ဆောက်လုပ်လိုပါက စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ ဒုတိယဌာနမှူးက ပြောပြသည်။

မဏ္ဍပ်အရွယ်အစားကို မျက်နှာဖွင့်အကျယ် ပေ ၁၀၀ နှင့် အထက်ကို မဏ္ဍပ်ကြီး၊ ပေ ၁၀၀ နှင့် ပေ ၅၀ အတွင်းကို မဏ္ဍပ်အလတ်နှင့် ပေ ၅၀ အောက်ကို မဏ္ဍပ်အသေးဟု သတ်မှတ်ထားကြောင်း သိရသည်။ ဆောက်လုပ်ခွင့်ရသူများသည် အာမခံ စပေါ်ငွေအဖြစ် မဏ္ဍပ်အကြီးကို ငွေကျပ် ၇၅ သိန်း၊ အလတ်ကို ငွေကျပ် ၄၅ သိန်းကြိုတင်ပေးသွင်းရပြီး သတ်မှတ်စည်းကမ်းချက်များကို လိုက်နာပါက အဆိုပါ စပေါ်ငွေကို သင်္ကြန်အပြီး ဧပြီ ၂၂ ရက်မှ ၂၆ ရက်အတွင်း ပြန်လည်ထုတ်ပေးသွားမည်ဟု သိရသည်။ မဏ္ဍပ်အသေးအတွက်ကိုမူ သက်ဆိုင်ရာမြို့နယ်က နေရာချပေးမည်ဖြစ်ပြီး စပေါ်ငွေပေးစရာ မလိုဟုလည်း ဆက်လက်ပြောပြခဲ့သည်။

မဏ္ဍပ်များအား ကန်တော်ကြီးပတ်လမ်းတွင် ၁၇ ခု၊ ရန်ကင်းဆရာစံပန်းခြံရှေ့တစ်ခု၊ ကမ္ဘာအေးဘုရားလမ်းတွင် ၁၀ ခု၊ ပါရမီမင်းလမ်းတွင် သုံးခု၊ ပြည်လမ်းတွင် နှစ်ခုစသဖြင့် ၄၀ ရှိနေပြီ ဖြစ်သည်။

၂၀၁၃ခုနှစ်၏ အတာသင်္ကြန်ကို ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် မဏ္ဍပ်များအား စည်းကမ်းထိန်းသိမ်းရေးကော်မတီ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ၊ လုံခြုံရေးကော်မတီ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မဆီလျော်သော ဝတ်စားဆင်ယင်မှုများ ကြပ်မတ်စစ်ဆေးမှတ်တမ်းတင်ရေးဆပ်ကော်မတီ၊ မဏ္ဍပ်နေရာ ချထားရေးဆပ်ကော်မတီ၊ မဏ္ဍပ်ကြံ့ခိုင်မှုစစ်ဆေးရေးဆပ်ကော်မတီ၊ မဟာသင်္ကြန်သီချင်းသံချပ် စိစစ်ရေးကော်မတီ၊ လူမှုရေးနှင့် ဘာသာရေးဆိုင်ရာဆပ်ကော်မတီ၊ ပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မဏ္ဍပ်ဆောက်လုပ်ရေးကော်မတီဟူ၍လည်း ဖွဲ့စည်းထားပြီး ညွှန်ကြားဆောင်ရွက်သွားမည်ဟုလည်း သိရသည်။

(နန္ဒာဝင်း)

မိမိရပ်ရွာ/ ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

မီးသတ်ဦးစီးဌာန

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၇) (၁၇)နှစ်မြောက် အလှူငွေပေးအပ်ပွဲနှင့် ညစာစားပွဲဖိတ်ကြားခြင်း

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၇)၏(၁၇)နှစ်မြောက် အလှူငွေပေးအပ်ပွဲနှင့် ညစာစားပွဲအား အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

ကျင်းပမည့်နေ့ရက်	- ၅-၄-၂၀၁၃ (သောကြာနေ့)
ကျင်းပမည့်အချိန်/နေရာ	-နံနက် ၉ နာရီ (အလှူငွေပေးအပ်ပွဲ) -အောင်မိဘမဲ့ပရဟိတကျောင်း၊ အောင်ဇေယျတံတားအဆင်း (၃)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ လှိုင်သာယာ။ -ည ၁၈း၃၀ နာရီ (ညစာစားပွဲ) စိမ်းလန်းစိုပြေစားသောက်ဆိုင်၊ အင်းယားလမ်း၊ ကမာရွတ်။
ဆက်သွယ်ရန်	-ကိုကိုအောင်ဖုန်း-၀၉-၅၅၀၂၅၃၈)၊ဇော်လတ်ဖုန်း-၀၉၇၃၀၁၈၁၂၃ မျိုးမြင့်ဦး ဖုန်း-၀၉၅၀၅၀၁၉၃)၊ ထွန်းဇော်ဝင်း ဖုန်း-၀၉၅၂၀၀၅၅၅) ဇော်နိုင်ဦး ဖုန်း-၀၉၅၁၂၃၅၃၉၊ကျော်ဝင်းထွန်း ဖုန်း-၀၉၄၉၂၆၂၇၆၀

အင်းလေးဒေသဟိုတယ်ဇုန်မြေနေရာချထားမည့်ရက်အား အသိပေးကြေညာခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အင်းလေးဒေသတွင် ဟိုတယ်ဇုန်မြေနေရာများအား ဖော်ထုတ်လျက်ရှိပါသည်။

၂။ ဟိုတယ်ဇုန်တွင် လုပ်ငန်းများလာရောက် ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များ၏ လျှောက်လွှာများအားလည်း လက်ခံရရှိပြီး ဖြစ်ပါသည်။

၃။ သို့ပါ၍ အင်းလေးဒေသဟိုတယ်ဇုန်မြေနေရာချထားမှုအား အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က)နေရာ။ မြို့တော်ခန်းမ၊ တောင်ကြီးမြို့
(ခ)ရက်စွဲ။ ၈-၄-၂၀၁၃(တနင်္လာနေ့)
(ဂ)အချိန်။ နံနက် ၉ နာရီ

၄။ အသေးစိတ်သိရှိလိုပါက တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၈၁-၂၁၂၀၀၃၊ ၀၈၁-၂၁၂၁၂၁၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်း နိုင်ပါသည်။

အင်းလေးဟိုတယ်ဇုန် မြေနေရာချထားရေးလုပ်ငန်းကော်မတီ
တောင်ကြီးမြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း အလုပ်အမှုဆောင်အဖြစ်အဆိုပြုနိုင်ရန်ဖိတ်ခေါ်ခြင်း

မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ (၁၉)ကြိမ်မြောက်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၃-၂၀၁၅ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ရွေးချယ်ဖွဲ့စည်းရာတွင် အသင်းအလုပ်အမှုဆောင်အဖြစ်ပါဝင်ဆောင်ရွက်လိုသည့် အသင်းဝင်များအနေဖြင့် မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းရုံး၊ မူဆယ်မြို့တွင် ၂၀၁၃ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှစ၍ “အဆိုပြုလွှာ”များ ထုတ်ယူနိုင်ပါသည်။ ၂၀၁၃ ခုနှစ် ဧပြီလ(၁)ရက်နေ့မှ ၂၀၁၃ခုနှစ်၊ မေလ(၁၅)ရက်နေ့အတွင်း “အဆိုပြုလွှာ”များ တင်သွင်းနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဦးခင်ဇော်(ရုံးအုပ်)၀၈၂-၅၀၆၄၈၊
၅၂၉၈၄၊ ၀၉၅၂၃၃၂၅၀
၀၉၅၂၀၄၀၇၅
၀၆၉၂-၆၂၈၂၅၅၄၊ ၆၂၀၅၄၇၄

အလုပ်အမှုဆောင်အဖွဲ့
မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း

မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားမှုတွင် ဖြေလျှော့မှုများ အများသိစေရန်ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရဟန်း၊ သံဃာတော်၊ သီလရှင်များသည် မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် ရပ်ကွက်/ကျေးရွာ သံဃနာယကအဖွဲ့၊မြို့နယ်သံဃနာယကအဖွဲ့၊ မြို့နယ်ရဲစခန်း ထောက်ခံချက်များဖြင့် သာသနာရေးဝန်ကြီးဌာနမှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်တောင်းခံ၍ မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားမှုများ ဆောင်ရွက်ရပါသည်။

ယခုအခါ မြန်မာနိုင်ငံကူးလက်မှတ်အသစ် ပြုလုပ်ခြင်းနှင့် သက်တမ်းတိုးခြင်းအကြောင်းအရာ (၂)မျိုးအတွက် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီးဖြစ်၍ သာသနာရေးဝန်ကြီးဌာနမှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်တောင်းခံရန်မလိုတော့ဘဲ သာသနာဝင်ကတ်ပြား၊ မြို့နယ်သံဃနာယကအဖွဲ့ ထောက်ခံချက်ရယူပြီး အတွင်းရေးမှူး၊ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့သို့ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။



တားမြစ်ဆေးသုံးစွဲခဲ့ဖူးသည့် အဆိုတော် ဂျက်စတင် တင်မ်ဘားလိက်

အဆိုတော်မင်းသား ဂျက်စတင် တင်မ်ဘားလိက်က ယခင်က ၎င်းသည် တားမြစ်ဆေးဝါးသုံးစွဲခဲ့ဖူးကြောင်း ဝန်ခံခဲ့သည်။

(၃၂)နှစ်အရွယ်ရှိ အဆိုတော်မင်းသား ဂျက်စတင်က Coachella ပွဲတော်သို့ တက်ရောက်လေ့ရှိစဉ်က ယခုအခြေအနေနှင့် များစွာ ကွဲပြားခြားနားကြောင်း၊ ထိုစဉ်က အဖြစ်အပျက်များကို ကောင်းကောင်း မမှတ်မိတော့ကြောင်း၊ ယင်းကိစ္စများကို အတိတ်မှာ ထားခဲ့ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

တစ်နှစ်တာ စိတ်လွတ်ကိုယ်လွတ်နေထိုင်ခဲ့ပြီးနောက်ပိုင်း ၎င်း၏စိတ်ကို အတော်အတန် ထိန်းချုပ်နိုင်ခဲ့ပြီး ရှင်လန်းတက်ကြွသူတစ်ဦး ဖြစ်လာခဲ့ကာ ပြီးခဲ့သည့်နှစ်က ယင်းအဆိုတော်သည် မင်းသမီး ဂျက်စီကာ ဘိုင်လ်နှင့် လက်ထပ်ခဲ့ပြီးနောက် အချက်အပြုတ်ကို စိတ်ဝင်စားလာကြောင်း၊ ချောကလက်ပြုလုပ်ပုံကိုလည်း စိတ်ဝင်စားနေကြောင်း Suit & Tie သီချင်းအဆိုတော် ဂျက်စတင်၏အဘွားက သူမ၏မြေး ဂျက်စတင် တင်မ်ဘားလိက်နှင့် ပတ်သက်ပြီး ပြောပြသည်။

အမျိုးသားက မီးဖိုချောင်မှ ကူဖော်လောင်ဖက်ရတော့ အိမ်ရှင်မ ဂျက်စီကာ တစ်ယောက် ကံကောင်းတာပေါ့ရှင်။ ကျွန်မက သူ့အမျိုးသားအဆိုတော်ကို အချက်အပြုတ်ကောင်းကောင်း သင်ပြပေးထားတာဟု ထပ်လောင်းပြောပြသည်။

တောင်ကိုရီးယား၌ ဝတ်စားဆင်ယင်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်း အမျိုးသမီးများ သတိပြုဆင်ခြင်သင့်

အမျိုးသမီးများ၏ ပေါင်ပေါ်စကပ်တိုနှင့် အဖော်အချွတ်ဝတ်စားဆင်ယင်မှုဆိုင်ရာ ဥပဒေတစ်ရပ်ကို တောင်ကိုရီးယားနိုင်ငံတွင် ထုတ်ပြန်ခဲ့ပြီးနောက်ပိုင်းတွင် လူထုအကြား အငြင်းပွားစရာများ ဖြစ်လာခဲ့သည်။

ကိုရီးယားအမျိုးသမီးအဆိုတော်အဖွဲ့အချို့သည် ပေါင်ပေါ်စကပ်တိုများ ဝတ်လေ့ရှိပြီး မိန်းမပျိုတို့၏ ဖုံးကွယ်အပ်သည်တို့ကို လှစ်ဟဝတ်ဆင်မှုတို့ဖြင့် အမျိုးသားပရိသတ်အင်အားကို ရယူလေ့ရှိသည်။ ထို့အတူ လုပ်ငန်းရှင်ကုမ္ပဏီအချို့ကလည်း ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် ကုန်ပစ္စည်းကြော်ငြာရာ၌ အမျိုးသမီးတို့၏ ခန္ဓာကိုယ်အလှတို့ကို အသုံးချလေ့ရှိရာ အမျိုးသမီးထုအကြား သရုပ်ပျက်ဝတ်ဆင်မှုကို တွန်းအားဖြစ်စေခဲ့သည်။

ကိုရီးယားဖျော်ဖြေရေး အနုပညာရှင် အမျိုးသမီးအတော်များများ၏ ဝတ်စားဆင်ယင်ပုံမှာ ပေါင်ပေါ်စကပ်တိုနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းလှစ်ဟဖော်ပြမှုတို့ကို တွေ့မြင်ရလေ့ရှိသည်။ ယင်းဥပဒေကြောင့် ကြော်ငြာအချို့နှင့် ဖျော်ဖြေရေးအနုပညာရှင်အမျိုးသမီးများအတွက် အမျိုးသားပရိသတ်ကျဆင်းသွားမည်လားဆိုသည့် မေးခွန်းတို့လည်း ပေါ်ထွက်လာသည်။

ပြီးခဲ့သည့် မတ် ၂၂ ရက်က တောင်ကိုရီးယားအမျိုးသမီးသမ္မတ ပါ့ခ်ဂွန်ဟေးက အများပြည်သူရှေ့မှောက်၌ ပေါင်ပေါ်စကပ်တိုနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ သိသာထင်ရှားစွာ ဖော်ပြခြင်းတို့အား တားမြစ်သည့်ဥပဒေပြဋ္ဌာန်းခဲ့ပြီး ကျူးလွန်လျှင် ဒဏ်ငွေ ကိုရီးယားဝမ် ၅၀၀၀၀ (၄၅ ဒေါ်လာ) ပေးဆောင်စေရမည်ဖြစ်သည်။ အထူးသဖြင့် အောင်မြင်ကျော်ကြားသူတို့၏ ဝတ်စားဆင်ယင်မှုသည် ပြည်သူတို့အတွက် ရှေ့ဆောင်လမ်းပြအဖြစ် သက်ရောက်မှုအားကောင်းသည်။ ထို့ကြောင့် ၎င်းတို့သည် သာမန်ပြည်သူတို့ထက် ပို၍ ဆင်ခြင်ဝတ်စားသင့်သည်ဟုဆိုသည်။ အချို့သုံးသပ်သူတို့က အဝတ်အစားဒီဇိုင်နာတို့၏ ဖန်တီးမှုနှင့်လည်း သက်ဆိုင်သည်ဟု ၎င်းတို့၏အမြင်ကို ထုတ်ဖော်ပြောကြသည်။

အချို့ပြည်သူတို့က ယင်းဥပဒေမှာ ရှေးရိုးစွဲဝါဒဟု မြင်ကြပြီး လိင်ပိုင်းဆိုင်ရာဆွဲဆောင်မှုမှာ အဝတ်အစားနှင့်သာမဟုတ် အချို့သီချင်းစာသားများသည်လည်း လိင်ပိုင်းဆိုင်ရာစာသားများ ပါဝင်နေခြင်း၊ အဆိုတော်အမျိုးသားအချို့၏ အထက်ပိုင်းဗလာနှင့် အမြင်ရိုင်းသောကကွက်များဖြင့် ဖျော်ဖြေခြင်းတို့နှင့်လည်းပတ်သက်ပြီး မေးခွန်းထုတ်လာကြသည်။

ယင်းဥပဒေကြောင့် ကိုရီးယားဖျော်ဖြေရေးလုပ်ငန်းများကို ထိခိုက်နိုင်သလား၊ ခန္ဓာကိုယ်အစိတ်အပိုင်းလုံခြုံမှုမရှိသော ဝတ်စားဆင်ယင်ခြင်းမပြုလျှင် ကိုရီးယားအမျိုးသမီးဖျော်ဖြေရေးအနုပညာရှင်များအတွက် လုပ်ငန်းအောင်မြင်မှုရနိုင်ပါ့မလား စသည့်မေးခွန်းတို့ဖြင့် တောင်ကိုရီးယားပြည်သူတို့အကြား အငြင်းပွားလျက်ရှိသည်။

2013 Next Magazine TV ဆုစာရင်းမှ နံပါတ် တစ် ရရှိသွားသည့် မင်းသမီးလင်ဒါချောင်း

ရုပ်သံထုတ်လွှင့်ရေးလီမိတက်(TVB)အစီအစဉ်၏ အနုပညာရှင်များထဲမှ ထင်ရှားပေါ်လွင် လူကြိုက်အများဆုံးဆု 2013 Next Magazine TVစာရင်းကို ထုတ်ပြန်ခဲ့ရာ ၂၀၀၄ ခုနှစ်က နိုင်ငံတကာတရုတ်မယ်ရွေးချယ်ပွဲမှ ဆုရရှိခဲ့သည့် အဆိုတော်သရုပ်ဆောင်မင်းသမီး လင်ဒါချောင်းက နံပါတ်တစ်နေရာ၌ ရပ်တည်နိုင်ခဲ့သည်။ သူမသည် ဟာသဒရမ်မာရုပ်မြင်သံကြားအစီအစဉ် Witness Insecurityဇာတ်လမ်းတွဲမှ ရရှိခဲ့ခြင်းဖြစ်ပြီး ယင်းဇာတ်လမ်းတွဲသည်လည်း လူကြိုက်အများဆုံးရုပ်သံစာရင်းဝင်အဖြစ် သတ်မှတ်ခံရသည်။

ယင်းဟောင်ကောင်ဟာသဒရမ်မာရုပ်သံဇာတ်လမ်းတွဲအား ထုတ်လွှင့်ပြသနေစဉ်ကတည်းက အွန်လိုင်းမှ ဆန္ဒမဲများ ရရှိနေပြီဖြစ်သည်။ Inbound Troubles ရုပ်သံဇာတ်လမ်းတွဲမှ ဟောင်ကောင်သရုပ်ဆောင်မင်းသမီး Joey Meng လည်း လူကြိုက်အများဆုံး ထိပ်တန်း ၁၀ ဦး စာရင်းဝင်ခဲ့သည်။

၁၉၉၁ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့သည့် the Next Magazine TV ဆုပေးပွဲကို ဟောင်ကောင်ရုပ်သံအစီအစဉ်ထုတ်လုပ်ရေးအတွက် ပူးပေါင်းဖွဲ့စည်းထားသော ဟောင်ကောင်ကုန်သွယ်ရေးအဖွဲ့ကြီးမှ စီမံကွပ်ကဲခြင်းဖြစ်သည်။ My Date with a Vampire၊ Stories from Afan၊ Flaming Brothers၊ Who Wants to Be a Millionaire?နှင့် Central Affairs ဟောင်ကောင်ရုပ်သံဇာတ်လမ်းတွဲများသည်လည်း ATV ရုပ်သံအစီအစဉ်မှ လူကြိုက်အများဆုံးဆုများ ရရှိခဲ့ဖူးသည်။

လူကြိုက်အများဆုံးထိပ်တန်းရုပ်သံအစီအစဉ် ဇာတ်လမ်းတွဲ ၁၀ ခုမှာ-

(၁) Inbound Troubles (၂) Witness (၃) The Confidant (၄) Friendly Fire (၅) Highs and Lows (၆) Silver Spoon, Sterling Shackles (၇) Divas in Distress (၈) The Last Steep Ascent (၉) Ghetto Justice 2 (၁၀) Telling Maria တို့ဖြစ်သည်။

ဇေယျာလင်း - ရေးသားဖော်ပြသည်





မန်ယူအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် မာတင်အိုနေးလ်ကို ဆန်းဒါးလန်းထုတ်ပယ်

ဆန်းဒါးလန်းအသင်းသည် ဆိုးရွားသောရလဒ်များသာ ဆောင်ကြဉ်းပေးနိုင်ခဲ့သည်ဟုဆိုကာ အသင်းနည်းပြ မာတင်အိုနေးလ်ကို ထုတ်ပယ်လိုက်ကြောင်း သိရသည်။

လက်ရှိတွင် ဆန်းဒါးလန်းအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် (၃၁)တွင် မန်ယူအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် လက်ကျန်ပွဲ ခုနစ်ပွဲ ကျန်နေသေးသော်လည်း တန်းဆင်းဇုန်အထက် တစ်မှတ်အသာဖြင့် တန်းဆင်းဇုန်ထဲကျရောက်မည့်အန္တရာယ်၏ ခြိမ်းခြောက်မှု ခံနေရပြီဖြစ်သည်။

ဆန်းဒါးလန်းအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် ရှစ်ပွဲတွင် နိုင်ပွဲပျောက်ဆုံးခဲ့ပြီး ယင်းပွဲစဉ်များတွင် သုံးမှတ်သာ ရယူနိုင်ခဲ့ခြင်းကြောင့် မာတင်အိုနေးလ်ကို အသင်းနည်းပြ အဖြစ်မှ ထုတ်ပယ်လိုက်ခြင်း ဖြစ်သည်။

ဆန်းဒါးလန်းအသင်းနည်းပြ မာတင်အိုနေးလ်သည် ပရီမီယာလိဂ်ပွဲပေါင်း ၅၅ ပွဲတွင် ၁၆ ပွဲသာနိုင်ပွဲရရှိခဲ့သည့် စံချိန်နှင့်ပင် အသင်း၏ ထုတ်ပယ်ခြင်းကို ခံလိုက်ရခြင်းဖြစ်သည်။

လာလီဂါ၌ ၁၉ ပွဲဆက်တိုက်ဂိုးသွင်းနိုင်သည့် ပထမဆုံးကစားသမား မက်ဆီဖြစ်လာ

ဘာစီလိုနာတိုက်စစ်မှူးလီယွန်နယ်မက်ဆီသည် လာလီဂါပွဲစဉ်များတွင် ၁၉ ပွဲဆက်တိုက်ဂိုးသွင်းယူနိုင်ခဲ့သည့် စပိန်လာလီဂါသမိုင်း၏ ပထမဆုံးကစားသမား ဖြစ်လာကြောင်း သိရသည်။

တစ်နှစ်တာ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို လေးနှစ်ဆက်တိုက်ဆွတ်ခူးရရှိထားသည့် အာဂျင်တီးနား တိုက်စစ်မှူးမက်ဆီသည် ဘာစီလိုနာနှင့် ဆယ်လ်တာဗီဂိုတစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည့် ပွဲစဉ်အပါအဝင် ဘာစီလိုနာအသင်းအတွက် ၁၉ ပွဲဆက်တိုက်ဂိုးသွင်းယူပေးနိုင်ပြီး ဘာစီလိုနာအသင်းအတွက် အကောင်းဆုံး စွမ်းဆောင်ပေးနိုင်ခဲ့သည်။

ဘာစီလိုနာအသင်းသည် မက်ဆီ၏ သွင်းဂိုးများနှင့်အတူ စပိန်လာလီဂါ၏ အမှတ်ပေးဇယားတွင် ဒုတိယနေရာမှ ရပ်တည်နေသော ရီးယဲလ်မက်ဒရစ်အသင်းကို ၁၃ မှတ်ဖြတ်ထားနိုင်ခဲ့ပြီဖြစ်သည်။

ဘာစီလိုနာသည် စပိန်လာလီဂါရပ်ဝန်းကို လွှမ်းမိုးထားနိုင်ဆဲဖြစ်သည်နှင့်အညီ မက်ဆီဦးဆောင်သော တိုက်စစ်ပုံစံဖြင့် ပီအက်စ်ဂျီအသင်းနှင့် ယှဉ်ပြိုင်ရမည့်ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တွင် အကောင်းဆုံးကျော်ဖြတ်ရန်လည်း မျှော်လင့်ထားသည်ဟု ဆိုသည်။

ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေး
Sony Open ချန်ပီယံဘွဲ့ခံယူကာ ကမ္ဘာ့အဆင့်(၂)ပြန်ရရှိ

အမေရိကန်၌ ကျင်းပခဲ့သော Sony Open တင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးသည် စပိန်တင်းနစ်ကစားသမား ဒေးဗစ်ဖာရာကို အနိုင်ရရှိကာ Sony Open တင်းနစ်ပြိုင်ပွဲ၏ အမျိုးသားချန်ပီယံအဖြစ် (၂)ကြိမ်မြောက် ရပ်တည်နိုင်ခဲ့ပြီဖြစ်သည်။

အန်ဒီမာရေးသည် Sony Open တင်းနစ်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲတွင် ဒေးဗစ်ဖာရာကို ၂-၆၊ ၆-၄၊ ၇-၆ ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့်(၂)နေရာသို့ ပြန်လည်ရရှိခဲ့ပြီလည်းဖြစ်သည်။

အန်ဒီမာရေးသည် ၂၀၁၁ ခုနှစ်ကုန်ပိုင်းက ရှန်ဟိုင်း၌ ကျင်းပခဲ့သော တင်းနစ်ပြိုင်ပွဲတွင် ဒေးဗစ်ဖာရာကို ရှုံးနိမ့်ခဲ့ပြီးနောက် ယခု Sony Open တင်းနစ်ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ခြင်းသည် ဒေးဗစ်ဖာရာကို ပထမဆုံးအကြိမ် ပြန်လည်အနိုင်ယူခဲ့ခြင်းဖြစ်သည်။

နိုင်လင်းကြည်

တိုက်စစ်မှူးအန်ဒီကာရိုးကို အသင်း၌ဆက်ရှိနေရန် ဝက်စ်ဟမ်း မျှော်လင့်

ဝက်စ်ဟမ်းအသင်းမန်နေဂျာ ဆမ်အယ်လ်လာဒီစီသည် လီဗာပူးအသင်းမှ အငှားစာချုပ်ဖြင့် ရောက်ရှိလာသော တိုက်စစ်မှူးအန်ဒီကာရိုးကို လာမည့်ဘောလုံးရာသီအထိ အသင်းတွင် ဆက်ထိန်းထားရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ဝက်စ်ဟမ်းအသင်းနှင့် ဝက်စ်ဘရွန်းအသင်းတို့၏ ပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းအတွက် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် အန်ဒီကာရိုးသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလက စံချိန်တင်အလွတ်ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းဖြင့် လီဗာပူးအသင်းသို့ ရောက်ရှိလာသူဖြစ်သည်။

လီဗာပူးအသင်းကမူ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် သန်း၅၀ ဖြင့် ပြောင်းရွှေ့သွားသော စပိန်တိုက်စစ်မှူး ဖာနန်ဒိုတောရက်နေရာတွင် အစားထိုးရန် တိုက်စစ်မှူးအန်ဒီကာရိုးအား ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် ဝက်စ်ဟမ်းအသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားစေခဲ့သည်။

လက်ရှိဝက်စ်ဟမ်းအသင်းတွင် အကောင်းမွန်ဆုံး ခြေစွမ်းရရှိနေပြီဖြစ်၍ ဝက်စ်ဟမ်းအသင်းအနေဖြင့် ကာရိုးအား နောက်ထပ်တစ်ရာသီအသင်းတွင် ဆက်နေရန် မျှော်လင့်ထားခြင်းဖြစ်ကြောင်း သိရသည်။

ကစားသမားသစ်ခေါ်ယူမှုအတွက် ပေါင်သန်း ၇၀ အသုံးပြုမည့်အာဆင်နယ်

အာဆင်နယ်အသင်းသည် ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းအတွက် အနာဂတ်မျိုးဆက်ဝါရင့်ဘောလုံးသမားများကိုခေါ်ယူရန် ပေါင်သန်း ၇၀ သုံးစွဲသွားရန် စီစဉ်လျက်ရှိသည်။

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် ဘွန်ဒက်လီဂါတွင် ကစားလျက်ရှိသော ကစားသမားသုံးဦးကိုအဓိက ပစ်မှတ်ထားလျက်ရှိပြီး အသင်းကို အရည်အချင်းရှိကစားသမားများ ထပ်မံဖြည့်တင်းရန် စံချိန်တင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်လည်း မျှော်လင့်လျက်ရှိကြောင်း သိရသည်။

အာဆင်နယ်အသင်း၏ ကစားသမားခေါ်ယူမှုစာရင်းတွင် ဒေါ့မွန်အသင်းမှ လီဝန်ဒိုစကီးနှင့် မာရီယိုဂေါ့ဇီ၊ လေဗာကူဆင်အသင်းမှ လာဘန်ဒါတို့ပါဝင်နေပြီး မန်ယူ၊ ချယ်လ်ဆီးနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့၏ စိတ်ဝင်စားမှုခံစားရသော ပိုလန်တိုက်စစ်မှူးရောဘတ်လီဝန်ဒိုစကီးကိုမူ အာဆင်နယ်အသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းပေး၍ ခေါ်ယူမည်ဟု ဆိုသည်။

ဂီတလောကအနုပညာရှင်မောင်နှမများ၊ မူပိုင်ခွင့်ရှိသူများ အများသိစေရန်ကြေညာခြင်း

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)သည် ဂီတလောကနှင့် အနုပညာရှင် ညီအစ်ကိုမောင်နှမများ၏အကျိုးကို ရှေးရှုလျက် တေးသီချင်းများကို Ring Tune အဖြစ် သုံးစွဲခြင်းနှင့် ပတ်သက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်နံတစ်လျားတွင် သာမက ပြည်ပနိုင်ငံများနှင့်ပါ မိုဘိုင်းဖုန်း စောင့်ဆိုင်း တေးသံဝန်ဆောင်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တေးသီချင်းများကို Ring Tune အဖြစ် သုံးစွဲရန်အတွက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)နှင့် ချုပ်ဆိုထားပြီးသော ကုမ္ပဏီများရှိပြီးဖြစ်သကဲ့သို့ ပြည်တွင်းတွင်သာမက ပြည်ပနိုင်ငံများအထိ လုပ်ကိုင်ဆောင်ရွက်သွားရန်အတွက် ကမ်းလှမ်းသော ကုမ္ပဏီအဖွဲ့အစည်းများ ရှိပါသည်။

Ring Tune ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ဆန္ဒရှိကြသော လူပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများတို့သည် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)နှင့် စာချုပ်ချုပ်ဆို၍ ဆောင်ရွက်လုပ်ကိုင်နိုင်ကြပါသည်။

Ring Tune ဝန်ဆောင်မှုလုပ်ငန်းအတွက် အနုပညာရှင်ညီအစ်ကိုမောင်နှမများ၊ မူပိုင်ခွင့် ရှိသူများအနေဖြင့် ပါဝင်ဆောင်ရွက်ရန်ဆန္ဒမရှိပါက ယနေ့မှစ၍ (၃၀)ရက်အတွင်း မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)သို့ အကြောင်းကြားရန်ဖြစ်ကြောင်းကို ဂီတလောက အနုပညာရှင် မောင်နှမများ၊ မူပိုင်ခွင့်ရှိသူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ

ဦးသက်ဆွေ(စဉ်-၅၆၄၁)
LL.B, BDS, WIPO, D.L.P(Switzerland)
Dip in English, P.G.D.A(Music)
တရားလွှတ်တော်ရှေ့နေ
No-105 နှင်းဆီလမ်း-၂ ရပ်ကွက်၊ မရမ်းကုန်း
Ph: 09-73009957, 01-709604



တရားစခန်းများဖွင့်ပါမည်

မလှိုင်မြို့ရှစ်မျက်နှာကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ကျေးဇူးရှင်လယ်တီဆရာတော်ကြီးမှ အနာဂမ်ဆရာသက်ကြီး၏ ဝိပဿနာတရားရှုမှတ်နည်းအရ (၁၃)ကြိမ်မြောက်ဝိပဿနာ(၇)ရက် တရားစခန်းကို ၁-၄-၂၀၁၃မှ ၉-၄-၂၀၁၃ရက်အထိ လည်းကောင်း (၁၈)ကြိမ်မြောက် ရွှေမြင်တင်ရိပ်သာဒုလ္လဘယောဂီ မဟာသင်္ကြန် တွင်း (၇)ရက်တရားစခန်းကို ၁၁-၄-၂၀၁၃မှ ၁၇-၄-၂၀၁၃ရက်အထိ လည်းကောင်းဖွင့်လှစ်မည်ဖြစ်ပါ၍ တရားဘာဝနာပွားများလိုသူ သူတော်ကောင်းအပေါင်းတို့အား တရားစခန်းဖြစ်မြောက်ရေးအကျိုး ဆောင်အဖွဲ့ထံတွင် စာရင်းပေးသွင်းနိုင်ပါသည်။

(၃၁)ကြိမ်မြောက်အနန္တနယသမန္တမဟာပဋ္ဌာန်းပူဇော်ပွဲကို ၁၈-၄-၂၀၁၃မှ ၂၃-၄-၂၀၁၃ရက်အထိ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက် ကြည်ညိုကြပါရန် သူတော်ကောင်းအပေါင်းတို့အားဖိတ်ကြားအပ်ပါသည်။

တရားစခန်းဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ်(၁၃၂)နေ ဦးအုန်းကျော်-ဒေါ်တင်တင်ဝင်းတို့၏သား မောင်မြတ်မင်းကိုကို[၁၂/သလန(နိုင်)၀၉၈၁၅၈]သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက်လုပ်ဆောင်သွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ် စွန့်လွှတ် လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝနှင့် ငွေကြေးများ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။

ဦးအုန်းကျော်[၁၂/သလန(နိုင်)၀၇၂၈၆၇]
ဒေါ်တင်တင်ဝင်း[၁၂/သလန(နိုင်)၀၁၂၂၃၂]

ခြောက်ဘီးယာဉ်ဘရိတ်ပေါက်ပြီး ရှေ့မှကားကို ဝင်တိုက်

နေပြည်တော် မေ ၁

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းမပေါ်တွင် ရှေ့မှသွားနေသောယာဉ်အား နောက်မှ မောင်းနှင်လာသောယာဉ်က ဘရိတ်ပေါက်၍ ဝင်တိုက်မိသော ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ်ကျော်ဇောအောင်သည် ယာဉ်မှုစစ်ရဲစခန်းတွင် တာဝန်မှူးတာဝန် ဆောင်ရွက်နေစဉ် ယာဉ်မတော်တဆဖြစ်ပွားကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၂၅၄/၄)အနီးတွင် တပ်ကုန်းမြို့ဘက်မှ ပျဉ်းမနားမြို့နယ်ဘက်သို့ ဇာနည်အောင် (၂၅)နှစ် ယာဉ်မောင်း အမှတ်(၁၆)ရပ်ကွက် မြင်းခြံမြို့နယ်နေသူ မောင်းနှင်သော လ/----ဟွန်ဒိုင်းခြောက်ဘီး မိုးဟိန်းခရီးသည်တင်ယာဉ်သည် ဘရိတ်ပေါက်ပြီး ရှေ့မှသွားနေသော ဆန်းဝင်း (၂၉)နှစ် ယာဉ်မောင်း ပြည်စံအောင်ရပ်ကွက် ဇေယျာသီရိမြို့နယ်နေသူ မောင်းနှင်သော ဆ/----ဟီးရိုး (အစိမ်းရောင်)ကျောက်သယ်ယာဉ်ကို ဝင်ရောက်တိုက်မိခဲ့သောကြောင့် ယာဉ်မောင်း ဆန်းဝင်းတွင် ဦးခေါင်းပေါက်ပြဲဒဏ်ရာ ရရှိခဲ့ပြီး နောက်မှ ဘရိတ်ပေါက်သော မိုးဟိန်းခရီးသည်တင်ယာဉ်၏ ဦးခေါင်းမှန်များမှာ ကြေမွပျက်စီးသွားခဲ့ပြီး ခရီးသည်များမှာ ထိခိုက်မှုမရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒုတိယရဲအုပ်ကျော်ဇောအောင်က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သူဇာလှိုင်-မန်းတက္ကသိုလ်)

အရှိန်လွန်ကားတိုက်မိ၍ တစ်ဦးသေဆုံး

ရန်ကုန် မေ ၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ဘုရင့်နောင်လမ်းအတိုင်း မြောက်ဘက်မှ တောင်ဘက်သို့ မောင်းနှင်လာသော လိုက်ထရပ်ကိုယ်ပိုင်ယာဉ်တစ်စီးသည်ရွှေသံလွင်ဘုရားအနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိသွားပြီး မျက်နှာချင်းဆိုင်မှ အငှားယာဉ်ဂါလီအားတိုက်မိ၍ ဂါလီပေါ်လိုက်ပါလာသူ အမျိုးသမီးတစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ မတ် ၂၉ ရက် နံနက် ၅ နာရီခွဲခန့်တွင် လှိုင်မြို့နယ် ဘုရင့်နောင်လမ်းအတိုင်း မြောက်မှတောင်သို့ ယာဉ်မောင်းဇော်မင်းထိုက် မောင်းနှင်လာသော ၇င/-- လိုက်ထရပ် (အဖြူရောင်) ကိုယ်ပိုင်ယာဉ်သည် ရွှေသံလွင်ဘုရားအနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှစီးနင်းလာသည့် ဂါလီအားတိုက်မိ၍ ဂါလီနင်းသူ ဘိုဘို (၂၈) နှစ် ကမ္ဘောဇလမ်း (၁၆) ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူတွင် ညာခြေချင်းဝတ်ပေါက်ပြဲဒဏ်ရာ၊ ညာချိုစောင်းပေါက်ပြဲဒဏ်ရာ၊ ဝဲနားထင်ပေါက်ပြဲဒဏ်ရာများရရှိပြီး ဂါလီပေါ်လိုက်ပါလာသူ အမည် (စုံစမ်းဆဲ) အသက် (၄၀) ခန့်ရှိ အမျိုးသမီးတစ်ဦးတွင် ဦးခေါင်းနောက်စေ့ ပေါက်ပြဲဒဏ်ရာ၊ ဝဲနားထင်ဖူးရောင်ပွန်းပဲ့ဒဏ်ရာ၊ ဝဲယာပါးဖူးရောင်ဒဏ်ရာများရရှိ၍ သတိမေ့လျက် အင်းစိန်ဆေးရုံသို့ ပို့ဆောင်စဉ် လမ်း၌ပင် သေဆုံးသွားသဖြင့် ယာဉ်မောင်း ဇော်မင်းထိုက် (၂၆)နှစ် အောင်ဆန်းတီဘီဆေးရုံဝင်း အင်းစိန်မြို့နယ်နေသူအား လှိုင်မြို့နယ် ပိတောက်ချောင်းရဲစခန်းမှ ယာဉ်(ပ) ၁/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၇၉/၃၃၈/၃၀၄ (က) အရ အမှုဖွင့်လှစ်၍ ဥပဒေအရ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇော်ကြီး (ပဏီတ)

အောင်ပန်း-ဟန်မြင့်မိုရ်ကားလမ်းပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွား

ရှာင် မေ ၁

ရှမ်းပြည်နယ် ရှာင်မြို့နယ် အောင်ပန်း-ရှာင်-ဟန်မြင့်မိုရ်ကားလမ်းပေါ်တွင် ခြောက်ဘီးကင်တာယာဉ်နှင့် ဆူဇူကီဆိုင်ကယ်တို့ တိုက်မိကြရာ ဆိုင်ကယ်မောင်းနှင်သူမှာ စိုးရိမ်ရသဖြင့် မန္တလေးဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၉ ရက် ည ၇ နာရီ မိနစ် ၄၀ ခန့်တွင် ရှာင်မြို့နယ် ရဲစခန်းမြောက်ဘက် သုံးမိုင်ခန့်အကွာ မိုင်တိုင်အမှတ် (၂၄/၅)နှင့် (၂၄/၆)ကြား အောင်ပန်း-ရှာင်-ဟန်မြင့်မိုရ်ကားလမ်းပေါ်တွင် ရှာင်မြို့နယ် ဈေးတန်းရပ်ကွက်နေ ဦးပြုံးချို (ခ)ကျော်ကျော်လှိုင် (၂၆)နှစ် မောင်းနှင်လာသော ခြောက်ဘီးကင်တာယာဉ် အမှတ်(၈ဇ/....)ယာဉ်မှာကုန်များတင်ဆောင်၍ မန္တလေးမှ ရှာင်သို့ မောင်းနှင်လာစဉ် ရှာင်ဘက်မှ ဦးဝင်းလှိုင်(၄၀)နှစ် စီးလာသော ဆူဇူကီ အမျိုးအစားဆိုင်ကယ် (ယာဉ်အမှတ်မပါ)နှင့် တိုက်မိကြရာ ဆိုင်ကယ်စီးနင်းလာသူ ဦးဝင်းလှိုင်မှာ နဖူးပေါက်ပြဲဒဏ်ရာ၊ ဝဲလက်စုတ်ပြတ်၊ ယာဘက်ပေါင် စုတ်ပြဲဒဏ်ရာများ ရရှိကာ စိုးရိမ်ရသဖြင့် မန္တလေးဆေးရုံသို့ လွှဲပြောင်းပို့ဆောင်ခဲ့ကြောင်း သိရသည်။

စိုင်းတင်ဦး (ရှမ်း/တောင်)

ရွှေဆွဲကြိုးလုယူထွက်ပြေးသူ ဖမ်းဆီးရမိ

ရန်ကုန် မေ ၁

မတ် ၂၈ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ရွှေတိဂုံစေတီတော် ဝတ္တကမြေသာယာရေးဝန်ထမ်း လှိုင်သာယာမြို့နယ်နေသူ မတင်မျိုးခိုင် (၂၄) နှစ်သည် နေအိမ်သို့ပြန်ရန် ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက် ဦးဝိစာရလမ်း ပြည်သူ့ရင်ပြင်ဘေး ပလက်ဖောင်းအတိုင်း လမ်းလျှောက်လာစဉ် ပြည်သူ့ရင်ပြင် ဝင်/ထွက်ပေါက် အလွန်အရောက် နောက်မှလိုက်လာသည့် အင်းစိန်မြို့နယ် ကွက်သစ်ရပ်နေ မကြည်ကြည်ထွန်း (၃၂) နှစ်က မတင်မျိုးခိုင်၏ လည်ပင်းတွင် ဆွဲထားသည့် ငါးမူးသားခန့်ရှိ တန်ဖိုးငွေကျပ် ၃၅၀၀၀၀ တန် ရွှေဆွဲကြိုးအား ဆွဲဖြုတ်လုယူထွက်ပြေးသွားသဖြင့် အော်ဟစ်အကူအညီတောင်းခဲ့ရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးဝန်ထမ်းများဖြစ်သည့် ဖြိုးဝေလင်း၊ ထွန်းထွန်းဝင်းတို့က ဝိုင်းဝန်းဖမ်းဆီးရမိသဖြင့် ဒဂုံရဲစခန်းက (ပ)၇၁/၁၃၊ ပုဒ်မ ၃၈၂ ဖြင့် မတ် ၂၈ ရက်တွင် အမှုဖွင့်ပြီး တရားခံအား ဖမ်းဆီးစစ်ဆေးလျက်ရှိသည်။

(၃၀)

မီးသတိပြု

ရပ်ထားသောကားအား ဝင်တိုက်၍ ဆိုင်ကယ်စီးသူ သေဆုံး

မော်လမြိုင် မေ ၁

မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် ကမ်းနားလမ်းတွင် မတ် ၃၁ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်တွင် ဆိုင်ကယ်တစ်စီးက ရပ်ထားသော ကားအားဝင်တိုက်၍ ဆိုင်ကယ်မောင်းနှင်သူ သေဆုံးသွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ မော်လမြိုင်မြို့ ပန်းဘဲတန်းနယ်မြေ အုန်းတော (၃)လမ်းထိပ်တွင် ယာဉ်မောင်း ဦးခင်မောင်လွင် မောင်းနှင်လာသော နီဆန်းအမျိုးအစား ယာဉ် (လ/.....)သည် ကမ်းနားလမ်းတွင် ရပ်တန့်၍ ပြုပြင်နေစဉ် ကမ်းနားလမ်းအတိုင်း တောင်မှ မြောက်သို့ ဇေယျာချစ်ထွေး (၂၆)နှစ် မောင်းနှင်လာသော (ဒရင်း ၂၀၀၀) အမျိုးအစား အစိမ်းရောင် မော်တော်ဆိုင်ကယ် (၁၃/...)သည် ပြုပြင်နေသည့် ယာဉ်၏အနောက်ဘက်ခြမ်းသို့ ဝင်တိုက်ပြီး ဆိုင်ကယ်မောင်းနှင်သူမှာ အခင်းဖြစ်နေရာ၌ပင် သေဆုံးသွားကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်ပြီး သေဆုံးသွားသူအား မြို့မရဲစခန်းမှ ယာဉ်(ပ) ၂/၁၃၊ ပုဒ်မ ၃၀၄-က အရ အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြဇ၄)

ပြင်ဆင်ဖတ်ရှုပါရန်

မေ ၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၄ ပါ " လှိုင်မြို့နယ်၌ ဓားဒဏ်ရာများဖြင့် သေဆုံးမှုဖြစ်ပွား" သတင်းတွင် သေဆုံးသူမှာ အမျိုးသားတစ်ဦးဟု ပြင်ဆင်ဖတ်ရှုပါရန်။

(စာတည်း)











အထက်မြန်မာပြည်သတင်း

မိရိုးဖလာ ဝါးထည်ရက်လုပ်ငန်းများဖြင့် ရှေးမူမပျက်ချီတက်နေသော ရွာကလေးများ

ကျောက်ပန်းတောင်း ဧပြီ ၁

ယနေ့အချိန်အခါသည် တိုးတက်ပြောင်းလဲလာသော လူနေမှုစနစ်အရ လူသုံးကုန်ပစ္စည်းများခေတ်နှင့်အညီ စီမံပြုပြင်သုံးစွဲလာခဲ့ရာ မီးဖိုချောင်သုံးပစ္စည်းများတွင်လည်း စတီးလ်ပစ္စည်းများနှင့် ပလတ်စတစ်ပစ္စည်းများ ဈေးနှုန်းချိုသာစွာ အသွင်အပြင်ဆန်းသစ်စွာဖြင့် ကျယ်ပြန့်စွာနေရာယူလာကြသည်ကို တွေ့ရှိရသည်။ သို့သော်လည်း မြန်မာ့လူနေမှုစနစ်တွင် ကျေးလက်တောရွာမှအစ မြို့ပြအိမ်ရာအဆုံး ယနေ့တိုင်နှစ်ခြိုက်စွာအသုံးပြုနေကြသည့် ဆန်ကော၊ ဆန်ခါနှင့် ဝါးနီးတောင်းလေးများလည်း ရှိနေသေးသည့်နည်းတူ အဆိုပါဝါးထည်လုပ်ငန်းများကို မိရိုးဖလာအဖြစ် လက်ဆင့်ကမ်းအမွေပေးဝေ လုပ်ကိုင်နေသော ကျေးရွာများလည်း ၎င်းတို့၏ဈေးကွက်ခိုင်မာသော ထုတ်ကုန်ပစ္စည်းများအပေါ် ယုံကြည်မှုအပြည့်ဖြင့် ခေတ်ကိုရင်ပေါင်တန်းချီတက်လျက်ရှိနေသည်။ အဆိုပါ ကျေးရွာများမှာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ရွာလုရွာ၊ ပေါက်သစ်ရွာနှင့် ရိုးခြားဟူသော ရွာကလေးများဖြစ်သည်။

ရွာလုရွာသည် ကျောက်ပန်းတောင်းမြို့၏ တောင်ဘက် သုံးမိုင်ခန့်အကွာတွင်ရှိပြီး အိမ်ခြေ ၄၀၀ ကျော်ရှိ၍ ရွာ၏ ၈၀ ရာခိုင်နှုန်းမှာ ဆန်ကော၊ ဆန်ခါ၊ ဆန်ခါခုံးနှင့် သောက်ရေအိုးဖုံးအပါအဝင် ဝါးထည်လုပ်ငန်းများကို ခြောက်နှစ်၊ ခုနစ်နှစ်အရွယ်မှစ၍ အိမ်ရှိလူကုန် ကျွမ်းကျင်စွာလုပ်ကိုင်၍ မိသားစုတာဝန်ကို ထမ်းဆောင်ကြကြောင်းသိရသည်။ ရွာလုကျေးရွာသည် ဆန်ကော၊ ဆန်ခါ၊ ဆန်ခါခုံးနှင့် သောက်ရေအိုးဖုံးများကို အရွယ်စုံ၊ ဆိုဒ်စုံလုပ်ကိုင်ကြပြီး ဝါးနီးတောင်း (တင်းတောင်း၊ စိပ်တောင်း၊ ခြင်းကျားတောင်းမှအစ) ရက်လုပ်ခြင်းကိုမူ ရွာလုရွာအနီးရှိ ရိုးခြားရွာနှင့် ပေါက်သစ်ရွာမှ လုပ်ကိုင်ကြခြင်းဖြစ်ပြီး အဆိုပါနှစ်ရွာသည်လည်း တောင်းနှင့်ပတ်သက်သည့် ကုန်စည်တစ်မျိုးကိုသာ ရက်လုပ်တတ်ကြကြောင်း သိရသည်။

ဆန်ကော၊ ဆန်ခါနှင့်တောင်းရက်လုပ်ရန်အတွက် အဓိကကုန်ကြမ်းမှာ ဝါးပိုးဝါးတစ်မျိုးတည်းဖြစ်ပြီး ကျောက်ပန်းတောင်းမြို့ ဘူတာရုံဝန်းကျင်ရှိ ဝါးထောင်ဟုခေါ်သော ဝါးအရောင်းဆိုင်များမှဝယ်ယူရခြင်းဖြစ်ကာ ဝါးပိုးဝါးတစ်လုံးလျှင် ကာလပေါက်ဈေး ကျပ် ၂၅၀ မှ ၃၀၀ ဖြစ်ကြောင်း သိရသည်။ ဝါးပိုးဝါးတစ်လုံးလျှင် ကုန်ချောအဖြစ် ဆန်ခါခုံးရက်လုပ်မည်ဆိုပါက အလုံး ၃၀ ခန့်ရရှိပြီး ဆန်ခါအကျဲ(ဆိုဒ်လတ်) ပြုလုပ်မည်ဆိုပါက ခုနစ်ချပ်ရရှိနိုင်ကြောင်း၊ ဆန်ကော (ဆိုဒ်လတ်) ပြုလုပ်လျှင် ငါးချပ်ရရှိကြောင်းနှင့် ရေအိုးဖုံး (အရွယ်သင့်ရုံ) ခုရေ ၅၀ ခန့်ရရှိနိုင်ကြောင်း သိရပြီး ဈေးနှုန်းများမှာ အရွယ်စုံ၊ ဆိုဒ်စုံဖြစ်၍ပျမ်းမျှအားဖြင့်ဆန်ကော(အလတ်) တစ်ချပ်လျှင် ကျပ် ၃၀၀၊ ဆန်ခါ(အလတ်) တစ်ချပ်ကျပ် ၃၀၀နှင့် အကျဲ(အလတ်) တစ်ချပ်လျှင်ကျပ် ၂၅၀ဖြစ်ပြီးရေအိုးဖုံး တစ်ခုလျှင် ကျပ် ၂၀၀နှင့် ဆန်ခါခုံး တစ်ခုလျှင် ကျပ် ၃၀၀ ဖြစ်ကြောင်း သိရပြီး အဆိုပါဈေးများမှာ၎င်းရွာတွင် ပင်အထိုင်ရောင်းချသော ဖောက်သည်ဈေးနှုန်းများဖြစ်ပြီး ပြင်ပဈေးမှာ ခရီးဝေးလျှင်ဝေးသလိုဈေးဆို၍ ရောင်းချခြင်းဖြစ်ကြောင်းသိရသည်။

ဆန်ကော၊ဆန်ခါနှင့်ဆန်ခါခုံးလုပ်ကိုင်ပုံ အဆင့်ဆင့်မှာဝါးပိုးဝါးတစ်လုံးကို အဆစ်လိုက်ဖြတ်တောက်၍ မိမိပြုလုပ်မည့် လုပ်ငန်းအထည် အရွယ်အစားပေါ်မူတည်၍ တိုင်းတာဖြတ်တောက်ပြီး ဝါးစိပ်ခြင်း၊ နှီးရက်ခြင်း၊ နှီးဖြာခြင်းပြီးပါကလိုအပ်သည့်ဆန်ကော၊ ဆန်ခါတို့ကို ဦးစွာလေးထောင့်ပုံကျအောင် မိမိပြုလုပ်မည့်အရွယ်အစားရအောင် ရက်လုပ်ရသည်။ ယင်းနောက် မိမိပြုလုပ်လိုသည့် အရွယ်အစားတွင် တိုင်းထွာ၍အဝိုင်းပုံခဲဆွဲကာ ကတ်ကြေးဖြင့် အနားသတ် ညှပ်ယူပြီး ၎င်းတို့အပေါ် ခွေကိုင်ခြင်း(ထန်းလျှော်ဖြင့် နှုတ်ခမ်းကွပ်အချောသပ်) လုပ်ဆောင်ရကြောင်းနှင့် ဆန်ခါခုံးကိုလည်း အထက်ပါနည်းအတိုင်းရက်လုပ်ပြီးမိမိလိုအပ်သည့် အရွယ်အစားရလျှင် လိုအပ်သည့်ပုံစံအိုးတစ်လုံးကို မှောက်၍ ထိုအိုးအပေါ်တွင် ရက်ပြီး ဆန်ခါကိုဖိတင်၍ အခုံးပြုလုပ်ပြီး နှုတ်ခမ်းသားကွပ်(ခွေကိုင်) လုပ်ဆောင်ရကြောင်း သိရသည်။**(အပေါ်ပုံ)**

ရရှိသည့်ကုန်ချောများကို အချို့က မိမိတို့ တစ်ပိုင်တစ်နိုင်ထမ်းပိုး၍ ကျောက်ပန်းတောင်းမြို့နှင့် နီးစပ်ရာ ပတ်ဝန်းကျင်မြို့များသို့ သွားရောက်ရောင်းချကြပြီး အချို့မှာ ကုန်ပစ္စည်း တစ်သိန်းဖိုးမှ သုံးသိန်းဖိုးခန့်အထိ နှစ်ဦး၊ သုံးဦးစုပေါင်း၍ တောင်ကြီး၊ လားရှိုး၊ မူဆယ်၊ ရန်ကုန်၊ မန္တလေးမြို့များသို့ လချီ၍ သွားရောက်ရောင်းချကြကြောင်းလည်း သိရသည်။ ထိုသို့ သွားရောက်ရောင်းချရာတွင် ရွာလုရွာမှ သွားရောက်ရောင်းချမည် ဆိုပါက မိမိကုန်ပစ္စည်းဖြစ်သည့် ဆန်ကော၊ ဆန်ခါနှင့်ရေအိုးဖုံးများအပြင် လိုအပ်သည့် ဝါးနီးတောင်းများကို ပေါက်သစ်ရွာ၊ ရိုးခြားရွာများသို့သွားရောက်၍ ဖောက်သည်ဝယ်ယူ စုဆောင်းကြပြီးပေါက်သစ်၊ရိုးခြားရွာများမှတစ်နယ်တကျေးသွားရောက် ရောင်းချမည့်သူများကလည်း လိုအပ်သည့်ဆန်ကော၊ ဆန်ခါများကို ရွာလုရွာသို့လာရောက်၍ ဖောက်သည်ဝယ်ယူကြကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်၏ တောင်ဘက်တွင် အဆိုပါ ရွာလု၊ ရိုးခြား၊ ပေါက်သစ်၊ သပြေရိုး (ထန်းလျက်ပိုရက်လုပ်) ရွာကလေးများသည် မြို့နှင့် မလှမ်းမကမ်းတွင် တည်ရှိသော်လည်း စကားပြောဆိုရာတွင် ထူးခြားသည့် လေယူလေသိမ်းဖြင့် ပြောဆိုကြပြီး လူနေမှုပုံစံမှာလည်း ထူးထူးခြားခြား ပြောင်းလဲမှုမရှိဘဲ မိမိတို့၏ လက်မှုပညာ မိရိုးဖလာလုပ်ငန်းခွင်တွင် ဘဝကို အံဝင်ခွင်ကျ တည်ဆောက်၍ ရိုးသားစွာ ကြိုးစားနေထိုင်နေကြသည်ကို တွေ့ရှိရသည်။ ခေတ်နှင့်အညီ မြို့ပြကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုပုံစံများတိုးတက်ပြောင်းလဲနေသော်လည်း မြန်မာတို့၏ လူနေမှုစရိုက်နှင့် လိုက်လျောညီထွေရှိသည့် ၎င်းကျေးရွာလေးများ၏ ထုတ်ကုန်အမယ်ဖြစ်သော ဆန်ကော၊ ဆန်ခါအစရှိသည့် ရိုးရာဝါးနီးထည်လုပ်ငန်းများမှာ တိမ်ကော ပျောက်ကွယ်သွားနိုင်ဖွယ်မရှိဘဲ ဈေးကွက်ခိုင်မာစွာဖြင့် တင့်တယ်ထည်ဝါစွာ ရပ်တည်လျက်ရှိနေပါကြောင်း ဝမ်းမြောက်ဖွယ်ဂုဏ်ပြုရေးသားလိုက်ရပါသည်။

ကိုနေ(ကျောက်ပန်းတောင်း)

မိုးကုတ်နိကာယ်စာပြန်ပွဲတော်ကြီး

မိုးကုတ်မြို့၊ အနောက်ပိုင်းနိကာယပုမ္ပိုသမိတိအသင်း၏ (၂၈)ကြိမ်မြောက် နိကာယ်စာမေးပွဲကို အသင်းကြီး၏ဩဝါဒါစရိယ ဆရာတော်များဦးစီး၍ စာဖြေပွဲကို ဧပြီလ ၂၃ ရက်မှ ၂၈ ရက် တန်ခူးလဆန်း ၁၃ ရက်မှ လပြည့်ကျော် ၃ ရက်အထိ မိုးကုတ်မြို့အနောက်ပိုင်း၊ ကျပ်ပြင်အထကကျောင်းတွင် ယခင်နှစ်များကဲ့သို့ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါသဖြင့် စာဖြေဆိုမည့် သံဃာတော်များမှ ယနေ့မှစ၍ စာမေးပွဲဝင်ခွင့်ပုံစံများကို တင်သွင်းနိုင်ပြီဖြစ်ပါကြောင်း

ရိုသေစွာဖြင့် အသိပေးလျှောက်ထားအပ်ပါသည်ဘုရား။

အမှုဆောင်အဖွဲ့
နိကာယပုမ္ပိုသမိတိအသင်း
ဂေါင်းဦးဘာ ရွာမရပ်ကွက်ကျပ်ပြင်
မိုးကုတ်အနောက်ပိုင်း

အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံ(စ)ရပ်ကွက်၊ ၅၈ လမ်း၊ အမှတ် (ထထ-၃၈/၆၇)နေ ကျွန်ုပ်ဦးဝဏ္ဏစိုး(ဘ)ဦးစိုးသိမ်း ၉/ညဥန(နိုင်)၁၁၂၇၅၈ က အောက်ပါလုပ်ငန်းအမည် အမှတ်တံဆိပ်ကို မှတ်ပုံတင်စာချုပ်အမှတ်(၃၂/၂၀၁၃)ဖြင့် မန္တလေးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှုးရုံးတွင် မူပိုင်အဖြစ် ဥပဒေနှင့်အညီ မှတ်ပုံတင်သွင်းထားပြီး လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက် လျက်ရှိပါသည်။

PHO LA MIN
real estate & general services
ဖိုးလမင်း အိမ်၊ ခြံ၊ မြေ နှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း

မှတ်ပုံတင်စာချုပ်အမှတ် (၃၂/၂၀၁၃)

ဖိုးလမင်း အိမ်၊ ခြံ၊ မြေနှင့် အထွေထွေအကျိုးဆောင်လုပ်ငန်းကို ယခုအခါ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံ(စ)ရပ်ကွက်၊ ၅၈လမ်း၊ အမှတ်(ထထ-၃၈/၆၇)တွင် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိပြီး အဆိုပါလုပ်ငန်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ရုံးခွဲများထပ်မံဖွင့်လှစ်ခြင်း၊ လုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်သည့် စာရွက်စာတမ်း၊ လက်ကမ်းစောင်ကြော်ငြာ၊ ဆိုင်းဘုတ်၊ အလောက်၊ တံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်း၊ တီရှပ်၊ ဦးထုပ်၊ ဗျာနယ်၊ မဂ္ဂဇင်း၊ အင်တာနက် အစရှိသည့် မီဒီယာအမျိုးမျိုးတွင် ဖော်ပြပါ အမှတ်တံဆိပ်ကို အဓိကအားဖြင့် အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို ပြုလုပ်ဆောင်ရွက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးနှင့် ကမ္ဘာအရပ်ရပ်တွင် ကြော်ငြာဖြန့်ချိ ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ လုပ်ငန်းအမည် အမှတ်အသားကို အများပြည်သူ ထင်ယောင်ထင်မှား ဖြစ်စေရန် တစ်စိတ်တစ်ဒေသဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အမည်နာမ တစ်ခုခု၏ရှေ့ကနေ၍ဖြစ်စေ၊ နောက်ကနေ၍ဖြစ်စေ၊ အလယ်ကနေ၍ဖြစ်စေ တုပသုံးစွဲခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲနေကြောင်း တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးဝဏ္ဏစိုး(ဘ)ဦးစိုးသိမ်း (၉/ညဥန(နိုင်)၁၁၂၇၅၈)
(ထထ-၃၈/၆၇)၊ ၅၈လမ်း၊ ကျွန်စစ်သားလမ်းနှင့် ဗျူဟာလမ်းကြား၊
ရတနာပုံ(စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ယ/၃၈၄၄၇၊ Hi Bird M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးထွန်းကျော် မှတ်ပုံတင်အမှတ်[၉/မရတ(နိုင်)၁၂၇၈၃၄]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မှော်တောင်ရှပ်ကွက်၊ အကွက်အမှတ်(၄၄၃)၊ ဦးပိုင်အမှတ်(၁၂) ဘုရားကြီးအနောက်မုခ်၊ သန့်စင်စတိုး၊ မောင်ဟာမက် မရော်ရာ အမည်ပေါက် ဂရန်မြေကွက်အား ဦးသန့်ဇင်နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရတ(နိုင်)၀၂၂၁၈၇]က မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ သက်တမ်းတိုး၊ အမည်ပြောင်း၊ ဂရန်ပျောက်အမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ယ/၃၅၈၁၈၊ Jialing M/C ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်တင်တင်ဝင်း မှတ်ပုံတင်အမှတ်[၉/မရမ(နိုင်)၀၂၁၅၃၉]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ည/၇၁၂၁၊အမျိုးအမည် Shwe Gantawin L/T(SGTW LT-09) အမျိုးအစား PICK UP(4x2)L ယာဉ်လက်ဝယ်ရှိသူအမည် ဦးကြည်ဝင်း၊ မှတ်ပုံတင်အမှတ်[၉/မရတ(နိုင်)၀၀၇၈၀၅]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၅ယ/၆၂၀၃၇၊ အမျိုးအမည် Jialing -90 အမျိုးအစား ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူအမည် ဦးခင်မောင်ရွှေ မှတ်ပုံတင်အမှတ်[၉/သစန(နိုင်)၀၁၈၅၁၅]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၂ယ/၈၆၆၅၄၊ Jialing JL 90, M/C ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်စန်းစန်းမြင့်၊ မှတ်ပုံတင်အမှတ်[၅/ဝလန(နိုင်)၀၀၇၆၇၅]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၂၃၈၄၁၊ Honda C 90 Custom CMV ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်စန်းစန်းအေး၊ မှတ်ပုံတင်အမှတ်[၉/မနမ(နိုင်)၁၀၂၉၆၆]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၇၉၄)၊ ဦးပိုင်အမှတ်(၄၅/ခ)၊၂၄×၂၅ကြား၊ ၆၃×၆၄ကြား၊ ဒေါ်ဝင်းဝင်းကျင် အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်ဝင်းဝင်းကျင်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရမ(နိုင်)၀၁၉၁၃၄]ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၈)၊ ဦးပိုင်အမှတ်(၁၅)၊ ၁၄ လမ်းနှင့် ၁၅ လမ်းကြား၊ လမ်း၈၀ နှင့် ၈၁ လမ်းကြား၊ မောင်ကျော်သူ၊ မကျေးတုတ် အမည်ပေါက် မြေကွက်အား ဦးပြူး(ခ)ဦးကျော်ညွန့်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မနမ(နိုင်)၀၆၆၇၇၁]၊ ဒေါ်ခင်မာအေးနိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/ မနမ(နိုင်)၀၆၆၇၇၂]မှ အမှုတွဲအမှတ်-၀၃၀၅/ဘ(ပြောင်း)/၂၀၁၂-၂၀၁၃ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဘ/ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၇၈)ဦးပိုင်အမှတ်(၁၀-က) ၈၄ × ၈၅ ကြား၊ ၃၀×၃၁လမ်းကြား၊ ဦးအုန်းမောင်၊ ဒေါ်မမအမည်ပေါက် ဘိုးဘမြေကွက်အား ဦးကောင်းညွှန့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရမ(နိုင်)၀၁၁၆၅၅]ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကရင်ပြည်နယ် ဖားစည်းဒေသရှိ တန်ဖိုးမဖြတ်နိုင်သော သယံဇာတများ ထာဝရသာယာလှပစွာတည်ရှိဖို့ ဝိုင်းဝန်းထိန်းသိမ်းကြပါစို့

ဘားအံ မေ ၁

ကရင်ပြည်နယ် ဘားအံမြို့ ဖားစည်းဒေသတွင် တန်ဖိုးမဖြတ်နိုင်သော သဘာဝသယံဇာတများ ပေါများလှသည်။

ထုံးကျောက်လွှာများနှင့် ဖွဲ့စည်းထားသော ဇွဲကပင်တောင်တန်းနှင့် ထုံးတောင်များမှာ ထိုးထောင်ဖုထစ်ချိုင့်ခွက်နေသော မြေသားသွင်ပြင် (Karst Topography) တွေ့ရပြီး ယေ့လကျောက်နှင့် သဲမှုန်ကျောက်များဖြင့် ဖွဲ့စည်းထားသောအပိုင်းများမှာ မြေနိမ့်လွင်ပြင်များနှင့် ပြေသောတောင်ကုန်းလေးများအဖြစ် တွေ့ရသည်။ ဇွဲကပင်တောင်တန်းကြီးသည် အနောက်မြောက်၊ အရှေ့တောင်အတိုင်း သွယ်တန်းလျက်ရှိပြီး တောင်တန်းကြီး၏ ထူးခြားသော ပုံသဏ္ဌာန်၊ ထုံးကျောက်လိုဏ်ဂူများဖြစ်သည့် ကော့ကသောင်ဂူ၊ ဆဒ္ဒန်ဂူ၊ ရသေ့ပျံဂူ၊ကော့ဂွန်းဂူ၊ ပဒိုဂူ၊ ဇွဲကပင်ရေတံခွန်(ရေထွက်)၊ ကော့ကသောင်(ရေထွက်) စသည်တို့သည် ထင်ရှားသော သဘာဝရင်းမြစ်များဖြစ်သကဲ့သို့ ဘူမိဗေဒဆိုင်ရာ အမှတ်အသားများလည်း ဖြစ်ပါသည်။

ကရင်ပြည်နယ်သည် ရှမ်း-တနင်္သာရီ ခိုင်မာမြေထု (Shan-Taninthayi Block)တက်ထိုးနစ်ရပ်ဝန်းတွင် ပါဝင်သည်။ သက်ဦးကပ်အကုန်ပိုင်း သက်တမ်းရှိ ကာဗွန်နိတ်ကျောက်လွှာစု (Limestone)၊ သဲမှုန်ကျောက် (Siltstone)၊ ယေ့လကျောက်(Shale)နှင့် ရွှံ့ကျောက် (Mudstone)စသည့် အနည်ကျကျောက်များသည် ပင်လယ်ရေတိမ်ပိုင်း ပို့ချမှုဝန်းကျင်တွင် အနည်ကျရောက်ခဲ့ပြီးနောက် သက်လယ်ကပ်အကုန်ပိုင်းတိုက်ဖြစ်စဉ် လှုပ်ရှားမှုများ(Epirogenic Movements)ကြောင့် မြင့်တက်ခဲ့ပြီး အတော်ပင်ခိုင်မာသော မြေထုကြီးတစ်ခု ဖြစ်ခဲ့သည်ဟု ဒေါက်တာဦးသိန်း၏ မြန်မာနိုင်ငံအခြေပြ ဘူမိဗေဒ(မေပြီ၊ ၂၀၁၀ ပြည့်နှစ်)တွင် ဖော်ပြထားသည်။ ဤဒေသ၏အနောက်တောင်ဘက်တွင် မုတ္တမ၊ သထုံ၊ ကျိုက်ထိုဒေသ မီးသင့်ကျောက်စိုင်ကြီးများ (Granitoid Batholiths)တိုးဝင်ဖြစ်တည်နေပြီး အလယ်သက်နှောင်းကပ်ရပ်ဝန်း(Central Cenozoic Belt)နှင့် ပိုင်းခြားထားသကဲ့သို့ရှိသည်။

ဤဒေသတွင် အဓိကအားဖြင့် ထုံးကျောက်များကို ဘိလပ်မြေလုပ်ငန်းအတွက် ကုန်ကြမ်းအဖြစ် အသုံးပြုသည်။ ဆောက်လုပ်ရေးလုပ်ငန်းဖြစ်သော ကွန်ကရစ်နှင့် လမ်းခင်းကျောက်၊ မီးရထားလမ်းခင်းကျောက်၊ ကျောက်သဲ၊ ကတ္တရာလမ်းခင်းသဲနှင့် တာရာဇိုကျောက် ပြုလုပ်ခြင်း စသည်တို့တွင်လည်း ထုံးကျောက်များကို အသုံးပြုကြသည်။ ထို့အပြင် မဖောက်ထုံးထုတ်လုပ်ခြင်း၊ လယ်ယာမြေပြုပြင်ခြင်း၊သတ္တုကျိုချက်သန့်စင်ခြင်းနှင့် ဖန်ချက်လုပ်ငန်း၊ စက္ကူနှင့်ပျော့ဖတ်လုပ်ငန်း၊ ရော်ဘာ၊ ပလတ်စတစ်နှင့်အိမ်သုတ်ဆေးလုပ်ငန်း အမျိုးမျိုးတွင်လည်း ထုံးကျောက်ကို အသုံးပြုပါသည်။ ကျောက်မီးသွေးတွင်းများတွင်လည်း ကျောက်မီးသွေးအမှုန့်များ မီးလောင်ပေါက်ကွဲခြင်းကို ကာကွယ်ရန် ထုံးကျောက်အမှုန့်ကို အသုံးပြုခြင်း၊ စက်ရုံများမှထွက်သော ကန့်ဓာတ်ငွေ့ဖယ်ရှားခြင်း၊ ငရဲမီးကို ပျက်ပြယ်စေခြင်း၊ လေထုညစ်ညမ်းမှုကို ကာကွယ်ခြင်း စသည်ဖြင့် ထုံးကျောက်သည် လူ့လောကအတွက် များစွာအသုံးဝင်သော သယံဇာတဖြစ်ပါသည်။ ထုံးကျောက်သယံဇာတကို ဤဒေသတွင် ကော့ဂွန်းတောင်၊ ကော့ဂူတောင်၊ စံပြတောင်၊ တောင်ဝိ၊ ဘားပုတောင်၊ ဘားကပ်တောင်၊ မိကရင်တောင်၊ ကော့ဖျံတောင်၊ မိဇံတောင်၊ ရသေ့ပျံတောင်၊ လေသယ်တောင်၊ သဲတိုင်တောင်၊ မြိုင်ကလေးစသည့် ထုံးကျောက်တောင်များမှ ထုတ်ယူသုံးစွဲနိုင်သော ထုံးကျောက်တိုက်များဖြစ်ပါသည်။

ထို့အပြင် ကရင်ပြည်နယ်ကျက်သရေဆောင် အမှတ်သင်္ကေတအဖြစ် တည်ရှိသော ဇွဲကပင်တောင်နှင့် ယင်း၏ လှပသောရှုခင်းများနှင့် သဘာဝအနေအထားများ၊သဘာဝထုံးကျောက်လိုဏ်ဂူများ၊ ရေတံခွန်များ၊ ရေထွက်များ စသည့် သဘာဝအရင်းအမြစ်များသည် နိုင်ငံခြားခရီးသွားများကို ဆွဲဆောင်မှုရှိစေပါသည်။ အထက်ပါအတိုင်း ဤဒေသမှ သဘာဝရင်းမြစ်များသည် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက လူ့လောကအတွက် များစွာအကျိုးပြုပါသည်။ ဤသဘာဝရှုခင်း သာယာလှပမှုများကို ဖျက်ဆီးခြင်း၊ ပျက်စီးခြင်းများမှ ကာကွယ်၍ ထိန်းသိမ်းရမည်ဖြစ်ပါသည်။ သဘာဝရှုခင်း၏ သာယာလှပ အေးချမ်းမှုကို ဖန်တီးယူ၍မရပါ။ တန်ဖိုးတိုင်းတာ၍မရပါ။ စိတ်၏ အေးချမ်းသာယာငြိမ်းချမ်းမှုကို ငွေကြေးဖြင့် တန်ဖိုးဖြတ်ယူ၍မရပါ။ သဘာဝသယံဇာတများသည် အသစ်ပြန်မဖြစ်ပါ။ ရှိပြီးသားပမာဏအတိုင်းသာရှိနေပြီး လိုအပ်သလောက်သာလျှင် ထုတ်ယူသုံးစွဲရမည်ဖြစ်သည်။ ထုံးကျောက်သိုက်များမှ ထုံးကျောက်များကို ထုတ်ယူသုံးစွဲရာတွင် စနစ်တကျထုတ်ယူရမည် ဖြစ်သည်။

ထုတ်ယူသုံးစွဲရာတွင် လေထု၊ ရေထု၊ မြေထုအတွင်း ညစ်ညမ်းမှုများ မဖြစ်ပေါ်အောင် နည်းစနစ်များအသုံးပြု၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းကို အသိပညာရှိစွာ လိုက်နာကျင့်သုံးဆောင်ရွက်ရန်လိုပါသည်။ ကရင်ပြည်နယ်နှင့် ဇွဲကပင်ဖားစည်းမြေ၏အလှသည် ထာဝရသာယာလှပနေစေရန်မှာ ပြည်နယ်အတွင်းမှ ပြည်သူပြည်သားအားလုံး၏ တာဝန်ပင်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

နိုင်နိုင်ထွန်း(ကျူဒိုး)

ဘက်စုံထူးချွန်ကျောင်းသားကျောင်းသူများ အင်းလေးစခန်းသို့ ရောက်ရှိ

ညောင်ရွှေ မေ ၁

၂၀၁၃ ခုနှစ် နဝမတန်းဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများအတွက် အင်းလေးဒေသတွင် အပန်းဖြေစခန်းဖွင့်လှစ်မည်ဖြစ်ရာ ဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူ ၁၇၀ သည် ရှမ်းပြည်နယ် ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး ဦးအောင်ဝင်း ဦးဆောင်၍ ကြီးကြပ်သူ ဆရာ ဆရာမများနှင့်အတူ မတ် ၃၀ ရက် ညနေ ၄နာရီခွဲတွင် ဘက်စုံအပန်းဖြေစခန်း ဖွင့်လှစ်မည့် အထက(၁) ညောင်ရွှေသို့ ရောက်ရှိလာကြသည်။**(အပေါ်ပုံ)**

အဆိုပါ ကျောင်းသား ကျောင်းသူများကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ပြီး ညပိုင်းတွင်စုဝေးကွင်းပြင်၌ တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

နေမျိုးသူရိန်(ညောင်ရွှေ)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်/လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

ဆရာတော်ကြီး ၁၁ ပါး ၏ တရား ၂၈ ပုဒ် အနှစ်ချုပ်
(MMA)
လက်လီ ၅၀၀ိ၊ ၅ အုပ် နှင့် အထက် ၄၀၀ိ

မွေးနေ့မင်္ဂလာ၊ ဂုဏပူဇာနှင့်ဓမ္မဓရဓမ္မာရုံတော်ကြီး ရေစက်ချအလှူတော်မင်္ဂလာကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်များ၏ ဦးစီးပဓာနမဟာနာယက၊ ရွှေတိဂုံ၊ ဗိုလ်တထောင်၊ ဆူးလေ၊ ရွှေပြည်သာမြို့ဦး၊ သာခုကန်စေတီတော်၊ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့များ၏ သြဝါဒါစရိယ နိုင်ငံတော်သြဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီးဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြည်တွင်းပြည်ပ ပရိယတ်ပဋိပတ်သာသနာပြုအကျော်ကျေးဇူးတော်ရှင် သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသာရမဟာထေရ်၏ သက်ပြည့်သက်ကျော် သက်တော်(၈၁)နှစ်ပြည့် မွေးနေ့မင်္ဂလာ၊ စာအောင်သံဃာဂုဏပူဇာနှင့် ဓမ္မဓရဓမ္မာရုံတော်ကြီး ရေစက်ချအလှူတော်မင်္ဂလာကို (၁၃၇၄ခုနှစ်၊ တပေါင်းလပြည့် ကျော်၁၂ရက်) ၇-၄-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက်၉ နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

တောတိုက်ဓမ္မရိပ်သာကျောင်းတိုက် မဟာသကြ်န်(၁၀)ရက်အဓိဋ္ဌာန်အထူးတရားစခန်းပွဲကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်များ၏ ဦးစီးပဓာနမဟာနာယကကျေးဇူးတော်ရှင် သက်တော်ရှည်ဆရာတော်ကြီး ကိုယ်တိုင်ဦးစီး၍ မဟာသကြ်န်(၁၀)ရက် အဓိဋ္ဌာန်အထူးတရားစခန်းကို ၁၂-၄-၂၀၁၃ရက်မှ ၂၁-၄-၂၀၁၃ရက်အထိ ဟောကြားပြသပေးမည်ဖြစ်ပါ၍ ယောဂီများသည် ၁၁-၄-၂၀၁၃၊ ညနေ ၄ နာရီအရောက်လာရမည်ဖြစ်ကြောင်းသိရသည်။ အသေးစိတ်သိလိုပါက-၆၃၇၂၈၁၊ ၆၃၅၄၂၄၊ ၆၃၅၀၂၇သို့ ဆက်သွယ်နိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းလက်အောက်ရှိ တီကျစ်ကျောက်မီးသွေးသုံး စက်ရုံအတွက် အောက်ပါပစ္စည်းကို နေပြည်တော်၊ ပေါင်းလောင်း(ဂိုဒေါင်)အရောက် တန်ဖိုးမြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ် ပစ္စည်းအမျိုးအမည်

(က) Soot Blower များ
(ခ) Head Pulley With Motor
(ဂ) Control Card များ
(ဃ) Transmitter များ အစရှိသည့်ပစ္စည်းစုစုပေါင်း (၂၂)မျိုး
(င) 66KV Voltage Transformer (3)Sets

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ်၊ ဧပြီလ ၃၀ရက် မွန်းတည့် ၁၂ နာရီဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါ ဌာနတွင်လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၃၈)နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၁၆၈နှင့် ၄၁၁၀၇၆

EDUMAP Language Centre
- General English Course (4 Skills)
- Phonetics
- Intensive Interview
- TOEFL / IELTS
- Chinese Japanese Korean Malay Thai German French Spanish Italian Russian
09-5191046 09-73041493 505965

မောင်လှမျိုး
ဆံတစ်မျှင်ခြား

UNIQUE MARINE TRAINING CENTER
Workshop Skills Training

AGGA Travel & Tours Co., Ltd
IVECO = 19 Seaters
HIACE(G.L)= 14 Seaters
HIACE Limited = 7 Seaters
Alphard = 7 Seaters
Saloon = 4 Seaters
မြို့တွင်း/မြို့ပြင် ကားငှားမယ်ဆိုသတိရပါ

www.aggatravel.com www.facebook.com/aggatravel
Hot Line: 09 500 99 30, 09 4500 12695

ပိုင်ရှင်များဆက်သွယ်ပါ
ရန်ကုန်မြို့အတွင်း(အကျိုးတူငှားရမ်း၊ ရောင်းဝယ်)လုပ်ငန်းဆောင်ရွက်လိုသော အထပ်မြင့်ဆောက်လုပ်နိုင်သည့်မြေကွက်ကျယ်ပိုင်ရှင်များနှင့်(ငှားရမ်း၊ ရောင်းဝယ်)လိုသော (လုံးချင်း၊ ကွန်ဒို) ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။
KEY LINK
Business Services Co.Ltd
ဖုန်း-၀၁-၅၀၅၄၃၁၊ ၀၉-၂၀၀၉၆၀၈

အခန်းဆက်ဝတ္ထု

နှင်းငွေတစ်တောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

"ဟုတ်တယ် မွန်မွန်"

"မွန်မွန် မပြောချင်တော့ဘူး"

"ဘာဖြစ်လို့ မပြောချင်ရတာလဲ"

"မွန်မွန့်မှာ ပြောစရာကုန်ပြီ"

"တကယ်"

"တကယ်ပေါ့၊ ဆရာက ဘာလို့ အဲဒီလို မေးတာလဲ"

"မွန်မွန့်မှာ ပြောစရာတွေ ရှိပါသေးတယ်"

မွန်မွန်က သူ့ကို မျက်မှောင်လေးကြုတ်၍ ပြန်ကြည့်သည်။

"ဆရာက ဘယ်လိုလုပ် သိသလဲ"

"ဆရာ့ကို ပြန်ပြောမနေနဲ့ မွန်မွန်၊ ခုတင်ပေါ်မှာ အိပ်ပါ"

"မွန်မွန် ထိုင်ပြီး မပြောရဘူးလား"

"မွန်မွန် အိပ်ဖို့ ကြောက်နေသလား"

"အိုး . . . ဘာလို့ ကြောက်ရမှာလဲ"

"မကြောက်ရင် အိပ်ပါ မွန်မွန်"

မွန်မွန်က သူ့ကို စိုက်ကြည့်နေ၏။

သူက အေးချမ်းစွာ ပြုံးပြပြီး မွန်မွန့်ကို ပြန်ကြည့်နေ၏။

မွန်မွန်သည် သက်ပြင်းကလေးတစ်ချက် ထပ်ချပြီး ခုတင်ထက်တွင် အိပ်၏။

သူက ခေါင်းရင်း ကုလားထိုင်တွင် ဝင်ထိုင်၏။

"ကဲ . . . ပြော . . . မွန်မွန်"

"မွန်မွန် ဘာပြောရမှာလဲ"

"ကောင်းပြီ ဆရာပြောမယ်၊ သေသေချာချာ နားထောင်၊ မွန်မွန် ငယ်ငယ်တုန်းက အကြောင်းပြော၊ မွန်မွန်ငယ်ငယ်တုန်းက အိမ်မှာနေရတဲ့အကြောင်းပြော၊ အကုန်လုံး မှတ်မိသမျှပြော"

မွန်မွန့်ထံမှ ချက်ချင်း စကားသံမလာ။ အတန်ကြာမှ တစ်လုံးချင်းပြောသည်။

"မွန်မွန်တို့ ငယ်ငယ်တုန်းက ရန်ကုန်မှာနေတယ်၊ မွန်မွန်တို့အိမ်က တက္ကသိုလ်ရိပ်သာလမ်းမှာ၊ အခု အဲဒီ အိမ်ကိုဒက်ဒီက သံရုံးတစ်ရုံးကို ငှားထားတယ်၊ တစ်လ လခ နှစ်ထောင်ရတယ်"

"ဘယ်တုန်းက ငှားထားတာလဲ"

"မွန်မွန်တို့ ဒီပြောင်းမလာခင်"

"ကောင်းပြီ၊ အဲဒီမှာ နေတုန်းက အကြောင်းပြော"

"မွန်မွန်တို့အိမ်ကြီးက အကြီးကြီး၊ ခြံကြီးကလည်း အကျယ်ကြီး၊ အဲဒီတုန်းက သိပ်ပျော်ဖို့ကောင်းတယ်၊ အိမ်မှာ ပါတီခဏခဏလည်း လုပ်တယ်၊ ပါတီတစ်ခါလုပ်ရင် မွန်မွန် အဝတ်အစား အသစ်တစ်ခုရတယ်၊ မွန်မွန် သိပ်ပျော်တယ်၊ အို . . . ဒက်ဒီလည်း ပျော်တယ်၊ မာမီလည်း ပျော်တာပဲ"

ဦးမြင့်နွယ်က ဖြတ်မေးသည်။

"မွန်မွန့်ဒက်ဒီနဲ့ မာမီက မွန်မွန့်ကို သိပ်ချစ်သလား"

"ချစ်တာပေါ့"

"မွန်မွန်ကကော ဒက်ဒီနဲ့ မာမီကို ချစ်သလား"

"ချစ်တာပေါ့၊ ဘာလို့ အဲဒီလို မေးတာလဲ"

"ကောင်းပြီ၊ မွန်မွန့်မာမီနဲ့ ဒက်ဒီအကြောင်းပြော"

"ဘာတွေပြောရမှာလဲ"

"မွန်မွန့်မာမီနဲ့ ဒက်ဒီအကြောင်း"

"အင်းလေ ဘာပြောရမှာလဲ"

"ပြောချင်တာပြော"

"မာမီက လှတယ်၊ အင်္ဂလိပ်စကားလည်း ကောင်းကောင်းပြောတတ်တယ်၊ ခေတ်လည်း မီတယ်၊ ပွဲတစ်ခုခု သွားရင် လူတွေက မာမီ့ကို ငေးကြည့်ရတာပဲ၊ ဒက်ဒီက လည်း ချောတယ်၊ အဝတ်အစား ကောင်းကောင်း ဝတ်တတ်တယ်၊ မာမီနဲ့ဒက်ဒီကို ရှေ့သွားနောက်လိုက်ညီတယ်လို့ လူတွေက ပြောကြတယ်"

"အင်း"

"မာမီ့ဒက်ဒီက အတွင်းဝန်ကြီး၊ သရေစည်သူဆိုလား အဲဒီဘွဲ့ရတယ်၊ ဒက်ဒီဖေဖေက သူဌေး၊ကျောက်တွင်းသူဌေး၊ဒက်ဒီက အမွေတွေ အများကြီးရထားတယ်၊ မိုးကုတ်မှာ ကျောက်တွင်းတွေလည်း ရှိတယ်၊ ဒက်ဒီနဲ့ မာမီမှာ ဘာမှလိုလေသေးမရှိဘူး၊ မွန်မွန်လည်း လိုချင်တာ အကုန်လုံးရတာပဲ"

"မွန်မွန့်မာမီနဲ့ ဒက်ဒီက မွန်မွန့်ကို သိပ်ချစ်တယ် ဟုတ်လား"

"ဟုတ်တယ် သိပ်ချစ်တယ်"

"အင်း . . . အဲဒီအကြောင်းပြော"

"ဘယ်အဲဒီအကြောင်းလဲ"

"ဆရာပြောတာကို မွန်မွန်နားလည်ပါတယ်၊ မွန်မွန့် ဒက်ဒီနဲ့ မာမီက မွန်မွန့်ကို ချစ်တယ်၊ ဘယ်လိုချစ်သလဲ၊ အဲဒါကိုပြော"

မွန်မွန်က ငြိမ်နေသည်။ သူက တိုက်တွန်း၏။

"ပြောလေ မွန်မွန်"

"မွန်မွန် . . . မွန်မွန် မပြောတတ်ဘူး"

"ဘာလို့ မပြောတတ်တာလဲ"

"ဆရာက သိပ်ခက်တာပဲ၊ ချစ်တာဟာ ချစ်တာပေါ့၊ အဲဒါကို မွန်မွန်က ဘယ်လိုလုပ် ပြောတတ်မှာလဲ"

"ဒီမှာ မွန်မွန်"

"ဘာလဲ ဆရာ"

"မွန်မွန့်မာမီနဲ့ ဒက်ဒီက မွန်မွန့်ကို ချစ်တယ်၊ ဆရာ ထပ်ပြောဦးမယ်၊ မွန်မွန့်မာမီနဲ့ ဒက်ဒီက မွန်မွန့်ကို ချစ်တယ် ဟုတ်ပလား၊ ဆရာထပ်ပြောရဦးမလား"

မွန်မွန်က မဖြေ၊ ငြိမ်နေ၏။ မွန်မွန်၏ ရင်သည် အသက်ရှူမှုပြင်း၍ သိသိသာသာ လှုပ်ရှားနေမှန်း သူမြင်ရသည်။

မွန်မွန်၏ ဘယ်လက်လေးက ခုတင်အခင်းကို အားနှင့် ကုပ်တွယ်ထားသည်ကိုပါ မြင်ရ၏။

"မွန်မွန် မပြောတတ်ရင် ဆရာ ကြောင်းပေးမယ်၊ မွန်မွန့်မာမီနဲ့ ဒက်ဒီက မွန်မွန့်ကို သိပ်ချစ်တယ်၊ မွန်မွန့်ကို လိုလေသေးမရှိအောင် ထားတယ်၊ မွန်မွန်လိုချင်တာ အကုန်လုံးရတယ်"

သူက စကားကို ခေတ္တဖြတ်ထားပြီး မွန်မွန့်ကို အကဲခတ်ကြည့်သည်။ မွန်မွန်၏ ရင်လှုပ်ရှားမှုက ပိုမြန်လာနေသည်။

သူက အလွန်သတိထားပြီး စကားကို လေးလေးမှန်မှန် ဆက်ပြော၏။

"မွန်မွန်ကလည်း မာမီနဲ့ ဒက်ဒီကို ချစ်တယ်၊ တစ်ခါတလေ သနားတောင် သနားတယ်၊ မွန်မွန်က ထင်တယ်၊ မွန်မွန်ဟာ မာမီနဲ့ ဒက်ဒီအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်နေတယ်၊ ဟုတ်သလား မွန်မွန်"

သည်တစ်ကြိမ်တွင် မွန်မွန့်ထံမှ အဖြေကို သူရသည်။ စကားတော့ မဟုတ်။ ရှိုက်သံ . . . သူက မွန်မွန့်ကို တည်ငြိမ်စွာ ကြည့်သည်။

ရှိုက်သံတို့သည် ဆက်လာ၏။ ခဏတွင်မူ ဘယ်ဘက်လက်လေးသည် မျက်နှာပေါ် ရောက်လာ၏။

မွန်မွန်သည် ချုံးပွဲချ ငိုနေသတည်း။

ဦးမြင့်နွယ်က ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြီး ကြည့်နေသည်။ နှစ်ပတ်ကျော် သူစောင့်ဖမ်းနေသော အခါအခွင့်က ယခုမှ မိပေပြီ။

သြော် . . . ငိုနေရှာသူလေးကို ကြည့်ရင်းသူ့ရင်တွင်းမှာတော့ ဝမ်းသာခြင်းနှင့် ကျေနပ်မှုတို့ ပေါ်နေ၏။

မွန်မွန်က ဆယ်မိနစ်ခန့် လွတ်လွတ်လပ်လပ် ငိုနေ၏။ သည်ဆယ်မိနစ်ခန့်လုံးလုံးတွင် သူက ဘာမျှဝင်မစွက်ဘဲ ကျောက်ရုပ်ပမာ ငြိမ်ထိုင်နေ၏။

ရှိုက်သံကျဲသွားမှ သူက နေရာမှထပြီး မွန်မွန့်ဘေးသွားရပ်လျက် အိတ်တွင်းမှ လက်ကိုင်ပဝါဖြူကို ထုတ်ပေး၏။

မွန်မွန်က သူပေးသော လက်ကိုင်ပဝါဖြူဖြင့် မျက်ရည်ကို သုတ်ပစ်၏။

သူက ကုလားထိုင်တွင် ပြန်ထိုင်သည်။

ပက်လက်လေး ငြိမ်ငြိမ်လှဲနေသော မွန်မွန့်ကို တစ်ချက်ကြည့်ပြီး ချိုသာစွာ ခေါ်၏။

"မွန်မွန်"

"ဆရာ"

"မွန်မွန် စကားပြောနိုင်ပြီလား"

"မွန်မွန်က နှုတ်ဖြင့် မဖြေ။ ခေါင်းညိတ်ပြသည်ကို လှမ်းမြင်ရ၏။

"ကောင်းပြီ ပြောတော့ မွန်မွန်"

မွန်မွန်က လေသံပျော့ပျော့နှင့် မေး၏။

"အဲဒါကို မပြောရင် မရဘူးလား"

"ဘာကြောင့် မျိုသိပ်ထားတော့မလဲ မွန်မွန်၊ အရင်တုန်းက မွန်မွန် မသိဘူး၊ အခုသိပြီ၊ သိတာကို ပြောတော့ မွန်မွန်"

"ဆရာက ပြောစေချင်သလား"

"မွန်မွန် ကောင်းဖို့ ပြောစေချင်တယ်"

"ဒါဖြင့် မွန်မွန် ပြောပါ့မယ်"

မွန်မွန်သည် ခေတ္တငြိမ်နေပြီးနောက် လေးလေးမှန်မှန် စပြော၏။

"အဲဒီတုန်းက မွန်မွန် ငယ်ငယ်လေး ရှိသေးတယ်၊ မွန်မွန် မှတ်မိပြီ၊ အဲဒီတုန်းက မွန်မွန် ရှစ်နှစ်သမီး၊ အဲ . . . အဲဒီလောက်ပဲ ရှိမယ်၊ ညတစ်ညမှာ မွန်မွန် လန့်နိုးလာတယ်၊ မိုးခြိမ်းသံကြောင့်ပါ၊ မွန်မွန် လန့်နိုးတော့ မိုးတွေရွာနေတယ်၊လျှပ်စီးတွေလည်း လက်လို့မိုးခြိမ်းသံတွေလည်း ကြားနေရတယ်"

"မွန်မွန်က မွန်မွန့်အခန်းနဲ့ မွန်မွန်အိပ်ရတာ၊ နာနီက တခြားအခန်းမှာ။

မိုးခြိမ်းတာကို မွန်မွန် ကြောက်တယ်၊ နာနီ့အခန်းလည်း ထမသွားရဲဘူး၊ မွန်မွန် အဲဒါနဲ့ စောင်ခေါင်းမြီးခြုံအိပ်တယ်။

အဲဒီတုန်း မွန်မွန် ကြားရတယ်"

မွန်မွန်သည် စကားရပ်သွားသည်။

"မွန်မွန် ဘာကြားရသလဲ"

"စကားပြောသံ၊ မာမီနဲ့ ဒက်ဒီအသံ၊ မွန်မွန် ဝမ်းသာပြီး ထထိုင်တယ်၊ အဲဒီတော့မှ မွန်မွန်သိတယ်၊ စကားပြောနေကြတာမဟုတ်ဘူး၊ ရန်ဖြစ်နေကြတာ၊ မွန်မွန် သိပ်အံ့ဩသွားတယ်၊ မာမီနဲ့ ဒက်ဒီ ရန်ဖြစ်တာ မွန်မွန် တစ်ခါမှ မတွေ့ဖူးဘူး"

မွန်မွန် ပြောနေရာမှ ရပ်သွားပြန်သည်။

"ဆက်ပြောလေ မွန်မွန်"

"ဒက်ဒီက အော်တယ်၊ မာမီကလည်း ပြန်အော်တာပဲ၊ မွန်မွန်လေ ဘာလို့လည်းမသိဘူး၊ သိပ်လန့်သွားတာပဲ၊ မွန်မွန် အိပ်ရာထဲက အသာလေးထပြီး မွန်မွန့် အခန်းဝကနေ သွားချောင်းကြည့်တယ်။

မွန်မွန့်အခန်းက အပေါ်ထပ်မှာဆိုတော့ အောက်ထပ် ဧည့်ခန်းကို စီးမြင်နေရတယ်။

(ဆက်လက်ဖော်ပြပါမည်)

> "သည်တစ်ကြိမ်တွင် မွန်မွန့်ထံမှ အဖြေကို သူရသည်။ စကားတော့မဟုတ်။ရှိုက်သံ...သူက မွန်မွန့်ကို တည်ငြိမ်စွာကြည့်သည်။ ရှိုက်သံတို့သည် ဆက်လာ၏။ ခဏတွင်မူ ဘယ်ဘက်လက်လေးသည် မျက်နှာပေါ်ရောက်လာ၏။ မွန်မွန်သည် ချုံးပွဲချ ငိုနေသတည်း။"

သကြံန်တွင်းမှာ လန်းချင်သလောက်လန်း၊ ကဲချင်သလောက်ကဲ၊ သကြံန်ပြီးမှာ မနွမ်းဖို့ အတွက်

BAWANG HERBAL ခေါင်းလျှော်ရည် ၏

2013 WATER FESTIVAL PROMOTION

သင်္ကြန်တွင်းမှာ ပျက်စီးသွားမယ့် ဆံနွယ်တွေအတွက် ဆံပင်ဆေး၊ BAWANG HERBAL ခေါင်းလျှော်ရည်၊ ဆံပင်ပေါင်းဆေး၊ ပေါင်းဆေး၊ ရေချိုးဆပ်ပြာတွေက ၁၀၀% ထာဝရ ပိုင်စိုးပါစေ။

Up to 50% OFF

Buy-1 Get-1 FREE

All City Mart (Ygn, Mdy,NPT)

All Ocean Supermarket (Ygn, Mdy,NPT) (28-3-2013 to 12-4-2013)

ထပ်ဆင့်အကယ်ဒမီမြင့်မြင့်ခိုင်၏
Supreme Broadway Institute(SBI)
အနုပညာသရုပ်ဆောင်သင်တန်းအပတ်စဉ်(၂)

အနုပညာစိတ်ဝင်စား ဝါသနာပါ၍ သင်ကြားလိုသူများကို လျှောက်လွှာများစတင်ခေါ်ယူနေပါသည်။ (စိမ်းဝါနီရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများတွင်ရိုက်ကူးရန်)

၁။ သရုပ်ဆောင်သင်တန်း၊ အဓိကသရုပ်ဆောင်၊ ဇာတ်ပို့၊ ဇာတ်ရံ။
၂။ ဒါရိုက်တာသင်တန်း(အသက်အကန့်အသတ်မရှိ)
၃။ ဇာတ်လမ်း၊ ဇာတ်ညွှန်းသင်တန်း၊ ရုပ်ရှင်ပညာအခြေခံမှစ၍ မြန်မာ့ရုပ်ရှင်စွယ်စုံပညာရှင်များဖြစ်အောင် သင်ကြားပေးခြင်း။
၄။ ရုပ်ရှင်ပညာကို စာတွေ့၊ လက်တွေ့အပြင် မိတ်ကပ်အလှပြင်သင်တန်းများကိုလည်း သင်တန်းကာလအတွင်း လက်တွေ့ကွင်းဆင်းသင်ကြားပေးခြင်း။
၅။ တေးသီချင်းသီဆိုမှု၊ Dancer အက၊ ကိုယ်နေဟန်ထားများသင်ကြားပေးခြင်း။ အထူးရုပ်ရှင်ဗီဒီယိုအတတ်ပညာများကို ဝါရင့် သမ္ဘာရင့် ပညာရှင်များက အထူးသင်ကြားပေးခြင်း။
၆။ နွေရာသီကလေး အထူးသရုပ်ဆောင်သင်တန်းဖွင့်လှစ်ခြင်း။(နယ်မှလာတတ်သူများအတွက် ကျား/မ ဘော်ဒါလက်ခံပါသည်။)

လျှောက်လွှာဝယ်ယူရမည့်နေရာ-အမှတ်(၂၆၃)၊ ရန်ကုန် Y.M.C.A၊ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၉၄၁၂၈၊ ၂၉၄၀၀၃၊ ၀၉-၅၀၄၉၁၇၇၊ ၀၁-၂၉၆၀၇၄၊ ၀၉-၇၃၂၄၄၃၄၄၊ ၀၉-၇၃၀၄၇၄၇၇၊ သင်တန်းကို ဧပြီလနောက်ဆုံးပတ်တွင် ဖွင့်လှစ်ပါမည်။

ကံ့ကော်မြိုင်သာသနာ့ရိပ်သာစာသင်တိုက် (၂၃)ကြိမ်မြောက် သင်္ကြန်(၁၀)ရက်တရားစခန်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ ကံ့ကော်မြိုင် သာသနာ့ရိပ်သာစာသင်တိုက်တွင် (၂၃)ကြိမ်မြောက် သင်္ကြန်(၁၀)ရက်တရားစခန်းကို ၈-၄-၂၀၁၃ရက်မှ ၁၇-၄-၂၀၁၃ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် စခန်းဝင်လိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

စခန်းဝင်မည့်သူများ ၇-၄-၂၀၁၃ရက် ညနေ ၄နာရီအရောက် သတင်းပို့ရန်ဖြစ်ပါသည်။

၁။ ကံ့ကော်မြိုင်သာသာနာ့ရိပ်သာစာသင်တိုက် ဖုန်း-၀၁-၅၇၈၄၂၉
၂။ ဦးမျိုးဆွေ (ဥက္ကဋ္ဌ) ဖုန်း-၀၉၅၀၁၅၉၂၉
၃။ ဒေါ်ရီရီသိန်း (ဆွမ်းရေးရာမှူး) ဖုန်း-၀၉၅၁၅၀၀၉၇

ပစ္စည်းလေးပါးထောက်ပံ့ရေးဝေယျာဝစ္စအဖွဲ့
ကံ့ကော်မြိုင်သာသနာ့ရိပ်သာစာသင်တိုက်

ရွှေဝါဝင်းကျောင်းသင်္ကြန်တစ်လတရားစခန်းပွဲ ရှင်အပါး(၁၀၀)ရှင်ပြုပွဲနှင့် သီလရှင်အပါး(၅၀)ဝတ်ပွဲကျင်းပမည်

ဒဂုံမြို့သစ်တောင်ပိုင်း၊ (၁၀၄)ရပ်ကွက်၊ ရွှေဝါဝင်းကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီးတွင် သင်္ကြန်တစ်လအထူးတရားစခန်းပွဲကို ၁၂-၄-၂၀၁၃ရက်မှ ၁၁-၅-၂၀၁၃ရက်ထိ ကျင်းပမည်ဖြစ်ပြီး ကျေးဇူးတော်ရှင် မိုးကုတ်တရာတော်ကြီး၏ ဥပနိဿယအတိုင်း ရွှေဝါဝင်းဆရာတော် ဒေါက်တာအရှင်အာသဘ (Ph.D) မှ ဟောကြားပြသမည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ၁၁-၄-၂၀၁၃ ရက် ညနေ ၄း၀၀ နာရီအရောက် ကြွရောက်ပေးကြရမည်။ ရှင်အပါး(၁၀၀)ရှင်ပြုပွဲနှင့် သီလရှင်အပါး(၅၀)ဝတ်ပွဲကို ရွှေဝါဝင်းဆရာတော်အမှူးပြုသော ရှင်ဒါယကာ၊ ဒါယိကာမအပေါင်းတို့မှ စုပေါင်းပြုလုပ် လှူဒါန်းကုသိုလ်တော်ပြုကြပါမည်။ ရှင်သာမဏေလောင်းများနှင့် သီလရှင်လောင်းများသည် ၄-၄-၂၀၁၃ရက် မွန်းတည့် ၁၂း၀၀နာရီအရောက် ကြွရောက်ရန်နှင့် ရှင်ဒါယကာ၊ ဒါယိကာမအဖြစ်ခံယူလိုသော အလှူရှင်များ (သို့) အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၅၁၂၉၆၅၆၊ ၀၉-၄၉၃၀၉၅၂၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရွှေတိဂုံစေတီတော်မူလစနေသန့်ရှင်းရေးအသင်း

နှစ်(၄၀)ပြည့်အထိမ်းအမှတ် ဆွမ်းကပ်တရားနာကြွရောက်ပါရန် အသင်းသူ၊ အသင်းသား အဟောင်း အသစ်များအားလုံးကို လေးစားစွာဖြင့် ဖိတ်ကြားခြင်း။

ကျင်းပမည့်နေရာ	- ရွှေတိဂုံစေတီတော်အဖွားခက်မှာရုံ (အနောက်ဘက်စောင်းတန်း)
ကျင်းပမည့်နေ့ရက်/အချိန်	- ၆-၄-၂၀၁၃ရက် နံနက် ၉ နာရီ
ဆက်သွယ်ရန်လိပ်စာ	- ဦးသိန်းဝင်း(ဥက္ကဋ္ဌ) ဖုန်း-၀၁-၃၉၅၆၅၅၊ ၀၉၄၃၀၈၄၃၂၆
	ကိုဝင်းကျော် ဖုန်း-၀၉-၅၁၉၄၀၆၉
	ကိုမြင့်သိန်းအောင် ဖုန်း-၀၉-၇၃၁၀၅၂၅၈

ဂင်္ဂါမြေ

ပြည်တွင်းအဆောင့်ခြင်ခရီးစဉ်များ (၃)ဦးဝယ်လျှင်+(၁)ဦးအခမဲ့

* လားရှိုး၊ မူဆယ်၊ ရွှေလီ၊ မန်စီ	Apr 12	(320000)
* ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်	Apr 12	(250000)
* တောင်ကြီး၊ အင်းလေး၊ ပင်းတယ	Apr 12	(190000)
* ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး	Apr 12	(180000)
* မြဝတီ၊ မဲဆောက်၊ ဖာအံ	Apr 13	(250000)
* ကသော၊ မန္တလေး၊ ပြင်ဦးလွင်	Apr 13	(230000)
* ပုဂံ၊ မန္တလေး၊ ပြင်ဦးလွင်	Apr 12/13	(210000)
* ကျိုက်ထီးရိုး၊ မော်လမြိုင်၊ ကျိုက္ခမီ	Apr 13	(160000)

0973340050,0973340051,0973340052,09420187871
09420187872,09420187873

သမ္မတကမ်းခြေသင်္ကြန်တွင်း တရားစခန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ သမ္မတကမ်းခြေရပ်ကွက်၊ သမ္မတကမ်းခြေကျောင်းတိုက်၌ လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီးနည်းအရကမ္မဋ္ဌာနစရိယဆရာကြီးဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော တပည့်ကမ္မဋ္ဌာနာစရိယများက (၇)ရက် ဝိပဿနာတရားစခန်းကို (တန်ခူးလဆန်း ၂ရက်) ၁၂-၄-၂၀၁၃ရက်မှစ၍ (တန်ခူးလဆန်း ၁၀ရက်) ၂၀-၄-၂၀၁၃ရက်အထိ ဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ၁၂-၄-၂၀၁၃ရက် ညနေ ၅နာရီထက် နောက်မကျစေဘဲ လာရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

အကျိုးဆောင်အဖွဲ့
သမ္မတကမ်းခြေ၊ ဒလမြို့

ကြော်ငြာစာ

နိုင်ငံတော်မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိတပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများအတွက် ပေးအပ်ထားသော မြေကွက်များတွင် မြေချပါမစ်(မူရင်း)ထုတ်ယူထားခြင်း မရှိသေးသည့် ဒဂုံမြို့သစ်မြေတိုင်းအမှတ်-၁၂၈၊ ၁၃၉(အီး- ၁၁)၊ ၁၄၆၊ ၁၄၇၊ ၁၅၇(အီး-၁၃)အကွက်များ၊ ဂရန်(မူရင်း)နှင့် မြေချပါမစ်(မူရင်း)လဲလှယ် ထုတ်ပေးပြီးဖြစ်သည့် (၃၉-အေ)(၃၉-ဘီ)မြေကွက်များအနက်မှ အောက်ဖော်ပြပါ မြေကွက်များ၏ မြေချပါမစ်မူရင်းများအား ကြော်ငြာသည့်နေ့မှစ၍ စာရင်းတွင်ပယ်ဖျက်ပြီးဖြစ်သဖြင့် လက်ဝယ်ရှိသူများမှ မြေချပါမစ်(မူရင်း)များအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးသို့ ပြန်လည်အပ်နှံရန်နှင့် ၂၀၁၃ခုနှစ် ဧပြီလ ၁၂ ရက်နောက်ပိုင်းလက်ဝယ်တွေ့ရှိရပါက တည်ဆဲဥပဒေအရ အရေးယူခံရမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၃၉(အေ)- ၁၈၉၊ ၂၁၅၊ ၂၃၅၊ ၂၄၂၊၂၆၆၊ ၂၈၄၊ ၂၈၆၊ ၂၉၈၊ ၃၀၄၊ ၃၁၉၊ ၃၃၇၊ ၃၇၃၊ ၃၉၆၊ ၄၀၂၊ ၄၀၃၊ ၄၀၅၊ ၄၀၇၊ ၄၁၀၊ ၄၂၄၊ ၄၂၆၊ ၄၃၁၊ ၄၃၉၊ ၄၄၄၊ ၄၆၀၊ ၄၆၇၊ ၄၇၁။
၃၉(ဘီ) - ၃၆၉၊ ၃၇၀၊ ၃၉၄၊ ၃၉၇၊ ၄၁၁၊ ၄၁၂၊ ၄၁၄၊ ၄၁၆၊ ၄၂၅၊ ၄၂၉၊ ၄၃၁၊ ၄၄၁၊ ၄၄၆၊ ၄၆၇၊ ၄၇၂၊ ၄၇၄၊ ၄၇၇၊ ၄၈၅၊ ၄၉၀၊ ၄၉၂၊ ၄၉၅၊ ၅၀၂၊ ၅၁၂၊ ၅၁၇၊ ၅၇၅၊ ၅၈၆၊ ၅၈၉၊ ၅၉၂၊ ၅၉၃၊ ၅၉၉၊ ၆၀၃၊ ၆၀၅၊ ၆၀၆၊ ၆၀၇၊ ၆၀၉၊ ၆၁၂၊ ၆၁၃၊ ၆၂၁၊ ၆၂၅၊ ၆၂၇၊ ၆၃၆၊ ၆၃၇၊ ၆၄၄၊ ၆၄၉၊ ၆၅၀၊ ၆၅၉၊ ၆၆၅၊ ၆၆၆။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး

Shan Yoma Travel & Tours Co.,Ltd.
Winner of Tourism Alliance Awards for 2011 & 2012
Since 1996
Arranging All Tourism Related Services
ပြည်တွင်း/ပြည်ပခရီးစဉ်များ, Hotel, Airticket,Car Rental,..etc.
Ph: 01-295510,299389,9010378,9010380,9010382
09-73142885,73142886,73142898,73250927
www.exploremyanmar.com

စတုဘုမ္မိက သင်္ကြန်တွင်း ခုနစ်ရက်တရားစခန်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ပြည်သာယာလမ်း စတုဘုမ္မိကမဂ္ဂင်ရိပ်သာ၌ ဗုဒ္ဓနည်းကျ ရွှေမင်းဝံ့ဂုဏ်တွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားစခန်းကို ၁၃-၄-၂၀၁၃ ရက်မှ ၁၉-၄-၂၀၁၃ ရက်အထိ ခုနစ်ရက်ကျင်းပမည် ဖြစ်ပါ၍ တရားစခန်းဝင်လိုသောယောဂီများ ၁၂-၄-၂၀၁၃ ရက် ညနေ ၄နာရီအရောက် သတင်းပို့ကြပါရန်နှင့် အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်နိုင်ပါကြောင်း။

ဖုန်း-၅၇၁၉၂၉၊ ၀၉၄၂၀၂၃၉၈၀၊ ၀၉၄၂၀၃၉၇၄၆

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၇လမ်း(B)၊ တိုက်(၂၃)၊ အခန်း(၁၀၁)၊ တိုက်ခန်းအား အမည်ပေါက်ပိုင်ဆိုင်သူများ၏ ဆက်စပ်စာချုပ်(မူရင်း)များ ရယူလျက်နောက်ဆုံးဝယ်ယူထားသော ဒေါ်ခင်ခင်မူ[၁၂/တမန(နိုင်)၀၄၉၈၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းထွန်းအောင်[၁၁/စတန(နိုင်)၀၅၀၁၄၂]က အပြီးအပိုင်ဝယ်ယူပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းမောင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၁၆၅)
၅၀၊ (A-၁၇)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၃၂၅၁၉၊ ၀၉-၄၄၈၀၄၈၂၃၂

အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ... (LL.B.H.G.P.) ...

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဝေယံအောင်[၇/ပတန(နိုင်)၀၉၉၁၉၂]၏ P.P No.A ၄၃၅၄၄၅ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၁၀၈၆၁၀

ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၃-၂၀၁၃ ရက် ကြေးမုံသတင်းစာ စာမျက်နှာ-၁၉ (ကော်လံ ၁+၂)တွင် တင်ကိုဦးအား သတိပေးကြေညာချက်၌ တင်ကိုဦး၏ နေရပ်လိပ်စာကို အမှတ်(၅၂)၊ တတိယထပ်(ယာ)၊ လမ်း(၁၃၀)၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်အား အမှတ်-၃၆/၄ လွှာ(ယာ)၊ လမ်း(၁၃၀)၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀/က)၊ မြေကွက်အမှတ်(၁၁၂/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၁၂/ခ)၊ မောင်းမကန်ကမ်းသာလမ်း၊ (၂၀/က) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဒေါ်မြင့်မြင့်ကြည် (W/RGN-၀၀၄၂၉၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင်-ဒေါ်မြင့်မြင့်ကြည် ဖခင် ဦးကျော်ဝင်း ကွယ်လွန်သဖြင့် ဒေါ်စိုးစိုးကြည် [၁၂/ဒဂတ(နိုင်)၀၄၄၇၉၅]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ ဒေါ်စိုးစိုးကြည်ထံမှ GP-၁၆၄၉၅/ (၁၀-၁၀-၁၂)ရသူ ဦးအောင်ခိုင် [၇/ရကရ (နိုင်)၁၀၀၀၃၇]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

ဦးရဲနွယ်(ခ)ဦးထွန်းရွှေ၏ သမီးဖြစ်သူ မှတ်ပုံတင်အမှတ်[၁၂/တမန(နိုင်)၁၀၂၉၄၉] ကိုင်ဆောင်သူ မဝတ်ရည်ထွန်းအား မဟန်ဆုဇင်ဟု ပြောင်းလဲခေါ်ပါရန်။ **ဟန်ဆုဇင်**

ကျေးဇူးဆပ်ပါမည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၁၂၇)နေ ဦးသန်းအေး(ဘ)ဦးစန်းအောင် [၁၂/မဂတ(နိုင်)၀၉၃၃၂၅] ကိုင်ဆောင်သူအမည်ပါ ဆိပ်ကမ်းရှင်းလင်းရေးဖိုင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန် ပန်ကြားအပ်ပါသည်။

ဖုန်း-၀၉-၄၂၀၀၈၃၁၆၄

တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုပြီးသူ ကျောင်းသား/ကျောင်းသူများအတွက်

PRE-UNIVERSITY ORIENTATION COURSE

MCC.i မှ နှစ်လကျော် ဖွင့်လှစ်မည့် နိုင်ငံခြားတက္ကသိုလ်ဘွဲ့များအတွက်အကြိုသင်တန်း

- B.Sc (Hons) Business IT ကွန်ပျူတာ သိပ္ပံဘွဲ့.
- B.S.E အင်ဂျင်နီယာ သိပ္ပံဘွဲ့.
- B.B.A စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုဘွဲ့.
- B.Tech - Computer Game Multimedia ဂိမ်းတီထွင် ထုတ်လုပ်မှုဘွဲ့.

Enroll Now!

MCC Training Institute (Yangon Campus) - Tel: 01-245762, 249152, 395512, 246634
(Yatanarpon Campus) - Tel: 02-5178112, 02-5178113, 02-5178132
(Nay Pyi Taw Campus) - Tel: 067-421617 Ext: 108, 067-421345

SGS Certificate TH09/3125
ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးမှုန့်
လေငန်းဖမ်း၍ကိုယ်တစ်ခြမ်းသေခြင်း၊ ပါးရွဲ့ခြင်း၊ လေဖြန်းခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်း ပြစ်လျှင်ပျောက်ကင်းနိုင်ပါသည်။
ISO 9001:2008 နှင့် GMP
Certificate TH06/3966.01

သင်္ကြန် SALES

LED

40" (40FE1)	- 340,000
40" (40PB200)	- 461,000
32" (32FE2)	- 210,000
32" (32PB200)	- 261,000

ဗလာမပါကံစမ်းမဲ
24" LCD - 10 လုံး
နှင့်
အခြားဆုမဲများ

LCD

42" (42C98)	- 313,000
24" (24FC1)	- 129,000
24" (24H Series)	- 153,000

Two door ရေခဲသေတ္တာ

FR-138	- 141,000
FR-220	- 181,000
SJ-S172K	- 198,000
SJ-S192K	- 208,000

One door ရေခဲသေတ္တာ

RF-18WI	- 137,000
RF-20WI	- 150,000
SJ-K170T-SL	- 156,000
SJ-K190T-SL	- 165,000
GR-E1434	- 161,000
GR-E1734	- 172,000

Freezer

2' (BD/BC-105)	- 135,000
3' (BD/BC-205)	- 159,000
3' (BD/BC-255)	- 166,000

Show case Freezer

LC-206	- 212,000
LC-266	- 257,000

Air Con:

1HP (FS-09)	- 179,000
1HP (AH/AV-A9PEV)	- 220,000
1.5HP (FS-12)	- 209,000
1.5HP (AH/AV-A12MEV)	- 253,000

Washing Machine

7.0Kg	(WT-70M)	- 84,000
8.0Kg	(WT-80M)	- 95,000
9.0Kg	(WT-90M)	- 104,000

AA ELECTRONICS

A A ELECTRONICS

အရောင်းပြခန်းများ **ဧပြီလ (၁) ရက်မှ (၁၂)-ရက်ထိ**

မဟာဗန္ဓုလလမ်း၊(၃၅)လမ်းထောင့်၊ ရန်ကုန်မြို့။	ဖုန်း-(၀၁)၂၄၉၅၈၇၊ ၃၈၄၁၅၃။
အမှတ်(၁၄၆/၁၅၂)၊ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ ရန်ကုန်မြို့။	ဖုန်း - (၀၁)၂၅၂၉၉၀၊ ၂၅၂၉၉၁။
အမှတ်(၃၁၇)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်အောင်ကျော်လမ်းထောင့်၊ ရန်ကုန်မြို့။	ဖုန်း - ၀၉ ၄၉၂၄၉၉၅၂။
အမှတ်(S-၁၁၅/၁၁၆/၁၁၇A/၁၁၇B)၊ ပထမထပ်၊ Junction Square။	ဖုန်း - (၀၁) ၅၂၇၂၄၂(လိုင်းခွဲ - ၂၀၁၅)။
လမ်း (၇၀) နှင့် (၂၆)လမ်းထောင့်၊ မန္တလေးမြို့။	ဖုန်း-(၀၂) ၃၂၄၄၁၊ ၇၁၃၁၆၊ ၂၄၇၆၀။
အမှတ် ၁၀/၆၁(က)၊ ဗိုလ်တာရာလမ်း၊ နေပြည်တော်၊ ပျဉ်းမနားမြို့။	ဖုန်း-၀၉ ၄၉၂၄၉၉၅၁။
အမှတ်(၁၅၅)၊ သီရိရတနာအဆင့်မြင့်ဈေး၊ နေပြည်တော်။	ဖုန်း- (၀၆၇) ၄၂၁၃၇၅။

ဗုဒ္ဓဝယာမြေမြတ်မဟာ၌ သာသနာ့ရောင်ဝါထွန်းလင်းစေဖို့ သာသနိကအဆောက်အအုံ လှူကြစို့

[illegible]

အလှူခံဌာနများမှာ-

၁။ ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ (M.A.,Ph.D)
VisitingProfessor(New Age International University,USA)
[illegible]
,Email-ndbatha@gmail.com, web-www.bmission.net;
www.bmission.blogspot.com.

[illegible]

ဖုန်း-681209, 681504, 682934, 09 73249922

အစကောင်းကြိုက်သူများအတွက်

သန်

စပါယ်ရှယ်ပေါ်ဆန်းမွှေး၊ပဲဆီမွှေး၊ရှမ်းဆန်၊ဘာခမာတီ၊ဆန်မျိုးစုံ
ရွေးချယ်သန့်စင်ပြီး(စပ်ချက်)ဆန်များကိုအိမ်အရောက်ပို့ပေးပါသည်။
ယနေ့မှာကြားလျှင် ယနေ့အရောက်ပို့ ဝန်ဆောင်မှုဖြစ်ပါသည်။
(ပိတ်ရက်မရှိပါ။) ဆန်သားနှင့်ထမင်းအား နှစ်သက်မှုမရှိပါက
တစ်ပတ်အတွင်း ပြန်လည် လဲလှယ်ပေးပါမည်။
ရွှေဘိုပေါ်ဆန်းမွှေးရပြီ။
ဘုရင့်နောင်ပွဲရုံချက်နာစာတန်း၊ဘုရင့်နောင်လမ်းမကြီး။
ဖုန်း-681209, 681504, 682934, 09 73249922

ချမ်းသာသူဌေး

One Stop Service for Agarwood

ကလေးနာမည်ပေး
ဆရာကြီးရာဇာဝေဝင်း
(LL.B.)နှင့် [illegible]
01-394727, 01-399426
09-73009994 [illegible]

တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ Grand Guardian Insurance Public Company Limited သည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ခွင့်ပြုချက်ဖြင့် (အသက်အာမခံ+အထွေထွေအာမခံ) လုပ်ငန်းများအား မြန်မာနိုင်ငံအတွင်း၌ဆောင်ရွက်ရန် ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီဖြစ်ပါသည်။

၂။ အသက်အာမခံလုပ်ငန်းနှင့် အထွေထွေအာမခံလုပ်ငန်းအုပ်စုတွင်ပါဝင်သည့် အလုံးစုံမော်တော်ယာဉ်အာမခံလုပ်ငန်းအတွက် အောက်ဖော်ပြပါလုပ်ငန်းများနှင့် စာချုပ်ချုပ်ဆို၍ ဆောင်ရွက်လိုပါသည်။

အာမခံအမျိုးအစား	အကြောင်းအရာ	သက်ဆိုင်သည့်လုပ်ငန်း
အသက်အာမခံလုပ်ငန်း	အာမခံထားသူများအား ဆေးစစ်ပေးရန်	ဆေးရုံများ (HOSPITALS)
အလုံးစုံမော်တော်ယာဉ် အာမခံလုပ်ငန်း	အာမခံထားသည့် ယာဉ်ထိခိုက်ပျက်စီးမှုများအား ပြင်ဆင်ရန်	ကားပြင်အလုပ်ရုံများ (CAR WORKSHOPS)

ဆက်သွယ်ဆောင်ရွက်လိုသောလုပ်ငန်းရှင်များသည်အောက်ဖော်ပြပါလိပ်စာသို့ ၂၂-၄-၂၀၁၃မှ ၂၆-၄-၂၀၁၃ ရက်အထိ ဆက်သွယ်၍မေးမြန်းခြင်း တင်ဒါတင်သွင်းခြင်းများ ပြုလုပ်နိုင်ပါသည်။

Grand Guardian Insurance Public Co., Ltd. No.(19/20) A,B,C,D, Junction Square Compound, Pyay Road, Yangon, Myanmar. Tel: 95-1-2304365, 2304366 Fax: 95-1-2304199 Email :info @ ggipinsurance. com

ကျေးဇူးဆပ်ပါမည်

ဦးတင်မောင်ဦး၏ သတ်ော်သားလုပ်သက်မှတ်တမ်းစာအုပ်အမှတ် ကွေး-၂၇/၈၁သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၂၁၂၅၆၀၄၂

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုအောင်သဏ်း၏ နိုင်ငံကူးလက်မှတ်(PP-No-818396)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၀၃၁၁၇၆

(၂၆)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်တဲ့ဖေဖေ **ဦးလှဒေါင်း** (လ. ဝ. က တိုင်းဦးစီးဌာနမှူး ဧရာဝတီတိုင်းဒေသကြီး)နှင့် ချစ်တဲ့မေမေ **ဒေါ်ဆန်းဆန်းမြင့်**တို့၏ ၂-၄-၂၀၁၃ ရက်တွင်ကျရောက်သော (၂၆)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစုနှင့်အတူ ချမ်းမြေ့သာယာကြည်နူးဖွယ်ကောင်းသော ဘဝခရီးကို ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေ။

ဆုမွန်ကောင်းတောင်းလျက်-

သမီးကြီး - အိဖြူစင် (Air Bagan)
သမီးလတ် - နန္ဒာထက် (ခေတ္တစင်ကာပူ)
သားငယ် - ကျော်မင်းထွဋ် (Grade II)

Myanmar Professional Development Center (MPDC)နှင့် Assumption University of Thailand (ABAC)၏ သင်တန်းသစ်များအတွက် သင်တန်းလျှောက်လွှာခေါ်ယူခြင်း။

၁။ MPDC နှင့် Assumption University (ABAC)တို့ ပူးပေါင်း၍ ၂၀၁၀ ခုနှစ်တွင် MBA စီးပွားရေးပညာ မဟာဘွဲ့သင်တန်းများကို စတင်ဖွင့်လှစ်ခဲ့ရာ ရန်ကုန်မြို့တွင် MBA Fast-Track (Batch7)၊ မန္တလေးမြို့တွင် Batch-2နှင့်သင်တန်းသစ်များဖြစ်သော M.M.OD (Master of Management in Organization Development), M.S.IT(Master of Science in Information Technology)နှင့် Ph.D.OD (Doctor of Philosophy in Organization Development)သင်တန်းများကို ၂၀၁၃ခုနှစ်၊ မေလကုန်တွင် ထပ်မံဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပါသည်။

၂။ စီးပွားရေးဆိုင်ရာ မဟာဘွဲ့သင်တန်းများဖြစ်သော MBA, M.M.OD နှင့် M.S.I.Tသင်တန်းများကို မည်သည့်တက္ကသိုလ်ဘွဲ့ရမဆို လျှောက်ထားနိုင်မည်ဖြစ်သည်။

၃။ Ph.D.OD (Doctor of Philosophy in Organization Development)သင်တန်း တက်ရောက်လိုသူများအနေဖြင့် မဟာဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်ပါသည်။

၄။ သင်တန်းများအားလုံးကို Assumption University of Thailand အသိအမှတ်ပြု ပြည်တွင်း၊ ပြည်ပမှ ဝါရင့်ဆရာကြီး၊ ဆရာမကြီးများကိုယ်တိုင်စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Assumption University of Thailand မှ တရားဝင် အသိအမှတ်ပြု ဘွဲ့လက်မှတ်များ ချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

၅။ ရုံးချိန်ပြင်ပသင်တန်းချိန်များသာဖြစ်ပြီး သင်တန်းများအတွက်လူဦးရေကန့်သတ်ထားပါသဖြင့် လျှောက်လွှာများ စတင်လျှောက်ထားနိုင်ပြီဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာ၊ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

Main Campus: အဆောင်(၄)၊ အခန်း-၁၊ မြန်မာအင်ဖိုတက်ခ်၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၀၇၀၄၃၊ ၀၁-၅၀၇၀၄၇။

YGN Campus 2: တိုက်-ဘီ၊ ၁၂ လွှာ၊ အခန်း-၀၀၁၊ ဒိုင်မွန်းကွန်ဒို၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၁၂၂၀၇၁၉၊ ၀၉၅၀၂၈၄၈၉

Mandalay Campus: အမှတ်(၆၂)၊ ဒုတိယထပ်၊ ၃၄ လမ်း၊ ၇၄ လမ်းနှင့် ၇၅ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၁-၁၂၀၁၂၈၉၊ ၀၉ ၇၃၂၀၃၂၀၇။

ဦးအောင်သန်း [၁၂/ဥကမ(နိုင်)၀၉၁၇၉၉]နှင့် ၎င်း၏တရားလွှတ်တော်ရှေ့နေ ဦးသောင်းလှိုင်ဦး၏ ၂၄-၃-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ၌ အများသိစေရန်ကြေညာခြင်းကိုပြန်လည်ရှင်းလင်းခြင်း

အထက်ပါသတင်းစာကြေညာချက်ရှိ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တောင်ရပ်ကွက်၊ ဇေတဝန်လမ်း၊ အမှတ်-၂၁ မြေနှင့်အိမ်သည် ကွယ်လွန်သူ ဦးမောင်သန်းနှင့်ဇနီး ဒေါ်စောခင်တို့ပိုင်ဆိုင်ခြင်းမှန်သော်လည်း၊ ၎င်းတို့ ကွယ်လွန်ချိန်တွင် ၎င်းတို့၏တစ်ဦးတည်းသောသမီး ဒေါ်အေးအေးသန်း [၁၂/စခန(နိုင်)၀၁၈၅၅၂]က ယင်းမြေနှင့်အိမ်ကို ယနေ့တိုင် သားသမီးများနှင့်အတူ အမွေဆက်ခံရရှိနေထိုင်လျက်ရှိကြောင်း ဦးအောင်သန်းကိုယ်တိုင်သိရှိပြီးဖြစ်ပါသည်။ သို့ပါလျက် ထိုအိမ်နှင့်မြေကို ဦးအောင်သန်းက အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသည်ဟု မဟုတ်မမှန် ဖော်ပြခဲ့ခြင်းနှင့် ဦးမောင်သန်းသည် ၁၉၇၂ ခုနှစ်နှင့် ဒေါ်စောခင်သည် ၁၉၉၅ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်ဟု မှားယွင်းစွာဖော်ပြပြီး လွှဲပြောင်းခြင်းတစ်မျိုးမျိုးမလုပ်ရန် ကြေညာခြင်းသည် အများသူငါ ထင်ယောင်ထင်မှားဖြစ်စေသည့်အပြင် ဒေါ်အေးအေးသန်း၏ အကျိုးစီးပွားကို ထိခိုက်နစ်နာရပါသည်။ ဖော်ပြပါ မြေနှင့်အိမ်သည် ပိုင်ရှင်မိဘများကွယ်လွန်သည့်အခါ သမီး ဒေါ်အေးအေးသန်းသာလျှင် ဆက်ခံပိုင်ဆိုင်ကြောင်း သာမန်ဥပဒေနားလည်သူပင် သိရှိပါသည်။ သို့ဖြစ်၍ ဦးအောင်သန်းနှင့် တရားလွှတ်တော်ရှေ့နေ ဦးသောင်းလှိုင်ဦးတို့၏ သတင်းစာကြေညာချက်ကို ယနေ့မှ(၁၄)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန်နှင့် လိုက်နာခြင်းမရှိလျှင် ဒေါ်အေးအေးသန်းမှ ပြန်လည်အရေးယူဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း အသိပေး၍ အများသိစေရန်ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်အေးအေးသန်း၏ညွှန်ကြားချက်ဖြင့်-

ဒေါ်သဲယုဆွေ(စဥ်-၁၁၄၁၇)LL.B,D.B.L
ဒေါ်မရန်ဂျာဆိုင်း(စဥ်-၂၉၆၀၅)LL.B,D.B.L,D.I.L
အထက်တန်းရှေ့နေများ

ဦးဝင်းငွေ LL.B,D.B.L,D.M.L
တရားလွှတ်တော်ရှေ့နေ(စဥ်-၃၈၉၃)

အမှတ်-၅၆၁၊ ပထမထပ်၊ MAC Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ကားစာရွက်စာတမ်းနှင့် ဦးမျိုးမြင့် မှတ်ပုံတင်၊ အမျိုးသမီးမှတ်ပုံတင်ပါသော ဖိုင်တစ်ခု ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးအပ်ပါရန် ကြေညာအပ်ပါသည်။

ဖုန်း-၀၉ ၅၁၁၃၉၄၃၊ ၀၉၄၂၀၃၀၅၅၁၅
အမှတ် ၄၈၈၊ ကမ်းနားလမ်း၊ ၁၅လမ်းနှင့် ရွှေတောင်တန်းလမ်းကြား၊ လွင်လျှပ်စစ်ဆိုင်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ကျေးဇူးဆပ်ပါမည်

ဦးလှရွှေ၏သတ်ော်သားလုပ်သက်မှတ်တမ်းစာအုပ်အမှတ် - ကွေး ၅၁/၇၆သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉၄၂၀၁၉၀၆၉၄

ကျေးဇူးဆပ်ပါမည်

ဦးအောင်ဆန်းဦး၏ သတ်ော်သားလုပ်သက်မှတ်တမ်းစာအုပ်အမှတ် မန်း-၉၉/၂၄သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၄၂၀၂၉၁၀၀၀

ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာရေခေါ် ဆိုခြင်း

အမှတ် (၇၂)၊ရေတာရှည်လမ်းဟောင်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့ နေ

သမားတော်ဦးတိုးကြီး + ဒေါ်သန်းသန်း

သား–မောင်အောင်တိုးဦး ၊ မောင်တိုးဝင်းမြတ် ၊ သမီး–မနိုးနိုးမြင့်တိုး ၊ မအေးမြင့်မြတ်တိုး

ရွှေဗဒေသာပြည်လုံးချမ်းသာစေးတိုက် မိသားစုမှ

အိန္ဒိယနိုင်ငံ ၊ကိုးလိကတ္တားမြို့၊ဗောဓိသုခပရဟိတမြန်မာကျောင်းဆရာတော် ဒေါက်တာနန္ဒာဘာသဦးစီးဆောက်လုပ်လျက်ရှိသောဂယာမြို့ ရှိမဟာဗောဓိပရဟိတ မြန်မာကျောင်းတိုက်ကြီး၏ ပထမဦးဆုံးဗောဓိရုက္ခမူလ(၅)ထပ်ကျောင်းဆောင်ကြီး ဆောက်လုပ်ရာတွင် ၁၅ ပေ × ၁၉ ပေအကျယ်အခန်း (၂) ခန်းအတွက်လှူဒါန်းငွေ အမေရိကန်ဒေါ်လာ (၁၄၀၀၀) တိတိကိုလှူဒါန်းပါဝင်သောကြောင့်ဝမ်းမြောက် ဝမ်းသာစွာဖြင့် သာရေခေါ် ဆိုအပ်ပါသည်။

ခေတ်ရွှေဆောင်

ကျော့သောင်း၊ရနောင်း၊ ချင်းပြည်နယ်၊တာချီလိတ်

[illegible]

ဦးကျော်မြင့် - 09 449250191 , 01-710082 , 09 5073545

ကျေးဇူးဆပ်ပါမည်

ဦးအေးကို၏ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ်အမှတ်-ရန်-၂၀၀၅/၀၈ သည်ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၄၃၁၃၄၀၉၆

FAME **HerbalFresh®**

Mental refreshment

စိတ်ကြည်လင်ဆေး

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

TMR 011255 (1114)

FAME **HerbalSleep®**

Herbal sedative

သဘာဝအိပ်ဆေး

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

TMR 011150 (1114)



GI Group EXPRESS ဂျီအိုင်အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး

2+1

၄၅ယောက်စီးနှင့် ၂၇ယောက်စီး(2+1)အတူကားများပြေးဆွဲနေပါပြီ...

GI Group EXPRESS

ရန်ကုန် – Ph; 09-73626666, 09-73787777, 09-43158777, 09-421012002.
Ph; 09-421012000, 09-73234107.

မန္တလေး – Ph; 02-61881, 09-47113333, 09-43011188. Ph; 09-73205777, 09-402592092.
GIStore – Ph; 09-73221800, 09-43337788.

Ph; 02-77727, 09-91005555, 09-43146567, 09-402534455. Ph; 09-6800880.

မုံရွာ – Ph; 09-2010757, 09-6808988, 09-47104777, 09-47110038, 09-445108051.

ပညာမြင်းမိုရ်၏ စည်းကမ်း၊ပညာ၊အစဥ်အလာကို စုံစမ်းပြီးမှ အပ်နှံပါ။ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ် ကက-၁၃/၀၉/၀၁၆

ပညာမြင်းမိုရ်

ပုဂ္ဂလိကအထက်တန်းကျောင်းနှင့် ကျောင်းသား/သူသီးသန့်အဆင့်မြင့်ဘော်ဒါ

၅-တန်းမှ ၁၀-တန်းအထိ
၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ကြိုတင်လက်ခံပါပြီ။

❖ ကျောင်းကြီးတက်ရန်မလို၊ကျူရှင်ထပ်တက်ရန်မလိုတစ်နေရာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း
❖ နေ့တက်သင်တန်းဘော်ဒါကြိုက်နှစ်သက်ရာ ရွေးချယ်အပ်နှံနိုင်ပါသည်။
❖ နေ့တက်သင်တန်းအား လစဥ်ကြေးဖြင့် လက်ခံပေးပါသည်။
❖ လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မယ်။



တန်းခွဲသစ် မေလဆန်းစမည်။

အမှတ်(၃၈/၄၁)၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph : 09 73004720, 09 5001158, 09 5002947, 01-562830

KKH TAW WIN CENTRE

တော်ဝင်စင်တာ မြန်မာ့နှစ်သစ်ကူးကာလ သင်္ကြန်အကြို အထူးဈေးရောင်းပွဲတော်

TAW WIN CENTRE HAPPY MYANMAR NEWYEAR (THINGYAN FESTIVAL) & SPECIAL PROMOTION DISCOUNT

APRIL 9th/10th/11th/12th



တော်ဝင်စင်တာတွင် မြန်မာ့နှစ်သစ်ကူးကာလ သင်္ကြန်အကြို အထူးဈေးရောင်းပွဲတော်၌ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများကို ဆိုင်ခန်းများဖွင့်လှစ်ရောင်းချ၍ တော်ဝင်စင်တာ မျက်နှာစာရှေ့(ကားပါကင်) နေရာတွင် ပျော်ပြေရေးအစီအစဥ်များ ၊ (၁၂.၄.၂၀၁၃) မွန်းလွဲ (၁း၀၀) နာရီအချိန်တွင် တော်ဝင်စင်တာ၌ ရှေးရင်းအေးစတူဒီယာ ကျေးဇူးမွေးညှင်းခံခြင်းများနှင့်အတူ စည်ကားသိုက်မြိုက်စွာဖြင့် (၄)ရက်တိုင်တိုင် ကျင်းပပြုလုပ်သွားပါမည်။ ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူများ တော်ဝင်စင်တာ ပထမထပ် Promotion & Customer Service Counter တွင် လာရောက်စုံစမ်းစာရင်းပေးသွင်းနိုင်ပါသည်။

အမှတ်(၄၅) ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၈၆၀၀၁၁၁ လိုင်းခွဲ–၂၂၂၂/၀၉–၄၂၁၀၈၀၉၂၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၀/၁၂) ၄ လွှာ၊ (အလယ်ခန်း)ကို မူလတိုက်ခန်းပိုင်ရှင်ထံမှ အဆက်ဆက်ဝယ်ယူပြီး ၎င်းတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းသည်ဟု ဝန်ခံကတိပြုသူ ဦးထွန်းကြည်[၁၂/ကမတ(နိုင်)၀၃၅၀၀၄]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

